ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ (25-1-2004) (၄၁၂၆)

ဗာဟုသစ္စ
တေံ မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်၌ တည်ဆောက်လျက်ရှိသော ချောင်းမနက်ရေလှောင်တမံတွင် အချောသပ်လုပ်ငန်းများအား ယန္တရားကြီးများဖြင့် ဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၁၈ရက်က တွေ့ရစဉ်။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ဘားလားနှင့် ဆင်ပုံဒေသ နွေစပါးစိုက်ပျိုးထားရှိမှုနှင့် ငမိုးရိပ်ချောင်း ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့သို့ သွားရောက်၍ နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ခရေပင်လမ်းအား မင်္ဂလာဒုံဥယျာဉ်မြို့တော်ကိုဖြတ်၍ အမှတ်(၇) မြို့ပတ်လမ်းမကြီးအထိ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် လမ်းပေါ်ရှိ ဆင်ဖုံတံတား

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✡

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ချောင်းမနက် ရေလှောင်တမံ ဖွင့်တော့မည်

သတင်းဆောင်းပါး
ကျော်စိန်

ဓာတ်ပုံ
အောင်မိုး

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ချက် ၁၂ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည့်အနက် စီးပွားရေးဦးတည်ချက်လေးရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်တစ်ရပ် ပါရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး တိုးတက်လာစေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ် စူးစမ်းလေ့လာလျက်ရှိပြီး ရေလှောင်တမံ စီမံကိန်းများကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ရေလှောင်တမံစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အချို့နေရာဒေသများတွင် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် လယ်ယာသီးနှံတိုးတက်စိုက်ပျိုးရေးအပြင် ကျေးလက်ဒေသ သောက်သုံးရေ ဖူလုံရေးအတွက်ကိုပါ တွဲဖက်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်သည် စိုက်ပျိုးရေးအတွက်သာမက သောက်သုံးရေလည်း လုံလောက်မှုမရှိဘဲ ရှားပါးခဲ့သည်။ သောက်သုံးရေအတွက် ကန်ရေကို အားထား၍ သောက်သုံးနေရသည့် ဒေသဖြစ်ပြီး

စာမျက်နှာ ၂ ကော်လံ ၃ သို့ ▲

ချောင်းမနက်ရေလှောင်တမံ ရေပိုလွှဲ

သိုလှောင်နိုင်သော ရေပမာဏထက်ကျော်လွန်သည့် ရေများကို ရေလှောင်တမံအတွင်းမှ ထုတ်ပေးမည့် ချောင်းမနက်ရေလှောင်တမံ၏ ရေပိုလွှဲကို ဇန်နဝါရီ ၁၈ရက်က တွေ့ရစဉ်။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၁-၂၀၀၄
(တနင်္ဂနွေနေ့)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက် သစ်တောစိုက်ခင်းများ စနစ်တကျတည်ထောင်

မြန်မာနိုင်ငံသည် သဘာဝတောတောင် ရေမြေအလှအပများဖြင့် ပြည့်စုံသော နိုင်ငံဖြစ်သည်။ သဘာဝအမွေအနှစ်များဖြစ်သည့် သစ်တော၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေများဖြင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သည့် အစဉ်အလာသည် ကာလရှည်လျားစွာကပင် တည်ရှိခဲ့သည်။ မြန်မာနိုင်ငံသားတို့၏ သဘာဝပတ်ဝန်းကျင်အား ချစ်မြတ်နိုးမှုကို မြို့ပြနှင့် ကျေးလက်ဒေသများရှိ စိမ်းလန်းစိုပြည်နေသည့် ရှုခင်းမြင်ကွင်းများက အထောက်အထားအဖြစ် ဖော်ပြနေပေသည်။

နိုင်ငံတော်က သဘာဝအခြေအနေများကြောင့် တောတောင်မပျက်စီးစေရန် ကြိုတင်ကာကွယ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သစ်တောသယံဇာတ ထိန်းသိမ်းရေး လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ၁၃ ခရိုင်တွင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များ စနစ်တကျ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ သစ်တောအဆင့်အတန်း တိုးတက်ရှင်သန်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံအပူပိုင်းဒေသများဖြစ်သည့် မုံရွာ၊ စစ်ကိုင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူး၊ မကွေး၊ သရက်၊ ဂန့်ဂေါ၊ ညောင်ဦး၊ ကျောက်ဆည်နှင့် ရွှေဘိုခရိုင်များတွင် စိမ်းလန်းစိုပြည်သော သစ်တောများကို တွေ့မြင်နေရပြီဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာနက သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများ ပျိုးထောင်ခြင်းများ လုပ်ကိုင်လျက်ရှိရာ ယခုအခါ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောဧက ၃၅ ဒသမ ၀၅ သန်း၊ သဘာဝနယ်မြေဖွဲ့စည်းမှု ဧက ၃ ဒသမ ၃၆ သန်းအထိ ရှိလာပြီဖြစ်သည်။

သစ်တောစိုက်ခင်းများကို စနစ်တကျတည်ထောင် လုပ်ကိုင်လျက်ရှိသဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ ၁၉၉၈-၉၉ ဘဏ္ဍာနှစ်မှ ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်အတွင်း အထူးကျွန်းစိုက်ခင်းများ အပါအဝင် သစ်တောစိုက်ခင်းဧက တစ်သန်း တစ်သိန်းနီးပါးရှိကြောင်း သိရသည်။

သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ရက်နေ့က သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးက လုပ်ငန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရေး၊ ပြည်ပပို့ကုန် လျာထားချက်ပြည့်မီရေး၊ စိုက်ခင်းများတည်ထောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖြိုးခြံရွှေတာရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ရေးလုပ်ငန်းစဉ်များကို မှာကြားခဲ့သည်။

သစ်တောရေးရာကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားငွေ ရှာဖွေပေးလျက်ရှိသော ကဏ္ဍတစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသယံဇာတများသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိရာ ယင်းသဘာဝ သယံဇာတများကို အကျိုးရှိရှိ ထုတ်လုပ်အသုံးပြုကြသကဲ့သို့ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ကြရန်လည်း လိုအပ်သည်။

သို့ဖြစ်ရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများက သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်နှင့် ကျွန်းအထူးစိုက်ခင်းနှင့် အခြားသစ်တောစိုက်ခင်းမျိုးစုံ တည်ထောင်ခြင်း၊ သစ်တောများ ရေရှည်တည်တံ့စေရေး စနစ်တကျ ထိန်းသိမ်းအသုံးပြုခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေထိန်းမျှော်စင်

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားပြီဖြစ်သော ချောင်းမနက် ရေလှောင်တမံ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အောင်မိုး)

▲ စိုက်ပျိုးရေမှ

ရေကန်များမှာလည်း သောက်သုံးရေ မလုံလောက်၍ ဒေသခံပြည်သူများမှာ ရွှေကိုမလို ရေကိုသာလိုသည်ဆိုသည့်အတိုင်း ရေရရှိရေးကို တောင့်တနေကြရသော ဒေသဖြစ်သည်။

တံတားဦးမြို့နယ်သည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် လက်မ ၂၀ခန့်သာ ရွာသွန်းသဖြင့် မိုးရာသီ၌ပင် စိုက်ပျိုးရေ အလုံအလောက်မရရှိဘဲ နွေရာသီတွင် စိုက်ပျိုးရေအခက်အခဲ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် ဆည်မြောင်းဦးစီးဌာနသည် အသေးစိတ်စူးစမ်းလေ့လာတိုင်းတာမှုများပြုလုပ်၍ မန္တလေးတိုင်း ကျောက်ဆည် ခရိုင် တံတားဦးမြို့နယ်တွင် ကျောက်တန်းရွာအထက်ဘက်ကပ်လျက် ချောင်းမနက်ချောင်းပေါ်၌ ရေလှောင်တမံ စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ချောင်းမနက် ရေလှောင်တမံကို ၂၀၀၃ခုနှစ် ဩဂုတ်လတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဇန်နဝါရီလတွင် ခြောက်လအတွင်း အပြီးတည်ဆောက်နိုင်ခဲ့သည်။ ချောင်းမနက် ရေလှောင်တမံသည် အလျားပေ ၆၁၀၀၊ အမြင့်ပေ ၅၀ ရှိပြီး ရေပမာဏ ဧကပေ ၈၈၄၀ ကို သိုလှောင်နိုင်မည်ဖြစ်သည်။

ချောင်းမနက် ရေလှောင်တမံမှာ မြေသားဖြင့် တည်ဆောက်သောရေလှောင်တမံဖြစ်၍ တံတားဦးမြို့နယ် ပြူကန်ရွာအနီး မိုးနဲခြုံချောင်းပေါ်၌ တည်ဆောက်ထားသော ပြူကန်သို့ ရေကူပေးနိုင်ရန်အတွက် စီမံခဲ့ခြင်းဖြစ်သည်။ ပြူကန်မှာ ၁၉၅၉/၆၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့၍ လက်ရှိရေသောက်ဧရိယာဧက ၃၈၀၀ ကိုရေကူပေးမည့်အပြင် ဧရိယာသစ်ဧက ၁၀၀၀ ခန့်ကို ဆည်ရေပေးနိုင်မည်ဖြစ်သည်။

ချောင်းမနက်ရေလှောင်တမံစီမံကိန်းအရ ရေဆင်းဧရိယာမှာ ၃၄ စတုရန်းမိုင်ရှိမည်ဖြစ်ပြီး ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၆၆၆ ဧကပေ ရှိမည်ဖြစ်သည်။ ချောင်းမနက် ရေလှောင်တမံ၏ ကန်ရေသေ ရေလှောင်ပမာဏမှာ ဧက ပေ ၂၂၈၀ ရှိမည်ဖြစ်သည်။ ရေထုတ်ပြွန်အရွယ်အစားမှာ အချင်းသုံးပေရှိသော သံကူကွန်ကရစ်ပိုက်ဖြင့် ဆောက်လုပ်ထားပြီး ရေထုတ်ပြွန်၏ အလျားမှာ ပေ ၁၁၀ ရှိ၍ ရေထုတ်ပြွန် ရေထုစီးနှုန်းသည် ၅၀ ကုဗပေ/စက္ကန့် ဖြစ်သည်။

ရေလှောင်တမံ တည်ဆောက်လျက်ရှိသော ဦးစီးအရာရှိ ဦးကြည်ပြုံးနှင့် ဦးစိုးတင့်တို့၏ ပြောကြားချက်အရ ချောင်းမနက်ချောင်းသည် မိုးအခါတွင် ရေစီးအား ကောင်းမွန်ခြင်းကြောင့် လာမည့် ၂၀၀၄-၂၀၀၅ခုနှစ် မိုးရာသီတွင် လိုအပ်သော ရေဧကကို တစ်နှစ်တည်းနှင့် ပြည့်မည်ဟု သိရသည်။ သတ်မှတ်ထားသော ရေလှောင်ပမာဏ ဧကပေ ၈၈၄၀ ကိုကျော်၍ ဝင်လာသော ရေများကို ရေပိုလွှဲမှထုတ်နိုင်ရန် ရေပိုလွှဲကိုလည်း တည်ဆောက်ပြီးစီးလျက်ရှိသည်ကို တွေ့ရသည်။

ချောင်းမနက် ရေလှောင်တမံ၏ အကျယ်မှာ ပေ ၁၀၀ ရှိ၍ အလျားမှာ ပေ ၂၉၀၀ ရှိမည်ဖြစ်သည်။ ရေပိုလွှဲမှ ရေများထုတ်ရာ၌ ရေပိုလွှဲ အမြင့်ဆုံး ရေထုစီးနှုန်းသည် ၆၅၃၅ ကုဗပေ/စက္ကန့်ရှိအောင် ပုံစံထုတ်လုပ် တည်ဆောက်ထားသည်။

တံတားဦးမြို့နယ်မှာ မိုးခေါင်ရေရှားဒေသဖြစ်ပြီး ဒေသနှင့် လိုက်လျောညီသော သစ်ပင်များကို စိုက်ပျိုး၍ မြေဆီလွှာထိန်းသိမ်းခဲ့သည်။ သို့ရာတွင် သစ်ပင်များကို မဆင်မခြင်ခုတ်ယူခြင်းကြောင့် တောပြုန်းကာ မြေဆီလွှာများ မထိန်းနိုင်သဖြင့် ပြူကန်အတွင်း နုန်းများ စီးဝင်ခြင်းကြောင့် ရေလှောင်နိုင်အား လျော့ခဲ့သည်။ ထို့ကြောင့် ချောင်းမနက်မှရေကူပေး၍ ရေသွင်းပေးနိုင်ရန် ဆည်ပေါင်ကို ငါးပေမြင့်တင် တည်ဆောက်ကြရမည် ဖြစ်သည်။

ချောင်းမနက်ရေလှောင်တမံစီမံကိန်း တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တံတားဦးမြို့နယ်အတွင်းရှိ ပြူကန်၏လက်ရှိရေသောက်ဧရိယာဧက ၃၈၀၀ခန့်ကို စိုက်ပျိုးရေ အလုံအလောက်ရရှိစေနိုင်ခြင်း၊ ဆည်ရေသောက်ဧရိယာအသစ် ဧက ၁၀၀၀ ခန့်ကို တိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်ခြင်း၊ ကျေးရွာလူထုနှင့်ကျွဲနွား၊ တိရစ္ဆာန်များ သောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်မည်ဖြစ်ခြင်းတို့ကြောင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး ကဏ္ဍများသာမက ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်ပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

ချောင်းမနက် ရေလှောင်တမံကို နိုင်ငံတော်က ငွေကျပ် ၃၆၃ သန်းခန့် အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ပြီး မကြာမီ ဖွင့်လှစ်မည်ဟု သိရသည်။ (ကြေးမုံ)

ဒါတွေကို သိဖို့လိုတယ်

✻ မြှောက်တိုင်းလည်း မမြှောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

မြန်မာ့ရိုးရာ မုန့်ရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာ့ရိုးရာ မုန့်ရောင်းပွဲတော်ကို ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက်များတွင် နေ့စဉ်နံနက် ၇နာရီခွဲမှ ၁၀နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မုန့်ရောင်းပွဲတော်တွင် ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက မြန်မာ့မုန့်မျိုးစုံကို ရောင်းချမည်ဖြစ်ပြီး မြန်မာတေးဂီတများဖြင့် ဖျော်ဖြေမည်ဖြစ်သည်။ မုန့်ရောင်းပွဲတော်တွင် ပါဝင်ဆင်နွှဲလိုသူများ အနေဖြင့် ဖုန်း-၆၆၇၀၂၃ နှင့် ၃၇၀၅၀၈တို့သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

အီရတ်ရွေးကောက်ပွဲနှင့် တည်ငြိမ်ရေး အမေရိကန်တို့ပြောဆိုမှု အနှစ်သာရမရှိ
ဖော်လူဂျာမြို့မှ အီရတ်အရပ်သားနှစ်ဦး ပစ်သတ်ခံရမှုတွင် မျက်မြင်တစ်ဦး ပြောဆို

ဖော်လူဂျာ(အီရတ်) ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံမှ မတည်မငြိမ်ဖြစ်နေသော ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အရပ်သားနှစ်ဦးအား ပစ်သတ်ခဲ့ပြီးနောက် ဖြစ်ပေါ်ခဲ့သည့် ကျည်ဆန်ရာများနှင့် ကျိုးပဲ့အက်ကွဲနေသည့် မှန်စမှန်နများကို ကြည့်ရှုလေ့လာနေကြသည့် အီရတ်နိုင်ငံသား အများအပြားသည် အမေရိကန်တို့အနေဖြင့် အာဏာလွှဲပေးအပ်ရန် ဆန္ဒရှိသလော၊ သို့တည်းမဟုတ် အများမြင်ကောင်းအောင် ဆောင်ရွက်နေခြင်းလောဆိုသည်ကို မေးခွန်းထုတ်လာကြသည်။

အနှစ်မရှိ

အမေရိကန်တို့၏ ရွေးကောက်ပွဲနှင့် အီရတ် တည်ငြိမ်ရေးအတွက် ပြောဆိုမှုများ အားလုံးသည် အနှစ်သာရမရှိကြောင်း အမေရိကန် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အပျက်အစီးများကို ကြည့်ရှုနေသည့် ဖော်လူဂျာမြို့ခံတစ်ဦးဖြစ်သူ မူဘာ အလီက ပြောကြားသည်။

ကြာသပတေးနေ့ အစောပိုင်းတွင် ကားအရောင်းအဝယ်လုပ်သည့်နေရာမှ လုံခြုံရေးအစောင့်တစ်ဦးနှင့် ၁၇နှစ်သားအရွယ်သားဖြစ်သူတို့သည် ဆူဆူညံညံအသံများကို ကြားလိုက်ရသဖြင့် လမ်းမကြီးတစ်လျှောက် မောင်းနှင်လာသည့် အမေရိကန် ဟမ်ဗီးစစ်ကားများကိုကြည့်ရန်၎င်းတို့၏ အခန်းကျဉ်းလေးထဲမှ ထွက်လာကြသည်။ အမေရိကန်စစ်ကားများ ကျော်သွားချိန်တွင် သားအဖနှစ်ဦးက ခင်ဗျားတို့ ဘယ်သူတွေလဲဟုအော်ပြောကြောင်း လုံခြုံရေးအစောင့်တစ်ဦးဖြစ်သူ မိုဟာမက်ဂျက်ဆမ်ကပြန်ပြောပြသည်။ ၎င်းသည် သားအဖနှစ်ဦးဘေးတွင် သေနတ်ဖြင့် ပစ်ခတ်ခံရပြီးလက်မောင်းတွင် ဒဏ်ရာရခဲ့သည်။

အမေရိကန်တို့ စစ်ကားပေါ်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်များ၏အသံကိုလည်း ကြားရကြောင်း ဂျက်ဆင်က ပြောကြားသည်။

ပြောကြား

လုံခြုံရေးအစောင့်များသည် အပြင်သို့ထွက်ရပ်ကြည့်နေစဉ် အမေရိကန် တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ပစ်ခတ်

ဇန်နဝါရီ ၂၂ရက်က အီရတ်နိုင်ငံရာမာဒီမြို့၌ အမေရိကန်တို့ပစ်ခတ်မှုကြောင့် လေကာမှန်ကို ကျည်ဆန်မှန်ထားသည့် ယာဉ်တစ်စီးကို မြင်တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာကူဘာမြို့အနီးတပ်စခန်း စိန်ပြောင်းဖြင့် ပစ်ခတ်ခံရ
အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံအလယ်ပိုင်းရှိ မငြိမ်မသက်ဖြစ်နေသည့် ဘာကူဘာမြို့အနီးရှိ အမေရိကန် စစ်အခြေစိုက်စခန်းတစ်ခုအား စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာကကြာသပတေးနေ့တွင် ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ညနေက ဘာကူဘာမြို့အနီးရှိ တပ်စခန်းတစ်ခုအား စိန်ပြောင်းများဖြင့် ပစ်ခတ်ခံရရာ အမေရိကန် အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိကြောင်း အမှတ်(၄) ခြေလျင်တပ်မမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗိုလ်မှူးဂျိုစလင်းအဘာလီက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုတွင် ဒုံးကျည်များဖြင့် ပစ်ခတ်မှုလည်း ပါဝင်ရာ အမေရိကန်တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာပြင်းထန်စွာရသည့်တပ်ဖွဲ့ဝင်မှာလည်း အခြေအနေတည်ငြိမ်မှု ရှိလာကြောင်းအဘာလီက ပြောကြားသည်။

မည်သည့်နေရာမှ ပစ်ခတ်သည်ကို မိမိသိရှိကြောင်းနှင့် ယင်းနေရာကို အမြောက်များဖြင့် တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း၊သို့ရာတွင် အီရတ်တွန်းလှန်သူ မည်မျှသေဆုံးသည်ကိုမူ မသိရကြောင်း ၎င်းက ပြောကြားသည်။

မကြာသေးမီလများအတွင်းဘဂ္ဂဒက် မြောက်ဘက်မိုင် ၄၀ ခန့်အကွာ ဘာကူဘာမြို့ တစ်ဝိုက်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ အဆောက်အအုံများအား အီရတ်ခုခံတွန်းလှန်သူများက ထပ်ကာတလဲလဲ တိုက်ခိုက်လုပ်လျက်ရှိသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အမေရိကန်တပ်စခန်းသို့ သန့်ရှင်းရေးလုပ်ကိုင်ရန်အသွား
ဖော်လူဂျာမြို့အနီး၌ အီရတ်အမျိုးသမီးလေးဦး ပစ်သတ်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုတွင် သန့်ရှင်းရေးဝန်ထမ်းများအဖြစ် အလုပ်လုပ်ရန် ဗုဒ္ဓဟူးနေ့ညနေပိုင်းက ကားဖြင့် လိုက်ပါလာသူ အီရတ်အမျိုးသမီးလေးဦး ပစ်သတ်ခံရမှုက အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သည့် သို့မဟုတ် ယင်းတပ်ဖွဲ့များက အလုပ်ခန့်အပ်သည့် အီရတ်နိုင်ငံသားများအား တိုက်ခိုက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ တိုးပွားစေသည်။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီးတွင် ဖြစ်ပွားသည့် ယင်းဖြစ်ရပ်တွင် သေနတ်သမားများသည် အလုပ်သွားသည့် အမျိုးသမီးကိုးဦးကို တင်ဆောင်လာသော ဗင်ကားနောက်မှလိုက်လာပြီး ပစ်ခတ်သွားခြင်းဖြစ်သည်။

အင်အားပြင်းထန်

အီရတ်နိုင်ငံသားအများအပြား အလုပ်ဝင်ရောက်ချိန်တွင် ဘဂ္ဂဒက်ရှိ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ဌာနချုပ် ဂိတ်အပေါက်ဝ အပြင်ဘက်၌ အင်အားပြင်းထန်သည့်ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သုံးရက်အကြာတွင် အဆိုပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဘဂ္ဂဒက်မြို့ ကားဗုံးပေါက်ကွဲမှုတွင် လူ ၃၁ ဦးသေဆုံးပြီး ၁၂၀ ဒဏ်ရာရရှိခဲ့သည်။

ဗုဒ္ဓဟူးနေ့ကဖြစ်ပွားသည့် တိုက်ခိုက်မှုတွင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ အီရတ်ရဲတပ်ဖွဲ့နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များအား လအတန်ကြာအကြမ်းဖက်တိုက်ခိုက်မှု ပြန်လည်ပေါ်ပေါက်လာပြီးနောက် တိုက်ခိုက်သူများက အီရတ်အမျိုးသမီးများအား ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထားတိုက်ခိုက်ပုံရသည်။

လွန်ခဲ့သည့်နှစ်ရက်အတွင်း လက်နက်ကိုင်တိုက်ခိုက်မှုများတွင် အနည်းဆုံးအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း အမေရိကန်နှင့် အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ကြာသပတေးနေ့စောစောပိုင်းကလည်း စပိန်စစ်ရဲအရာရှိ တစ်ဦးသည် အီရတ်နိုင်ငံတောင်ပိုင်းရှိ ဂါနီယာမြို့အနီးတွင် အီရတ်ခုခံတွန်းလှန်သူများအား နှိမ်နင်းရေးစစ်ဆင်မှုတွင် ကားအတွင်း၌ထိုင်နေစဉ် ဦးခေါင်းကို သေနတ်ဖြင့်ပစ်ခတ်ခံရသဖြင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း စပိန်အာဏာပိုင်များက ပြောကြားသည်။ ***အင်တာနက်။***

ကမ္ဘာ့စီးပွားရေးဖိုရမ်
ဆွစ်ဇာလန်၌ကျင်းပ

ဒါဗို (ဆွစ်ဇာလန်) ဇန်နဝါရီ ၂၃

ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ဆွစ်ဇာလန်နိုင်ငံ ဒါဗိုမြို့တွင် စတင်ကျင်းပလျက်ရှိရာ အီရတ်အရေးကိစ္စကိုလည်း အကြောင်းအရာတစ်ရပ်အဖြစ်ထည့်သွင်း ဆွေးနွေးခဲ့ကြောင်းသိရသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက အီရတ်နိုင်ငံ၏ အနာဂတ်လုံခြုံရေးနှင့်ပတ်သက်ပြီး၎င်းတို့၏ပါတီစွဲမရှိသည့်တပ်ဖွဲ့နှင့်လက်နက်ကိုင်တပ်ဖွဲ့များ၏ စောင့်ရှောက်မှုလိုအပ်ကြောင်း၊ အကယ်၍ အီရတ်အစိုးရကလည်း တောင်းခံပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုမည်ဆိုလျှင် နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့ထားရှိမည်ဖြစ်ကြောင်း၊ ဗြိတိန်တပ်ဖွဲ့ဝင်များကလည်းအဆိုပါလုပ်ငန်းတွင် ပါဝင်မည်ဖြစ်ကြောင်း ဂျက်စထရောကပြောကြားခဲ့သည်။ ***စီအင်န်အင်န်။***

စောင့်ကြပ်

ဇန်နဝါရီ ၂၃ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အချုပ်အခြာအာဏာလွှဲပေးရေး အမေရိကန်၏ အစီအစဉ်ကို ကန့်ကွက်
အီရတ်အရေး၌ ကုလသမဂ္ဂ ပြန်လည် ပါဝင်လာရေး အီရတ်ပြည်သူများ မျှော်လင့်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံ ရှီးယားခေါင်းဆောင် အယာတိုလာ စစ္စတာနီအနေဖြင့် တိုက်ရိုက် ရွေးကောက်ပွဲကျင်းပရေး တောင်းဆိုချက်နှင့် ပတ်သက်ပြီး ကုလသမဂ္ဂက မဖြစ်နိုင်ကြောင်း ပြောဆိုရာမှ ၎င်း၏တောင်းဆိုချက်ကို အလျှော့ပေးဖွယ်ရှိကြောင်း ရှီးယားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အနောက်တိုင်း တာဝန်ရှိသူများက ကုလသမဂ္ဂ၏ ထောက်ခံချက်အတိုင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကလည်း လိုက်နာဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ ဇူလိုင် ၁ ရက်တွင် အမေရိကန်တို့၏ ကျူးကျော်မှုကို အဆုံးသတ်စေမည့် အီရတ် ကြားဖြတ်အစိုးရအဖွဲ့ထံသို့ အီရတ် အချုပ်အခြာအာဏာလွှဲအပ်ရေးတွင် အမေရိကန်တို့ ကျင့်သုံးမည့် အစီအစဉ်ကို စစ္စတာနီက ကန့်ကွက်နေသည့်အတွက် အဆိုပါ အစီအစဉ်သည် အခက်တွေ့နေရသည်။ အီရတ်အရေးကိစ္စနှင့် ပတ်သက်ပြီး ကုလသမဂ္ဂကို ခေတ္တဘေးဖယ်ထားရာမှ အဆိုပါ အခက်အခဲကို ဖြေရှင်းရန် အမေရိကန်တို့က ကုလသမဂ္ဂ ပြန်လည်ပါဝင်လာစေရေး လိုလားလျက် ရှိသကဲ့သို့ အီရတ်ပြည်သူများကလည်း မျှော်လင့်လျက်ရှိသည်။ ကုလသမဂ္ဂကသာ အီရတ်ပြည်သူများ၏ လိုလားချက်နှင့် တောင်းဆိုချက်ကို ဖြည့်ဆည်းနိုင်မည် ဖြစ်ကြောင်း၊ အမေရိကန်တို့ကို မပေးအပ်ခဲ့သည့် ၎င်းတို့၏ ယုံကြည်မှုကို ကုလသမဂ္ဂအဖွဲ့ကြီး၏ စွမ်းဆောင်နိုင်မှုနှင့်ရိုးဖြောင့်မှုတို့အပေါ် ပေးအပ်နိုင်ကြောင်း အီရတ်တို့က ပြောကြားခဲ့သည်။

ဩဂုတ် ၁၉ ရက် ဗုံးကွဲမှုဖြစ်ပွားပြီးနောက်ပိုင်း အီရတ်မှ ကုလသမဂ္ဂအဖွဲ့ ထွက်ခွာသွားပြီး နောက်ပိုင်း ကလေးများ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၊ ဘာသာစကား သင်ကြားမှုလုပ်ငန်း၊ ရေနှင့် ရေဆိုးသန့်စင်မှု လုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများ ရပ်ဆိုင်းသွားပြီး တိုးတက်မှုတစ်စုံ တစ်ရာမျှ မရရှိခဲ့ကြောင်း သိရသည်။ ***အင်တာနက်။***

ဒေါက်တာဒေးဗစ်ကယ်လီ သတ်သေသည့်အမှု အစီရင်ခံစာ မကြာမီ ထုတ်ပြန်မည်

လန်ဒန် ဇန်နဝါရီ ၂၃

ဗြိတိသျှ လက်နက်စစ်ဆေးရေးမှူးဟောင်း ဒေါက်တာဒေးဗစ်ကယ်လီ မကွယ်လွန်မီက ဘီဘီစီအသံလွှင့်ဌာနမှ သတင်းထောက်နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခု ပြုလုပ်ခဲ့ရာ ဆက်ဒမ်ဟူစိန်အနေဖြင့် ၎င်း၏ အဖျက်စွမ်းအားကြီးမားသည့် လက်နက်များကို အသုံးချရန် ရက်ပေါင်းများစွာ၊ သီတင်းပတ်ပေါင်းများစွာ အချိန်ယူရဦးမည်ဖြစ်သည်ဟု ဒေါက်တာကယ်လီက ပြောကြားခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံ၏ အစွမ်းထက် လက်နက်များကိစ္စကို ဗြိတိသျှ အစိုးရက ပုံကြီးချဲ့သည်ဆိုသော စွပ်စွဲ ပြောကြားမှုသည် ဒေါက်တာကယ်လီ ကြောင့်ဆိုသည့် ပြောဆိုချက် ထွက်ပေါ်လာပြီး နောက်ပိုင်းတွင် ဒေါက်တာကယ်လီသည် သူ့ကိုယ်သူ သတ်သေသွားခြင်းဖြစ်သည်။

ထုတ်လွှင့်ခဲ့

ဒေါက်တာကယ်လီ ယခုကဲ့သို့ သေဆုံးခဲ့ရခြင်းသည် မည်သူ့တွင် တာဝန်ရှိသည် ဆိုသည်ကို တရားသူကြီး လော့ဒ်ဟတ်တန်က ထည့်သွင်းစဉ်းစားလိမ့်မည်ဟု ယူဆရကြောင်း၊ အမှုနှင့် ပတ်သက်သည့် အစီရင်ခံစာကို လာမည့် သီတင်းပတ်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ၎င်းအမှုကိစ္စနှင့် ပတ်သက်သည့် မှတ်တမ်းတစ်ခုကို ဘီဘီစီ၏ ပါနိုရာမာ အစီအစဉ်မှ ယမန်နေ့က ထုတ်လွှင့်ခဲ့ကြောင်းသိရသည်။

ဝေဖန်ပြောကြားခြင်းမရှိ

ယင်းသို့ထုတ်လွှင့်ရာတွင် ဗြိတိသျှ အစိုးရနှင့် ဘီဘီစီတို့ မသင့်မြတ်သည့် အကြောင်းရင်းကို ဖော်ပြခဲ့သည်။ သို့ရာတွင် ထုတ်လွှင့်ရေးမှူးက ဘီဘီစီကိုရော၊ အစိုးရဘက်ကိုပါ တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိကြောင်း သိရသည်။

ယင်းမှတ်တမ်းကို ပြသရာတွင် ဒေါက်တာကယ်လီနှင့်ဘီဘီစီ သတင်းထောက် တွေ့ဆုံမေးမြန်းခန်း ပြကွက်များကို ပြသသွားသည်။

ဖြေဆို

ဒေါက်တာကယ်လီ သတ်သေသည့် အမှုအခင်းနှင့် ပတ်သက်သောတရားရုံး အစီရင်ခံစာကိုလာမည့် သီတင်းပတ်တွင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ အစီရင်ခံစာတွင် ထိမိသော မေးခွန်းအနည်းငယ်မျှသာ ထည့်သွင်း ဖြေဆိုထားကြောင်း တရားရေးဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားလျက်ရှိသည်။

ရှောင်ရှား

အထူးသဖြင့် ဗြိတိသျှအစိုးရက အီရတ်စစ်ပွဲတွင် ပါဝင်ခဲ့သည့်ကိစ္စ မေးမြန်းဖြေကြားရေးကို ရှောင်ရှားထားသည်ဟု တရားရေးဆိုင်ရာ ဝေဖန်သူများက ပြောကြား လျက်ရှိကြောင်း စီအင်န်အင်န်သတင်း ဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

အမေရိကန်နှင့် အပေါင်းပါများကို ကူညီသူများအား တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် အမေရိကန်နှင့် အပေါင်းပါတို့အား ကူညီဆောင်ရွက်ပေးသည့် အီရတ်လူထုအပေါ် ပစ်မှတ်ထားပြီး လှည့်ကာ တိုက်ခိုက်နေသည်ဟု အီရတ်နိုင်ငံရှိ အမေရိကန်စစ်ဘက်ဆိုင်ရာတို့က ပြောကြားခဲ့သည်။

ထိုသို့ ကူညီဆောင်ရွက်ပေးသည့်သူများကို အကြမ်းဖက်ရန် ရည်ရွယ်လာခြင်းဖြစ်ကြောင်းလည်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

ယင်းအတောအတွင်း ဘဂ္ဂဒက်မြို့ အနောက်ဘက် ဖော်လူဂျာမြို့တွင် အမေရိကန်စစ်စခန်းမှာ သန့်ရှင်းရေးလုပ်သားအဖြစ် ဆောင်ရွက်နေသူ အီရတ်အမျိုးသမီးလေးဦး သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း အင်အိပ်ချ်ကေ သတင်းဌာနက ဖော်ပြသည်။ ***အင်အိပ်ချ်ကေ။***

ကင်းလှည့်စောင့်ကြပ်

ဇန်နဝါရီ ၂၂ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဆာမာရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၂၃ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်မြောက်ပိုင်း ဆာမာရာမြို့တွင် အမေရိကန် ဟမ်းဗီးစစ်ကားတစ်စီး ကင်းလှည့်စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံသို့ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်လျှင် လွတ်လွတ်လပ်လပ် ဆောင်ရွက်ရန် ကိုဖီအာနန် အလေးထား

ဘာဒင်-ဘာဒင်(ဂျာမနီ) ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံတွင် အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးအတွက် ရွေးကောက်ပွဲများကို အလျင်အမြန် ကျင်းပနိုင်၊ မကျင်းပနိုင်ကို လေ့လာသုံးသပ်ရန် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကို အီရတ်နိုင်ငံသို့ စေလွှတ်လျှင် ယင်းကိုယ်စားလှယ်အဖွဲ့၏ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်မှုနှင့် ကြားနေမှုတို့ကို မိမိ အလေးအနက်ထား ပြောကြားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့အား အီရတ်သို့ စေလွှတ်ရန် အမေရိကန်နှင့် အီရတ်နိုင်ငံတို့၏ မေတ္တာရပ်ခံချက်ကို ထောက်ခံရေးအတွက် စဉ်းစားသုံးသပ်စရာ အချက်များရှိကြောင်း ဂျာမနီနိုင်ငံ အပန်းဖြေမြို့ ဘာဒင်-ဘာဒင်တွင် ဂျာမန်မီဒီယာဆုတံဆိပ် လက်ခံပြီးနောက် အာနန်က ပြောကြားသည်။

အကယ်၍ အီရတ်အရေးတွင် ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်ပေးရလျှင် မိမိတို့၏ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်မှုနှင့် ကြားနေမှုရှိရေးကိုလည်းကောင်း၊ နှစ်ဖက်စလုံးက မိမိတို့ ဆုံးဖြတ်ချက်ကို လက်ခံရေးကိုလည်းကောင်း တနင်္လာနေ့က အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များ၊ အီရတ်အုပ်ချုပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဆွေးနွေးရာတွင် မိမိက ရှင်းလင်းပြတ်သားစွာ ပြောကြားခဲ့ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အေအာဒီ ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

တိမ်းညွတ်နေ

အီရတ်နိုင်ငံသားများထံသို့ အာဏာလွှဲပြောင်းပေးရန် အကောင်းဆုံးနည်းလမ်းနှင့် ပတ်သက်၍ အမေရိကန်နှင့် အီရတ်ထိပ်တန်း ရှီးယားခေါင်းဆောင်တစ်ဦးတို့အကြား အငြင်းပွားမှုကို ကူညီဖြေရှင်းရန် အီရတ်နိုင်ငံသို့ ကုလသမဂ္ဂကျွမ်းကျင်သူများ စေလွှတ်ရေးကို မိမိ တိမ်းညွတ်နေကြောင်း အာနန်က တနင်္လာနေ့တွင် အရိပ်အမြွက် ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂ ဌာနချုပ်တွင် ဗုံးနှစ်ကြိမ်ပေါက်ကွဲပြီးနောက် နိုင်ငံခြားသား ကုလသမဂ္ဂ ဝန်ထမ်းအားလုံးကို အောက်တိုဘာလတွင် အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့သည်။ ***အင်တာနက်။***

ဇန်နဝါရီ ၂၃ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အီရတ်အရပ်သား တစ်ဦးကို ဆေးရုံသို့ ခေါ်ဆောင်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့တွင် တိုက်ခိုက်မှုများဖြစ်ပွား ၂၄ နာရီအတွင်း ကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ မြောက်ဘက်တွင် ကြာသပတေးနေ့က ချုံခိုတိုက်ခိုက်ခံရသဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးခဲ့ရာ သီးခြားစီဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် ၂၄ နာရီအတွင်း အီရတ်နိုင်ငံသားခုနစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရသည်။

ကားတစ်စီးအတွင်းမှ အမည်မသိရသည့် တိုက်ခိုက်ရေးသမားများက ကင်းလှည့်ထွက်လာသည့် ရဲကားတစ်စီးကို ပစ်ခတ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့ ဗိုလ်ကြီးဝါလစ်အစ္စမေးလ်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။ ယင်းပစ်ခတ်မှုတွင် ယာဉ်တန်းဖြင့် လိုက်ပါလာသည့် အခြားရဲတပ်ဖွဲ့ဝင်သုံးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အပြင် အီရတ်အရပ်သားတစ်ဦးလည်း ၎င်း၏ကားကို ထိမှန်သဖြင့်သေဆုံးခဲ့ရကြောင်း၊ တိုက်ခိုက်သူများမှာ ထွက်ပြေးသွားကြကြောင်း ၎င်းက ပြောကြားသည်။

ယင်းဖြစ်ရပ်မှာ ဖော်လူဂျာမြို့ မြောက်ဘက် ကီလိုမီတာ ၃၀ အကွာတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ဖော်လူဂျာမြို့သည် အမေရိကန်ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့များကို တိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်နေသည့် မြို့တစ်မြို့ဖြစ်သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

ကင်းလှည့်စောင့်ကြပ်

ဇန်နဝါရီ ၂၂ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဆာမာရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒေါက်တာဒေးဗစ်ကယ်လီ သတ်သေသည့်အမှု အစီရင်ခံစာ မကြာမီ ထုတ်ပြန်မည်

လန်ဒန် ဇန်နဝါရီ ၂၃

ဗြိတိသျှ လက်နက်စစ်ဆေးရေးမှူးဟောင်း ဒေါက်တာဒေးဗစ်ကယ်လီ မကွယ်လွန်မီက ဘီဘီစီအသံလွှင့်ဌာနမှ သတင်းထောက်နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခု ပြုလုပ်ခဲ့ရာ ဆက်ဒမ်ဟူစိန်အနေဖြင့် ၎င်း၏ အဖျက်စွမ်းအားကြီးမားသည့် လက်နက်များကို အသုံးချရန် ရက်ပေါင်းများစွာ၊ သီတင်းပတ်ပေါင်းများစွာ အချိန်ယူရဦးမည်ဖြစ်သည်ဟု ဒေါက်တာကယ်လီက ပြောကြားခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံ၏ အစွမ်းထက် လက်နက်များကိစ္စကို ဗြိတိသျှ အစိုးရက ပုံကြီးချဲ့သည်ဆိုသော စွပ်စွဲ ပြောကြားမှုသည် ဒေါက်တာကယ်လီကြောင့်ဆိုသည့် ပြောဆိုချက် ထွက်ပေါ်လာပြီး နောက်ပိုင်းတွင် ဒေါက်တာကယ်လီသည် သူ့ကိုယ်သူ သတ်သေသွားခြင်းဖြစ်သည်။

ထုတ်လွှင့်ခဲ့

ဒေါက်တာကယ်လီ ယခုကဲ့သို့ သေဆုံးခဲ့ရခြင်းသည် မည်သူ့တွင် တာဝန်ရှိသည် ဆိုသည်ကို တရားသူကြီး လော့ဒ်ဟတ်တန်က ထည့်သွင်း စဉ်းစားလိမ့်မည်ဟု ယူဆရကြောင်း၊ အမှုနှင့် ပတ်သက်သည့် အစီရင်ခံစာကို လာမည့် သီတင်းပတ်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ၎င်းအမှုကိစ္စနှင့် ပတ်သက်သည့် မှတ်တမ်းတစ်ခုကို ဘီဘီစီ၏ ပါနိုရာမာ အစီအစဉ်မှ ယမန်နေ့က ထုတ်လွှင့်ခဲ့ကြောင်းသိရသည်။

ဝေဖန်ပြောကြားခြင်းမရှိ

ယင်းသို့ထုတ်လွှင့်ရာတွင် ဗြိတိသျှ အစိုးရနှင့် ဘီဘီစီတို့ မသင့်မြတ်သည့် အကြောင်းရင်းကို ဖော်ပြခဲ့သည်။ သို့ရာတွင် ထုတ်လွှင့်ရေးမှူးက ဘီဘီစီကိုရော၊ အစိုးရဘက်ကိုပါ တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိကြောင်း သိရသည်။

ယင်းမှတ်တမ်းကို ပြသရာတွင် ဒေါက်တာကယ်လီနှင့်ဘီဘီစီ သတင်းထောက် တွေ့ဆုံမေးမြန်းခန်း ပြကွက်များကို ပြသသွားသည်။

ဖြေဆို

ဒေါက်တာကယ်လီ သတ်သေသည့် အမှုအခင်းနှင့် ပတ်သက်သောတရားရုံး အစီရင်ခံစာကိုလာမည့် သီတင်းပတ်တွင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ အစီရင်ခံစာတွင် ထိမိသော မေးခွန်းအနည်းငယ်မျှသာ ထည့်သွင်း ဖြေဆိုထားကြောင်း တရားရေးဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားလျက်ရှိသည်။

ရှောင်ရှား

အထူးသဖြင့် ဗြိတိသျှအစိုးရက အီရတ်စစ်ပွဲတွင် ပါဝင်ခဲ့သည့်ကိစ္စ မေးမြန်းဖြေကြားရေးကို ရှောင်ရှားထားသည်ဟု တရားရေးဆိုင်ရာ ဝေဖန်သူများက ပြောကြား လျက်ရှိကြောင်း စီအင်န်အင်န်သတင်း ဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

အမေရိကန်နှင့် အပေါင်းပါများကို ကူညီသူများအား တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် အမေရိကန်နှင့် အပေါင်းပါတို့အား ကူညီဆောင်ရွက်ပေးသည့် အီရတ်လူထုအပေါ် ပစ်မှတ်ပြောင်းလိုက်ကာ တိုက်ခိုက်နေသည်ဟု အီရတ်နိုင်ငံရှိ အမေရိကန်စစ်ဘက်ဆိုင်ရာတို့က ပြောကြားခဲ့သည်။

ထိုသို့ ကူညီဆောင်ရွက်ပေးသည့်သူများကို အကြမ်းဖက်ရန် ရည်ရွယ်လာခြင်းဖြစ်ကြောင်းလည်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

ယင်းအတောအတွင်း ဘဂ္ဂဒက်မြို့ အနောက်ဘက် ဖော်လူဂျာမြို့တွင် အမေရိကန်စစ်စခန်းမှာ သန့်ရှင်းရေးလုပ်သားအဖြစ် ဆောင်ရွက်နေသူ အီရတ်အမျိုးသမီးလေးဦး သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း အင်အိပ်ချ်ကေ သတင်းဌာနက ဖော်ပြသည်။ ***အင်အိပ်ချ်ကေ။***

ဇန်နဝါရီ ၂၃ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်မြောက်ပိုင်း ဆာမာရာမြို့တွင် အမေရိကန် ဟမ်းဗီးစစ်ကားတစ်စီး ကင်းလှည့်စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့တွင် တိုက်ခိုက်မှုများဖြစ်ပွား ၂၄ နာရီအတွင်း ကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ မြောက်ဘက်တွင် ကြာသပတေးနေ့က ချုံခိုတိုက်ခိုက်ခံရသဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးခဲ့ရာ သီးခြားစီဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် ၂၄နာရီအတွင်း အီရတ်နိုင်ငံသားခုနစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရသည်။

ကားတစ်စီးအတွင်းမှ အမည်မသိရသည့် တိုက်ခိုက်ရေးသမားများက ကင်းလှည့်ထွက်လာသည့် ရဲကားတစ်စီးကို ပစ်ခတ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့ ဗိုလ်ကြီးဝါလစ်အစ္စမေးလ်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။ ယင်းပစ်ခတ်မှုတွင် ယာဉ်တန်းဖြင့် လိုက်ပါလာသည့် အခြားရဲတပ်ဖွဲ့ဝင်သုံးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အပြင် အီရတ်အရပ်သားတစ်ဦးလည်း ၎င်း၏ကားကို ထိမှန်သဖြင့်သေဆုံးခဲ့ရကြောင်း၊ တိုက်ခိုက်သူများမှာ ထွက်ပြေးသွားကြကြောင်း ၎င်းက ပြောကြားသည်။

ယင်းဖြစ်ရပ်မှာ ဖော်လူဂျာမြို့ မြောက်ဘက် ကီလိုမီတာ ၃၀ အကွာတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ဖော်လူဂျာမြို့သည် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များကို တိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်နေသည့် မြို့တစ်မြို့ဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံသို့ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်လျှင် လွတ်လွတ်လပ်လပ် ဆောင်ရွက်ရန် ကိုဖီအာနန် အလေးထား

ဘာဒင်-ဘာဒင်(ဂျာမနီ) ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံတွင် အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးအတွက် ရွေးကောက်ပွဲများကို အလျင်အမြန် ကျင်းပနိုင်၊ မကျင်းပနိုင်ကို လေ့လာသုံးသပ်ရန် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကို အီရတ်နိုင်ငံသို့ စေလွှတ်လျှင် ယင်းကိုယ်စားလှယ်အဖွဲ့၏ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်မှုနှင့် ကြားနေမှုတို့ကို မိမိ အလေးအနက်ထား ပြောကြားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့အား အီရတ်သို့ စေလွှတ်ရန် အမေရိကန်နှင့် အီရတ်နိုင်ငံတို့၏ မေတ္တာရပ်ခံချက်ကို ထောက်ခံရေးအတွက် စဉ်းစား သုံးသပ်စရာ အချက်များရှိကြောင်း ဂျာမနီနိုင်ငံ အပန်းဖြေမြို့ ဘာဒင်-ဘာဒင်တွင် ဂျာမန်မီဒီယာဆုတံဆိပ် လက်ခံပြီးနောက် အာနန်က ပြောကြားသည်။

အကယ်၍ အီရတ်အရေးတွင် ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်ပေးရလျှင် မိမိတို့၏ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်မှုနှင့် ကြားနေမှုရှိရေးကိုလည်းကောင်း၊ နှစ်ဖက်စလုံးက မိမိတို့ ဆုံးဖြတ်ချက်ကို လက်ခံရေးကိုလည်းကောင်း တနင်္လာနေ့က အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များ၊ အီရတ်အုပ်ချုပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဆွေးနွေးရာတွင် မိမိက ရှင်းလင်းပြတ်သားစွာ ပြောကြားခဲ့ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အေအာဒီ ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ဇန်နဝါရီ ၂၃ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အီရတ်အရပ်သား တစ်ဦးကို ဆေးရုံသို့ ခေါ်ဆောင်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိမ်းညွတ်နေ

အီရတ်နိုင်ငံသားများထံသို့ အာဏာ လွှဲပြောင်းပေးရန် အကောင်းဆုံး နည်းလမ်းနှင့် ပတ်သက်၍ အမေရိကန်နှင့် အီရတ်ထိပ်တန်း ရှီးယား ခေါင်းဆောင်တစ်ဦးတို့အကြား အငြင်းပွားမှုကို ကူညီဖြေရှင်းရန် အီရတ်နိုင်ငံသို့ ကုလသမဂ္ဂကျွမ်းကျင်သူများ စေလွှတ်ရေးကို မိမိ တိမ်းညွတ်နေကြောင်း အာနန်က တနင်္လာနေ့တွင် အရိပ်အမြွက် ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂ ဌာနချုပ်တွင် ဗုံးနှစ်ကြိမ် ပေါက်ကွဲပြီးနောက် နိုင်ငံခြားသား ကုလသမဂ္ဂ ဝန်ထမ်းအားလုံးကို အောက်တိုဘာလတွင် အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့သည်။ ***အင်တာနက်။***

အင်္ဂါဂြိုဟ်၌ ကြီးမားသော လျှိုကြီးများတွေ့ရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၃

ဥရောပ အာကာသအေဂျင်စီက လွှတ်တင်ထားသည့် မားစ်အိပ်စပရက်စ်မှ ပေးပို့သည့် ဓာတ်ပုံများအရ အင်္ဂါဂြိုလ်၏ ဘူမိသမိုင်းကြောင်းကို လေ့လာနိုင်တော့မည်ဖြစ်ပါသည်။

ဒီဇင်ဘာ ၂၅ ရက်ကစတင်ပြီး မားစ်အိပ်စပရက်စ်သည် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ကို ဓာတ်ပုံရိုက်ကူး ပေးပို့ခဲ့ရာ ကမ္ဘာပေါ်ရှိ လျှိုချောက်ကြီးများကဲ့သို့ အင်္ဂါဂြိုဟ် မျက်နှာပြင်တွင်လည်း ကြီးမားသည့် လျှိုကြီးများကို တွေ့မြင်ရသည်။

စီအက်ဖ်အိုင်။

အီရတ်၌ ဗြိတိန်စစ်ရဲများ အသတ်ခံရမှု စုံစမ်းစစ်ဆေးပေးရန် ကာကွယ်ရေးဝန်ကြီးအားတောင်းဆို

လန်ဒန် ဇန်နဝါရီ ၂၃

အီရတ်တွင် လူအုပ်ဖြင့်ဝိုင်းပြီး အသတ်ခံခဲ့ရသူ ဗြိတိန်စစ်ရဲခြောက်ဦးအနက်တစ်ဦး၏ အစ်ကိုဖြစ်သူက အဆိုပါအသတ်ခံရမှုကို လူသိရှင်ကြား စုံစမ်းပေးရေးအမိန့်ထုတ်ရန် ပြဿနာပတ်လည်ဝိုင်းနေသော ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်းအား စာဒကတက်လိုက်သည်။

ဤသည်မှာ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဂျက်ဖ်ဟွန်း၏ အခွင့်အရေးပင်ဖြစ်ကြောင်း အီရတ်၌ သေဆုံးခဲ့သည့် ဆိုင်မွန်အလက်ဇန္ဒာဟာမီလ်ဇန်ဂျူးဝဲ၏ အစ်ကို တိုနီဟာမီလ်ဇန်ဂျူးဝဲက ကာကွယ်ရေး ဝန်ကြီးဌာန အရာရှိများနှင့် တွေ့ဆုံအပြီးတွင် ပြောကြားလိုက်သည်။

ယင်းကိစ္စကို ပြည့်ပြည့်စုံစုံ စုံစမ်းစစ်ဆေးပေးခြင်းဖြင့်သာ သေဆုံးသူများ၏ ကျန်ရစ်သူ မိသားစုဝင်များအား ချွေးသိပ်နိုင်စေလိမ့်မည်ဟုလည်း ၎င်းကပြောကြားလိုက်သည်။ ကျန်ရစ်သူမိသားစုများသည် ထိုအမှု လူသိရှင်ကြား စုံစမ်းစစ်ဆေးပေးရေး တောင်းဆိုရန် ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်းအား ဖေဖော်ဝါရီ ၅ ရက်တွင် တွေ့ဆုံကြမည်ဖြစ်သည်။

သို့သော် ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်းသည် အီရတ်တွင်ဖြန့်ကြက်သည့် ဗြိတိန်တပ်ဖွဲ့ဝင်များအတွက် စစ်ဝတ်ပစ္စည်းများ လုံလောက်အောင် မပေးမှု၊ အီရတ်ဆိုင်ရာ ထောက်လှမ်းရေး သတင်းအချက်များ ဘီဘီစီသို့ ပေါက်ကြားမှုတွင် တရားခံမှာ လက်နက်ပါရဂူ ဒေးဗစ်ကယ်လီဖြစ်သည်ဆိုသော ဖော်ထုတ်မှုတို့ကြောင့် အပြင်းအထန် ဝေဖန်ခံနေရသူဖြစ်သည်။

ဒေးဗစ်ကယ်လီမှာ လွန်ခဲ့သည့်နှစ် ဇူလိုင်လက ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသဖြင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲမှာ ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ယနေ့ထိ ကြုံတွေ့သမျှသော အကျပ်အတည်းများတွင် အဆိုးဝါးဆုံးအဖြစ် ရင်ဆိုင်နေရသည်။

ဗြိတိန်စစ်ရဲ ဆိုင်မွန်အလက်စန္ဒာဟာမီလ်ဇန်ဂျူးဝဲ (၄၁)နှစ်သည် အီရတ်နိုင်ငံတောင်ပိုင်း အယ်မာဂျာအယ်ဘာတွင် လွန်ခဲ့သည့်နှစ် ဇွန်လအတွင်းက အခြားသော ဗြိတိန်စစ်ရဲ ငါးဦးနှင့်အတူ အသတ်ခံခဲ့ရသည်။

အင်တာနက်။

အီရတ်နိုင်ငံတွင် စပိန်ရဲ အကြီးအကဲတစ်ဦး သေနတ်ပစ်ခံရ

မဒရစ် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံတွင် အီရတ်ခုခံတွန်းလှန်သူများအား နှိမ်နင်းရေးစစ်ဆင်မှုတွင် သေနတ်သမားများက စပိန် မြို့ပြကာကွယ်ရေး အစောင့်တပ်ဖွဲ့မှ လုံခြုံရေးအကြီးအကဲတစ်ဦး၏ ဦးခေါင်းကို ကြာသပတေးနေ့က ပစ်ခတ်ခဲ့ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံရှိ စပိန်တပ်ဖွဲ့အတွက် လုံခြုံရေးအကြီးအကဲ ဂွန်ဇာလို ပီရက်စ်ဂါစီယာအား ကြာသပတေးနေ့ စောစောပိုင်းက ဘဂ္ဂဒက်မြို့တော် တောင်ဘက် ၁၁၂ မိုင်အကွာ ဒီဂါနီယာမြို့အနီးတွင် အီရတ်ခုခံတွန်းလှန်ရေးသမားများအား နှိမ်နင်းရေးစစ်ဆင်မှုဆင်နွှဲစဉ် ကားတစ်စီးအတွင်းမှနေ၍ ပစ်ခတ်သွားခြင်းဖြစ်သည်။ ကျည်ဆန်မှာ ၎င်း၏ ဦးခေါင်းထဲရောက်သွားရာ အခြေအနေမှာ အလွန်ဆိုးရွားကြောင်း စပိန်ကာကွယ်ရေးဝန်ကြီး ဖီဒီရီကိုထရီလိုက သတင်းထောက်များအား ပြောကြားသည်။

အီရတ်ရဲအရာရှိ တစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသော်လည်း အသေးစိတ်မပါရှိပေ။ အသက် (၄၂) နှစ်အရွယ် ပီရက်စ်ဂါစီယာကို ဘဂ္ဂဒက်မြို့ရှိ အမေရိကန် ဆေးရုံတစ်ရုံသို့ ရဟတ်ယာဉ်ဖြင့်ခေါ်ဆောင်ပြီး ၎င်းအား အာရုံကြောခွဲစိတ်ကို ဆရာဝန်များက ကုသလျက်ရှိသည်။

အမ်အင်အေ/ရိုက်တာ။

အီရတ်နိုင်ငံတွင် မကြာသေးမီက ခုခံတိုက်ခိုက်မှုများ ဖြစ်ပွားရာ နေရာများနှင့် သေဆုံးဒဏ်ရာရမှုပြ မြေပုံ။

(ဓာတ်ပုံ-အင်တာနက်)

ဆက်ဒမ်ဘက်မှ ခုခံချေပရန် အာရပ်ရှေ့နေများ ကော်မတီဖွဲ့မည်

အမ္မန် ဇန်နဝါရီ ၂၃

အာရပ်ရှေ့နေအချို့သည် အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်ဘက်မှ ခုခံကာကွယ်ရန် အာရပ် နိုင်ငံတကာကော်မတီကို ဖွဲ့စည်းတော့မည်ဖြစ်ကြောင်းနှင့် ဆက်ဒမ်အား ပြန်လည်လွှတ်ပေးရန် တောင်းဆိုကြကြောင်း ဂျော်ဒန် ရှေ့နေများသမဂ္ဂအကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ ကြာသပတေးနေ့က ပြောကြားသည်။

ရှေ့နေများနှင့် မိသားစုဝင်များနှင့် တွေ့ဆုံနိုင်စေရေးအတွက် ဆက်ဒမ်အား ပြန်လွှတ်ပေးရန် သို့မဟုတ်ပါက ကြားနိုင်ငံတစ်နိုင်ငံသို့ ပို့ပေးရန် အဆိုပါကော်မတီက အမေရိကန်အား တိုက်တွန်းမည်ဖြစ်ကြောင်း ဂျော်ဒန် ရှေ့နေများသမဂ္ဂ အကြီးအကဲ ဟူစိန် မာဂျယ်လီက ပြောကြားသည်။

ရုံးတင်စစ်ဆေး

အာရပ်ကမ္ဘာနှင့် အခြားနိုင်ငံများမှ ဥပဒေကျွမ်းကျင်သူ အများအပြားသည် အဆိုပါကော်မတီတွင် ပါဝင်ရန် သဘောတူညီကြကြောင်း၊ အကြောင်းမှာ ဆက်ဒမ်အား ရုံးတင်စစ်ဆေးမှုသည် နိုင်ငံတကာဥပဒေအရ တရားမဝင်သောကြောင့် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာရပ်ရှေ့နေများ၏ သဘောထားမှာ အီရတ်နိုင်ငံအား အမေရိကန်တို့ သိမ်းပိုက်မှုသည် တရားမဝင်ကြောင်း၊ ထို့ကြောင့် ယင်းသို့ သိမ်းပိုက်မှုကို အခြေခံသည့် မည်သည့် လုပ်ရပ် သို့မဟုတ် ဆုံးဖြတ်ချက်မဆို ပျက်ပြားသင့်သည်ဟူ၍ ဖြစ်ကြောင်း၊ အမေရိကန်နှင့် ဗြိတိန် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း အီရတ်နိုင်ငံ၌ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် ရုံးတင်စစ်ဆေးသင့်ကြောင်း မာဂျယ်လီက ပြောကြားသည်။

ဆက်ဒမ်အား ခုခံကာကွယ်ရေးအတွက် အဆိုပါကော်မတီ၌ ပါဝင်ရန် လက်မှတ်ရေး ထိုးထားသည့် ဂျော်ဒန် ရှေ့နေဦးရေမှာ ၈၀၀ အထိ ရှိသွားပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ/ရိုက်တာ။

မိုဆူးလ်မြို့ ကောင်စီဝင် ပစ်ခတ်ခံရ

မိုဆူးလ် ဇန်နဝါရီ ၂၃

ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် ကီလိုမီတာ ၃၅၀ အကွာ မိုဆူးလ်မြို့တွင် အီရတ် ရဲတပ်ဖွဲ့ဝင်တစ်ဦး လုပ်ကြံခံရသည်။ ထို့ပြင် မြို့တော်ကောင်စီဝင်တစ်ဦးမှာ အသက်ဘေးမှ သီသီကလေးလွတ်မြောက်သွားသော်လည်း ၎င်း၏သက်တော်စောင့်နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။

ရဲတပ်ဖွဲ့ဝင်တစ်ဦးမှာ သူစီးနင်းသည့်ကားကို အမီလိုက်မောင်းလာသောကားမှ သေနတ်သမားက ကားပေါ်မှ ပစ်ခတ်သဖြင့် သေဆုံးသွားရခြင်းဖြစ်ကြောင်း ဗိုလ်ကြီးအဗ္ဗဒူဟာဇင်က ပြောဆိုသည်။

ရဲတပ်ဖွဲ့ဝင်မှာ ဦးခေါင်းတွင် ထိမှန်သည့် သေနတ်ဒဏ်ရာရရှိမှု အပါအဝင် ကျည်ဆန် ၂၅ တောင့် ထိမှန်ခြင်းဖြစ်ကြောင်း၊ ဦးခေါင်းတွင် ထိမှန်၍ သေဆုံးရခြင်းဖြစ်ကြောင်း မိုဆူးလ်ဆေးရုံမှ ဆရာဝန် အာမက်အဗ္ဗဒူလာကပြောဆိုသည်။

ပစ်ခတ်

ထို့ပြင်ထို့ထက်အစောပိုင်း တနင်္လာနေ့ကလည်း မြို့တော်ကောင်စီဝင် ဆက်ဟက်အစ်ဆာမှာ ပစ်ခတ်ခံရသော်လည်း အသက်ဘေးမှ သီသီကလေး လွတ်မြောက်သွားသည်။

အင်တာနက်။

အီရတ်စစ်မြေပြင်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၅၀၅ ဦးရှိသွားပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်မှ ဇန်နဝါရီလ ၂၃ ရက်နေ့အချိန်အထိကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသေဆုံးမှုစာရင်းမှာ ၅၀၅ ဦး ရှိသွားပြီဖြစ်ကြောင်း စစ်ဘက်ထုတ်ပြန်ချက်များအရသိရသည်။ ၃၄၉ ဦးမှာ တိုက်ပွဲများအတွင်း သေဆုံးခြင်းဖြစ်ပြီး ၁၅၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

ထိုကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၅ ဦး၊ အီတလီ ၁၇ ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားငါးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦးအပြင် ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးစီ အသီးသီးအသက်ဆုံးရှုံးခဲ့ကြရပြီးဖြစ်သည်။

မေ ၁ ရက်က အမေရိကန်သမ္မတ ဘုရှ်က အီရတ်၌ တိုက်ပွဲများပြီးဆုံးသွားပြီဟု ကြေညာခဲ့ပြီးနောက်ပိုင်း ဆက်လက်သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၆၇ ဦးရှိသည်။ ၂၃၄ ဦးမှာ ခုခံရေးစစ်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု အေပီသတင်းဌာနက အမေရိကန်စစ်ဘက် ထုတ်ပြန်ချက်များကို ကိုးကား၍ ဖော်ပြသည်။

အင်တာနက်။

လုံခြုံရေးဆောင်ရွက်

ဇန်နဝါရီ ၂၃ ရက်က တီကရစ်မြို့တွင် အမေရိကန် အမှတ်(၄)ခြေလျင်တပ်မမှတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျွဲမင်းကုန်းဘုရား ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၂၄

၁၃၆၅ ခုနှစ် ကျွဲမင်းကုန်းဘုရား ဗုဒ္ဓပူဇနိယပွဲကို တပိုတွဲလဆန်း ၁၃ ရက်မှ ၁၅ ရက်ထိ ကျင်းပပြီး ယမန်နှစ် ရင်ပြင်တော်ကျောက်ပြားနှင့်ကန်ပေါင်ဂဝံမစီရန် ကမ္ပည်းတင်နှင့်အလှူပေါင်းစုံ ရေစက်ချပွဲကို ဖေဖော်ဝါရီ ၄ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ဘုရားရင်ပြင်၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များကြွရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

မြို့ခြံချောတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားအောင် ကာကွယ်တားဆီးရေး

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်က အာရှပစိဖိတ်ဒေသအတွင်း တစ်ကြောပြန်ဖြစ်ပွားလာသည့် ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza) မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများကို မွေးမြူသူများကိုယ်စား မေးမြန်းခဲ့ပါသည်။ အဆိုပါ မေးမြန်းချက်နှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဌာနခွဲ လေ့ကျင့်ရေး၊ ပညာပေးရေး ဌာနစိတ်မှ ဒေါက်တာခင်ဆွေဝင်းက အောက်ပါအတိုင်း ဖြေကြားပေးခဲ့ပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါဟာ ၁၉၉၇ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်နယ်အချို့မှ ဟောင်ကောင်သို့တင်ပို့သော ကြက်များတွင်ပါရှိလာပြီး ရောဂါဖြစ်ပွားမှုကြောင့် လူခြောက်ဦးအသက်ဆုံးရှုံးခဲ့သည်ဟု စတင်သိရှိခဲ့ရပါတယ်။ အဲဒီနောက် ပြင်းထန်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါဟာ ချီလီ၊ ဆီနီဂေါ၊ နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှာ ဖြစ်ပွားခဲ့ပြီး အခုတစ်ခါ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှာ တောင်ကိုရီးယားနိုင်ငံ၌ ဖြစ်ပွားခဲ့တဲ့အတွက် ကြက်ကောင်ရေ ၁၃၇၀၀၀ ခန့်ကို ဖျက်ဆီးခဲ့ပြီး သက်ဆိုင်ရာ အာဏာပိုင်များက အဆိုပါဒေသမှထွက်တဲ့ ကြက်ဥများကိုပင် စားသုံးခွင့်မပြုဘဲ ဖျက်ဆီးစေခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ကမ္ဘောဒီးယားနိုင်ငံ ...

ကမ္ဘာအနှံ့ ရောဂါဖြစ်ပွားမှုနှင့် စပ်လျဉ်းပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့က ဗီယက်နမ်နိုင်ငံ တောင်ဘက်ပိုင်းမှာ ဖြစ်ပွားတဲ့အတွက် ကြက်ကောင်ရေ ၆၀၀၀၀ ခန့် သေကျေပျက်စီးခဲ့ရသလို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှာ ဂျပန်နိုင်ငံရှိ ယာမာကူချီခရိုင် ဥစားကြက်ခြံတစ်ခုမှာ ဒီရောဂါ ဖြစ်ပွားကြောင်း သတင်းထုတ်ပြန်ခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာလဲ ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၄ ခုနှစ် ဇန်နဝါရီလအထိ ကြက်ခြံများမှာ ကြက်အသုတ်လိုက် သေကျေပျက်စီးခဲ့လို့ ထိုင်းနိုင်ငံ တိရစ္ဆာန်ဆေးကုဌာနက ကြက်ငှက်ရောဂါ ဖြစ်ပွားကြောင်း ကြေညာပြီး ရောဂါကို စူးစမ်းနေကြပါတယ်။ ဒီကြက်ငှက်

ကြက်တုပ်ကွေးရောဂါကြောင့် ခြေဆစ်များ သွေးမြည့်ရောင်ရမ်းနေသည်ကို တွေ့မြင်ရစဉ်။

တုပ်ကွေးရောဂါဟာ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းရာမှတစ်ဆင့် တစ်နိုင်ငံမှတစ်နိုင်ငံသို့ ရောဂါကူးစက်ပျံ့နှံ့ ရောက်ရှိလာနိုင်တဲ့အတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်သွင်းရာမှာ လိုအပ်တဲ့ စိစစ်မှုများ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

Avian Influenza လို့ခေါ်တဲ့ တချို့ကလဲ Bird Flu လို့ခေါ်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါဟာ ကြက်ငှက်များမှာဖြစ်ပွားတတ်တဲ့ ဗိုင်းရပ်(စ်) ရောဂါတစ်မျိုးဖြစ်ပြီး ဗိုင်းရပ်(စ်)အမျိုးအစားကွဲပြားမှုပေါ်မူတည်ပြီး HPAI (Highly Pathogenic Avian Infuenza) နှင့် LPAI (Low Pathogenic Avian Infuenza) လို့ နှစ်မျိုးခွဲခြားထားပါတယ်။ ဗိုင်းရပ်(စ်)ပိုးကို H (Haemagglutinin) antigen N (Neuramindase) antigen အမျိုးအစားအလိုက် ခွဲခြားထားရာမှာ H_5 နှင့် H_7 antigen ပါဝင်တဲ့ ဗိုင်းရပ်(စ်)ဟာ လူကိုပါ ကူးစက်နိုင်ပြီး အသက်အန္တရာယ် ဖြစ်စေနိုင်တဲ့အတွက် အထူးအလေးဂရုပြု ကာကွယ်သင့်သော ရောဂါတစ်ရပ်ဖြစ်လာပါတယ်။ ဒီရောဂါဟာ တုပ်ကွေးရောဂါဖြစ်ပွားစေတဲ့ ပိုးအမျိုးအစား သုံးမျိုး A, B, C ရှိတဲ့အနက် ပိုးအမျိုးအစား A ရဲ့ မျိုးခွဲ Subtype ဖြစ်ပါတယ်။



ကြက်တုပ်ကွေးရောဂါဖြစ်၍ မှိုင်ကုပ်နေသည်ကို တွေ့မြင်ရစဉ်။

A အမျိုးအစား ဗိုင်းရပ်(စ်)ပိုးဟာ ကြက်၊ ငှက်၊ ဝက်၊ မြင်းနဲ့ လူသားများမှာ ဖြစ်တတ်ပါတယ်။ B အမျိုးအစားကတော့ လူသားများမှာ ဖြစ်ပွားပြီး ၁၉၁၈ ခုနှစ်က စပိန်နိုင်ငံမှစတင်ဖြစ်ပွားပြီး လူပေါင်း သန်း ၂၀ ကျော် သေဆုံးခဲ့ရပါတယ်။ C အမျိုးအစားကတော့ လူသားများနဲ့ ဝက်တွေမှာ ဖြစ်ပွားတတ်ပေမယ့် ဖြစ်ပွားမှုနည်းပါး ပါတယ်။

ဒေါက်တာခင်ဆွေဝင်း
(မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန)

ယခုအခါ အိမ်နီးချင်းနိုင်ငံများမှ ကြက်ပေါက်များ၊ မျိုးကြက်များ၊ မျိုးကြက်ဥများ တင်သွင်းမှုရှိတဲ့အတွက် မြန်မာနိုင်ငံအတွင်းရှိ မွေးမြူရေးကြက် သယံဇာတများ မဆုံးရှုံးရေး၊ မွေးမြူရေးကြက် သယံဇာတအရင်းအမြစ်များကို ရောဂါကူးစက်ပျံ့နှံ့မှု မရှိရေး၊ ပြည်သူများကို ရောဂါကူးစက်မှု မရှိစေရေး၊ ကျန်းမာရေးသတိအမြဲရှိနေဖို့ လိုအပ်ပါတယ်။ ကျွန်မတို့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်အနေနဲ့ ကြက်၊ ကြက်ဥများမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါ မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရန် ဒေသအာဏာပိုင် အဖွဲ့အစည်းများမှတစ်ဆင့် နယ်စပ်ကုန်သွယ်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန တာဝန်ရှိသူများနဲ့ ညှိနှိုင်း၍လည်းကောင်း၊ အထူးသဖြင့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ဖူးတဲ့ အိမ်နီးချင်းနိုင်ငံများမှ ကြက်သားပေါက်၊ ကြက်ဥတင်သွင်းမှုများအပေါ် အာရုံစိုက် စောင့်ကြပ်လေ့လာ၍လည်းကောင်း၊ ကြိုတင်ကာကွယ်တားဆီးမှု နည်းလမ်း အချက်အလက်များကို ဒေသအလိုက် မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်း၍ ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား မွေးမြူရေး အသိပညာပေး၍ လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နယ်စပ်ဒေသ တိရစ္ဆာန်ရောဂါထိန်းချုပ်စစ်ဆေးရေး စခန်းခွဲများနှင့် ပူးပေါင်းဆောင်ရွက်၍ လည်းကောင်း တိရစ္ဆာန်ကျန်းမာရေးသတိထားရှိ၍ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေး စီမံဆောင်ရွက်သွားကြရန် ပြည်နယ်/တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးများထံ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

ရောဂါဖြစ်ပွားမှုအနေနဲ့ စီးပွားဖြစ်မွေးမြူတဲ့ ဥစား၊ အသားစားကြက်များမှ ကူးစက်ဖြစ်ပွားမှုများတဲ့အတွက် အထူးသတိပြုရမှာ ဖြစ်ပါတယ်။ စီးပွားဖြစ် မွေးမြူသူလုပ်ငန်းရှင်များအနေနဲ့ မိမိကြက်ခြံတွင်းသို့ ကူးစက်ရောဂါများ မဝင်ရောက်နိုင်အောင် ကာကွယ်တားဆီးတဲ့ နည်းတွေအတိုင်း ကာကွယ်ထားဖို့ လိုအပ်ပါတယ်။ ဥပမာ–မိမိခြံအတွင်းသို့ အပြင်လူ လုံးဝမဝင်စေခြင်း၊ ခြံတွင်းမှလူများကို ခြံပြင်သို့မသွားစေခြင်း၊ ကြက်ခြံအသုံးအဆောင်ပစ္စည်းများကို သီးခြားသုံးစွဲခြင်း၊ သန့်ရှင်းသောအစာနှင့် သောက်ရေများ အသုံးပြုခြင်း စသည့်တို့ကို ပြုလုပ်ရပါတယ်။ ကြက်ခြံများအတွက် Biosecurity အရေးကြီးပါတယ်။ ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားသော ကြက်မှ စွန့်ပစ် ကြက်ချေး (Faeces) တစ်ဂရမ်သည် ကြက်ကောင်ရေ တစ်သန်းကျော်အထိ ရောဂါကူးစက်ပျံ့နှံ့စေနိုင်သောကြောင့် တိရစ္ဆာန်ကျန်းမာရေးသတိရှိဖို့ လိုအပ်ပါတယ်။

ကြက်တုပ်ကွေးရောဂါဖြစ်၍ အမောက်နှင့် ပါးပျဉ်းရောင်ရမ်းနေသည်ကို တွေ့မြင်ရစဉ်။

နယ်စပ်ဒေသရှိ ကြက်ခြံများမှာ ကူးစက်နိုင်ဖို့ အခွင့်အလမ်းများတဲ့အတွက် သတိရှိကြဖို့ လိုအပ်ပါတယ်။ နယ်စပ်ဒေသဝင်ထွက်ဂိတ်များမှာ ကြက်များ အသွင်းအထုတ်ပြုလုပ်မယ်ဆိုရင် နယ်စပ်ဒေသတိရစ္ဆာန်ရောဂါ ထိန်းချုပ်စစ်ဆေးရေးစခန်းခွဲများထံမှ ရောဂါကင်းရှင်းကြောင်း ထောက်ခံစာ ရရှိပြီးမှသာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိုင်းရင်းကြက်များကိုတော့ ပေါက်ပန်းဖြူရွက် (Sesbania Grandi Flora)၊ ဘောစကိုင်းရွက်(Leucaena glauca)နှင့် စပါးလင် (cymbopogon Cetratus)တို့ကို ကျွေးပေးခြင်းအားဖြင့် အာဟာရဖြစ်စေရုံမက ရောဂါခံနိုင်စွမ်းအား မြင့်တက်စေနိုင်တဲ့အတွက် ရောဂါကူးစက်ဖြစ်ပွားမှုနည်းပါးစေမှာ ဖြစ်ပါတယ်။ တိုင်းရင်းကြက် မွေးမြူသူများကလဲ တိရစ္ဆာန်ကျန်းမာရေး အစဉ် သတိရှိနေရပါမယ်။

ကြက်သား စားသုံးသူများအတွက်တော့ ရောဂါကူးစက်မှုဖြစ်နိုင်ခြေ နည်းပါးပါတယ်။ များသောအားဖြင့် ကြက်ငှက် တုပ်ကွေးရောဂါဖြစ်တဲ့ ဗိုင်းရပ်(စ်)ဟာ ကြက်များမှတစ်ဆင့် လူသားတွေဆီကို ရောဂါကူးစက်စေနိုင်မှု အခွင့်အလမ်း နည်းပါးပါတယ်။ တရုတ်ပြည်မှာ H_5 N1အမျိုးအစား ဗိုင်းရပ်(စ်) ပြင်းထန်စွာ ဖြစ်ပွားမှုကြောင့်သာ လူသားတွေဆီ ရောဂါကူးစက်ဖြစ်ပွားရတာပါ။ ကျွန်မတို့ မြန်မာလူမျိုးများဟာ မိရိုးဖလာ ဓလေ့ထုံးတမ်း အစဉ်အလာအရ များသောအားဖြင့် ကြက်သားကို ဆီပြန်ဟင်း သို့မဟုတ် ဆီပြန်ရေကျန် ဟင်းမျိုးချက်စားကြတဲ့အတွက် ၅၆ Cမှာ မိနစ် ၃၀ ထားရင် သေစေနိုင်တဲ့ ဗိုင်းရပ်(စ်)ပိုးများမှတစ်ဆင့် ရောဂါမကူးစက် မဖြစ်ပွားနိုင်တော့ဘဲ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာ ချက်ပြုတ်စားသောက်မှုက အကာအကွယ် ပေးသွားတာကို မှတ်သားဖွယ် တွေ့ရှိရပါတယ်။

ဒီရောဂါဟာ ကြက်များမှာ ကူးစက်ဖြစ်ပွားတဲ့အခါ ရောဂါလက္ခဏာ မပြဘဲ သေနှုန်းများပြီး သိပ်မပြင်းထန်ရင်တော့ အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ ထင်ရှားပါတယ်။ ဥနှုန်းနဲ့မျိုး အောင်မြင်မှုနှုန်းအနည်းငယ်ကျခြင်းနဲ့ အာရုံကြောအဖွဲ့အစည်းမှာ ထိခိုက်မှုရှိတာကို တွေ့ရှိနိုင်ပါတယ်။

ဒါ့အပြင်–

- **အစိမ်းရောင်ဝမ်းသွားပြီးနောက် အဖြူရောင်ဝမ်းသွားခြင်း၊**
- **ဦးခေါင်းအမောက်နှင့် ပါးပျဉ်းဖောရောင်ခြင်း၊**
- **ခြေဆစ်များ သွေးပြည့်ရောင်ရမ်းခြင်း၊**
- **သွေးရောင်အရည်များ ပါးစပ်နှင့် နှာခေါင်းမှကျခြင်း**

စသည့်လက္ခဏာတွေကိုလဲ တွေ့ရှိနိုင်ပါတယ်။

ကြက်အမြစ်တွင် ရောဂါဖြစ်ပွား၍ သွေးယိုစိမ့်နေသည်ကို တွေ့မြင်ရစဉ်။

ဒီရောဂါဟာ (OIE) List Aစာရင်းဝင် ရောဂါတစ်ခုလဲဖြစ်တဲ့အတွက် ကျွန်မတို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ကူးသန်းရောင်းဝယ်ခြင်းမှတစ်ဆင့် ကူးစက်ရောဂါများ မဝင်ရောက်စေရေး၊ ပြည်သူများထံ ရောဂါမကူးစက်စေရေးတို့ကို ကြိုတင်ကာကွယ်မှု ဆောင်ရွက်ထားရှိရမှာ ဖြစ်တဲ့အတွက် မွေးမြူသူများအနေနဲ့ Biosecurityလို့ခေါ်တဲ့ ကြက်များအန္တရာယ်ကင်းဝေးရေး လိုက်နာဆောင်ရွက်ကြဖို့ ဖြေကြားပေးလိုက်ရပါတယ်။ ။

လက်ထပ်ပြီးစီးခြင်း

မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ပေပင်ကျောင်းလမ်း၊ အမှတ်(၂၄)နေ ဦးနေဝင်း၊ (လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်မြင့်မြင့်ဦး(ကုန်သွယ်ရေး၊ ငြိမ်း)"ရွှေစင်သန်း"ပွဲရုံတို့၏သား

မောင်ရဲနိုင်ဝင်း B.Sc(Zool.), M.B.A

နှင့်

မုံရွာမြို့၊ သလ္လာမြို့သစ်၊ အနော်ရထာလမ်း၊ အမှတ်(၈၃)နေ ဦးတင်ထွေး(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်ယဉ်မြ (ကျောင်းဆရာမ၊ ငြိမ်း)"အောင်တိုင်းကြံ"စတိုးတို့၏ ဒုတိယသမီး

မအိအိငြိမ်း B.A(Hons.)History

တို့သည် ၂၄–၁–၂၀၀၄(စနေနေ့)တွင် မုံရွာမြို့၌ လက်ထပ်ပြီးစီးပါကြောင်းနှင့် မင်္ဂလာဦးဆွမ်းကျွေးမင်္ဂလာသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောလူကြီးမိဘများနှင့်မောင်ရဲနိုင်ဝင်း–မအိအိငြိမ်း။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် အသုံးမလိုပိုလျှံနေသော အောက်ပါစက်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၁။ မော်တော်ယာဉ် (One Lot)

မာဇဒါဘီ–၆၀၀၊ မော်တော်ယာဉ်(ပစ်ကပ်)	၁ စီး

၂။ ရုံးသုံးစက်ကိရိယာများ (One Lot)

(က) ကွန်ပျူတာ	၁ လုံး
(ခ) လေအေးပေးစက်	၄ လုံး
(ဂ) စာကူးစက်	၁ လုံး
(ဃ) လက်နှိပ်စက်	၆ လုံး

တင်ဒါပိတ်ရက်နှင့်အချိန် – ၂၃–၂–၂၀၀၄(တနင်္လာနေ့)(၁၆:၃၀)နာရီ
တင်ဒါဖွင့်ရက်နှင့်အချိန် – ၂၄–၂–၂၀၀၄(အင်္ဂါနေ့) (၁၀:၃၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ – ၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

တင်ဒါတင်သွင်းလိုသူများသည် တင်ဒါစည်းကမ်းပုံစံများ ဝယ်ယူခြင်းနှင့် ပစ္စည်းကြည့်ရှုခွင့်လက်မှတ် ထုတ်ယူခြင်းတို့ကို (၆–၂–၂၀၀၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း အထက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

စက်ပစ္စည်းအဟောင်းများ
လေလံတင်ရောင်းချရေးအဖွဲ့။
ဖုန်း–၃၇၂၀၀၉။

သုဝဏ္ဏမြို့ဦးစေတီနှင့် ခေတ်ဆီဆိုင်အနီး ရပ်ကွက်(၃၀)နှင့် (၂၉) (တန်ဖိုးနည်း)အတွင်းရှိ မြေကွက်ပိုင်ရှင်များသိသာရန်

(၂၉)နှင့် (၃၀)ရပ်ကွက်အတွင်းတွင် ရေသန့်ရရှိရေးအတွက် စတင်ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါသည်။ ဆောင်ရွက်သောနည်းစနစ်သည် ကနဦးတစ်ကြိမ်တည်းသာ ရေကိုသွယ်တန်းပေးမည်ဖြစ်ပြီး နောင်နှစ်များတွင် ဤအခွင့်အရေးကို လုံးဝမရရှိနိုင်တော့ပါ။ သို့ပါ၍ မြေကွက်ပိုင်ရှင်များအနေဖြင့် ရေသန့် မရမရှိရအောင် အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ၃၁–၁–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန် အသိပေးအပ်ပါသည်။

ဗိုလ်မှူးဗိုလ်စီ ၆၆၊ ပိတောက်မြိုင်လမ်း၊ (၃၀)ရပ်ကွက်၊ ဖုန်း–၅၇၃၅၀၃
ဗိုလ်ကြီးမြင့်စိုး ၁၁၅၊ နှစ်ဆီဖြူလမ်း၊ (၃၀)ရပ်ကွက်၊ ဖုန်း–၅၆၁၉၁၆
ဗိုလ်မှူးထွန်းသိန်း ၃၈၊ နေအောင်လမ်း၊ (၂၉)ရပ်ကွက်၊ ဖုန်း–၅၇၉၉၇၇
ဒေါက်တာသိန်းဝင်း ၁၄၄၊ လုံးသွယ်(၂)လမ်း၊ (၂၉)ရပ်ကွက်၊ ဖုန်း–၅၇၉၀၇၉။

B ပိုး C ပိုးနှင့် HIV+ အတွက်အထူးသည်

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ်(၃/၂၀၀၄)
လေယာဉ်မောင်၊ လေယာဉ်မယ်လူတွေ့စစ်ဆေးရန်ကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူးလျှောက်ထားသူများအနက် ပဏာမ၊ လူတွေ့စစ်ဆေးမှုအောင်မြင်သူများအား အပြီးသတ်စစ်ဆေးခြင်းကို ၂၈–၁–၂၀၀၄ရက်နေ့ (၀၈:၀၀)နာရီမှစတင်စစ်ဆေးမည့်အစား ၂၉–၁–၂၀၀၄ရက်နေ့(၀၈:၀၀)နာရီအချိန်မှ စတင်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့လေကြောင်း။

ချမ်းသာစေအောင်မြင်

မင်္ဂလာ၊ အင်္ဂလိပ်

အမှတ် (107)

ကြေညာချက်

ELITE Engineering Group

ခမ်းနားမြောက်ကြွင်းဂုဏ်ပြုလွှာ

ခေါ်ဆောင်ရန်:
- ဒေါ်ကျင်သန်း
- ကိုနိုင်ဝေ + မခင်ဝင်းဦး
- ကိုည (ကိုညီအတည်ဆိုင်-မင်္ဂလာစျေး) + မိုးမိုး
- ကိုအယ်လေး
- အာကာနိုင်မြင့် + ဥက္ကာမိုးမြင့်

စားကြမယ် ဟေ့ ကောင်းကောင်း

လူမျိုးမရွေး၊ ဘာသာမရွေး၊ စားသုံးနိုင်သော ဈေးနှုန်း ချိုသာသော ယင်းလျှာ အမည်ကောင်းများရရှိနိုင်သော မြိန်ရှက်သော အဆင့်မြင့် မြန်မာထမင်းဆိုင်ကို စမ်းသပ်ပြီး ရန်ကုန်ဘူတာကြီးတွင် ဖွင့်လှစ်လိုက်ပါပြီ ----------

ကိုယ်တိုင်ကြိုက်မသာလျှင် ငွေလည်းမပေးရ

(ဖုန်း–၂၄၉၅၁၈–၂၄၉၅၇၈–၂၅၃၀၁၁)

B.E(Electronic).,M.E(Electronic) တို့ ရပါ ...

All-In-One A+ Computer Hardware Engineering သင်တန်း

Computer Hardware System	Virus Protection & Cradication
Computer Hardware Installation	Data Backup and Recovery
Computer Software Installation	Basic Computer Networking
Computer Maintenance & Upgrading	Internet & E-mail Installation
Computer Troubleshooting & Repairing	DOS, Win 95/98/Me OS

သင်တန်းကြာချိန် : (၃ လ) ထိတိ
သင်တန်းနေ့ရက်များ : စနေ၊ တနင်္ဂနွေ
သင်တန်းအချိန် : နံနက် ၉:၃၀ နာရီ မှ ၁၁:၃၀ နာရီ အထိ
သင်တန်းနေရာ : **TNT Computer Systems**

Phone : 720910, 726194, 09-500-7046, 09-80-20059. Fax : 556384.

"မားစ်နှင့်မားစ်ပါဝါ"ငွေသားကံစမ်းမဲအစီအစဉ်များ !

ဇန်နဝါရီနှင့်ဖေဖော်ဝါရီလများတွင် ဆက်လက်ကံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဂ/၆၄၄၆ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးဇော်သန်းဦး (ကေစီဂျီအင်န် – ၀၁၆၁၂၀)က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်(၃၀)အတွင်း ကညန၊ ခရိုင်ရုံး(သန်လျင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(သန်လျင်)။

OK (အိုကေ)

OK (အိုကေ) အဆင့်မြင့်သန့်စင်ပြီး ပေါ်ဆန်းမွှေးနှင့် ဆန်မျိုးစုံများကို ဝယ်ယူ အားပေးသုံးဆောင်ကြသည့် မိဘပြည်သူများ တစ်နှစ်တာအတွက် ဝမ်းစာထည့်မည်ဆိုရင် အာမခံဖြင့် စီစဉ်ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်မှာကြားရန် –

အိုကေ (OK) ဆန်+ဆီ ရောင်းဝယ်ရေး ဆုရှင်နေ့

TREASURE LIGHT

A/C, Refre; W / Machine Freezer, Water Heater / Cooler ပြုပြင်၊ တပ်ဆင် ဆေးကြောခြင်းများ ဆောင်ရွက်ပါသည်။

ဖုန်း – ၅၀၅၆၁၅၊ ၅၀၅၇၁၃။

ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် သတိပေးကြေညာချက်

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းသည် အောက်ပါ Spirulina နှင့် ပတ်သက်သည့်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် သုံးစွဲသွားရန်အတွက် တစ်ဦးတည်းမူပိုင် မှတ်ပုံတင်ထားရှိခြင်းအား ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ပါအတိုင်း မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

စဉ်	ကုန်ပစ္စည်း	မှတ်ပုံတင်အမှတ်
၁။	Natural Spirulina Powder	၄/၇၀၈၉(၁၂-၁၂-၂၀၀၃)
၂။	စိမ်းပြာရေညှိခြောက် (Spirulina Dry Chip)	၄/၇၀၉၀(၁၂-၁၂-၂၀၀၃)
၃။	စိမ်းပြာရေညှိမှုန့် (Spirulina Spray Dry Powder)	၄/၇၀၉၁(၁၂-၁၂-၂၀၀၃)
၄။	စိမ်းပြာရေညှိမှုန့် (Spirulina Sun Dry Powder)	၄/၇၀၉၂(၁၂-၁၂-၂၀၀၃)
၅။	Natural Spirulina Chips	၄/၇၀၉၃(၁၂-၁၂-၂၀၀၃)

သို့ပါ၍ အထက်ပါ Spirulinaနှင့်ပတ်သက်သည့်ပစ္စည်းများကို တစ်ခုလုံး ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍သော်လည်းကောင်း၊ ဆင့်ပွား ပြုပြင်ပြောင်းလဲ၍သော်လည်းကောင်း၊အတုအပပြုလုပ်၍သောလည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်းသော် လည်းကောင်း ဆောင်ရွက်ခြင်းပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း။

ကျေးဇူးဆပ်ပါမည်

၂၀-၁-၂၀၀၄ ချောင်းဝကျောင်းအနီးတွင်လက်ကိုင်ဖုန်း ၀၉-၅၀-၂၁၈၀၄ ကျပျောက်သွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။

ဖုန်း – ၀၁ – ၆၈၃၄၅၃၊ ၇၂၂၀၃၃၊ ၇၂၀၁၆၉၊ ၀၉–၅၀–၁၉၂၂၅။

အမြန်ပြန်လာပါ

မောင်ရန်မျိုးအောင် သားရဲ့အဖေ ရွှေကျင်တိုက်သစ်သို့ ရောက်နေသည်။ အမြန်ဆက်သွယ်ပါ။ တွေ့ရှိပါက ဖုန်း–၀၁–၅၇၇၇၂၀သို့ အကြောင်းကြားပေးပါ။

ဦးစောဆွေ။

နှစ်နှစ်ပြည့်လွမ်းဆွတ်အမှတ်တရ
ကိုဗညားအေးမိုး(ကိုကြီးညား)

လိမ္မာသိတတ်တဲ့ အချစ်ဆုံးသားကြီး မမျှော်လင့်ဘဲ မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၂၅-၁-၂၀၀၄ရက်တွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပါပြီ။ သားကြီးအားရည်စူး၍ နေ့စဉ်၊ လစဉ်နှင့် နှစ်နှစ်ပြည့်နေ့တွင် လှူဒါန်းရသော ကုသိုလ်ကောင်းမှုအဖို့ဘာဂတို့ကို အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ---။

ဒယ်ဒီ – ဦးခင်မောင်ဝင်း
မာမီ – ဒေါ်မြင့်မြင့်အေး
ညီလတ် – ခွန်ဟန်အေးမိုး
ညီငယ် – ဥက္ကာအေးမိုး

ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ကျော့ကျော့ရဲ့ ချစ်လှစွာသော မောင်လေးဖိုးမဲ ၁၉-၁-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း သိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုအောင်၊ သိုက်၊ မျိုး၊ ကြည်လင်း၊ ဆွေမင်း၊ ပုလဲ၊ ဖြိုး၊ စမ်းမြ၊ နွယ်နွယ်၊ မေမီ၊ နီလာ၊ Zool M II.

ဝမ်းနည်းကြေကွဲခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒု-ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်၏ ဖခင် ဆရာကြီးဦးဘနွယ် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့်အရာထမ်းအမှုထမ်းများ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်။

တိုက်ခန်းငှားမည်

ဗိုလ်တထောင်မြို့နယ်အတွင်း ဈေး၊ ကျောင်း၊ ကားဂိတ်အနီး HR တိုက်ခန်းစပေါ်ဖြင့် အမြန်ငှားမည်။ **ဖုန်း – ၂၉၆၂၂၁။**

ဦးအောင်တင် (၈၅)နှစ်
(ယခင်ရဲတံခွန်ရုပ်ရှင်ရုံပိုင်ရှင်ဟောင်း)
(ပဲခူး)

မုပ္ပလင်မြို့နေ (ဦးလှစိန်–ဒေါ်အုန်းမြ)တို့၏သား၊ ပဲခူးမြို့၊ ဗန္ဓုလလမ်း၊ အမှတ်(၁၇၆)နေ (ဒေါ်ကြင်ရင်)၏မောင်၊ ဒေါ်ခင်ညို၏အစ်ကိုဦးစိုးအောင်–ဒေါ်သန်းသန်းဝင်းတို့၏ဦးလေး၊ မသဇင်စိုး၊ မယင်းမာစိုးတို့၏ ဘဘကြီး၊ မအင်ကြင်းဖူး၏အဘိုးသည် ၂၁-၁-၂၀၀၄ရက်နေ့ နံနက် (၁၁:၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ဆင်ဖြူကွင်းသုသာန်၌ မီးသဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁-၂၀၀၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၄)ပါ တရားရုံးချုပ်ရှေ့နေ ဦးလှိုင်စိုး(၃၅၇၁)၏ ကြော်ငြာချက်တွင် တိုက်အမှတ် (၅၄) အစား (၃၄) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တိုက်ခန်းရောင်းမည်

ပြည်သူ့ဥယျာဉ်အနီး၊ ရပ်ကွက်သန့်သည်။ အသင့်နေနိုင်၊ တရုတ်လက်သမားလက်ရာ၊ ၅-ဖလွှာ (ဟောင်ကောင်ပုံစံ) မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ **(ပွဲစားမလို)**

ဖုန်း:–၅၀၃၉၈၄(၀၉၈၀၃၃၁၃၂)

ဝမ်းနည်းကြေကွဲခြင်း
မခင်ဖြိုးကြည်(ကွမ်းခြံကုန်း)

အင်ဂျင်နီယာ ဦးကျော်စိုး (ATG Construction)နှင့်ဒေါ်ကြည်ဝင်း(ဆလက)တို့၏သမီး မခင်ဖြိုးကြည်(Dip. in Information System) ၁၈-၁-၂၀၀၄နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးကျော်ခိုင်–ဒေါ်ခင်ခင်အေး။

ထားဝယ်အသင်း
ဒေါ်လှကြည် (၇၄)နှစ်
(ထားဝယ်)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ၅/၅ရပ်ကွက်၊ အမှတ်(၃၇-က)၊ သရဖီလမ်းနေ (ဦးရွှေအေး)၏ဇနီး ဒေါ်လှကြည် အသင်းဝင်အမှတ်(၃၆၇၆)သည် ၁၉-၁-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀နာရီတွင် (ကျူချောင်)သုသာန် သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်ကော်မတီ။

ဆရာကြီးဦးစိန်ခို
အသက်(၁၀၂)နှစ်
(ကျိုက်လတ်မြို့)

ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၁၇)နေ (ဒေါ်ရီ)၏ခင်ပွန်း၊ (ဦးစိန်လင်း)–ဒေါ်သန်းမြင့်၊ ဦးတင်စိန်–ဒေါ်ကျင်စိန်၊ ဒေါ်ခင်အေးရီ၊ ဦးအောင်ထွန်း–ဒေါ်ခင်လေးကြည် (မန်နေဂျာ၊ မြန်မာ့ကျောက်မျက်၊ မိုးကုတ်)၊ ဦးမောင်မောင်အေး(စီမံကိန်းအင်ဂျင်နီယာ၊ သာပေါင်း)–ဒေါ်မြင့်မြင့်ဝေ (လ/ထမန်နေဂျာ၊ စက္ကူစာတု)၊ ဦးဇော်မင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၀၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်အိန်း
အသက်(၇၄)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ သိတာလမ်း၊ အမှတ်(၄၂)နေ (ဦးဝက်လာ–ဒေါ်စိန်)တို့၏သမီး၊ (ဦးမော်လင်)၏ဇနီး၊ (ဦးလှသွင်–ဒေါ်တင်ညွန့်)၊ ဦးဆွေလှိုင်–(ဒေါ်ကြင်မြင့်)တို့၏ညီမ၊ ဦးလှကျော်(ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန)–ဒေါ်သန်းသန်းငွေ(လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး)၊ ဒေါ်သန်းသန်းနွယ်(မွန်ပြည်နယ်ပညာရေးမှူးရုံး)၊ ဒေါ်သန်းသန်းနု၊ ဦးမျိုးသန့်–ဒေါ်သိန်းသိန်းစိုး၊ ဦးမျိုးသိန်း–ဒေါ်မြင့်မြင့်ခိုင်(မြဝတီ) တို့၏မိခင်၊ ဗိုလ်လောင်းလင်းထက်ဦး၊ မောင်နေမျိုးအောင်(မော်လမြိုင် GTC)၊ မခင်ချိုဝင်း (X ဂ–အထကမော်လမြိုင်)၊ မောင်အုပ် စိုးပိုင်(IX င၊ အထက–၂၊ ကမာရွတ်)၊ မသိမ့်သိမ့်စံ၊ မောင်ဟန်မင်းသူ၊ မငွေးငွေးအိတို့၏ အဘွားသည် ၂၁-၁-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃:၄၅နာရီတွင် ဗဟိုစည်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မှာပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန် (မြောက်) သပြေလမ်း၊ ရွှေငါးခြံ၊ တိုက်(၁)၊ အခန်း(၂) နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လဲ့လဲ့ဝင်း (ဂန့်ဂေါ)

မောင်ကျော်ကိုကို (ဒု–နှစ်) (အကြီးတန်း) (E.E)၏မိခင် ဒေါ်လဲ့လဲ့ဝင်း ကွယ်လွန်ကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဌာနမှူးနှင့် ဆရာ၊ ဆရာမများ
သူငယ်ချင်းများ (ဒု–နှစ်၊ ကြီး)
ညီငယ်များ (ဒု–နှစ်၊ ငယ်)
ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်ပညာဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
မခင်ဖြိုးကြည်(ကွမ်းခြံကုန်း)

အင်ဂျင်နီယာ ဦးကျော်စိုး (ATG Construction)နှင့်ဒေါ်ကြည်ဝင်း(ဆလက)တို့၏သမီး မခင်ဖြိုးကြည်(Dip. in Information System) ၁၈-၁-၂၀၀၄နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

နမ္မဒါဂေါက်ကလပ်အသင်း။

မောင်မျိုးဇေယျာထွဋ်
အသက်(၂၅)နှစ်
Final Year (Geology)
ဒဂုံတက္ကသိုလ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းအပိုင်(၁၂)၊ ဂျိုးဖြူလမ်း၊ အိမ်အမှတ်(၃)နေ ဦးအညို (အရာခံဗိုလ်၊ ဆေးလက်ထောက်)–ဒေါ်သန်းသန်းဆွေတို့၏သားငယ်၊ ဦးမောင်လှ–ဒေါ်အေးအေးလွင်၊ ဒေါ်အေးအေးဝင်းတို့၏တူ၊ ကိုဝင်းကျော်ဟိန်း (M.Sc, M1) Maths, B.Tech (Civil)–မသန္တာအောင်(M.Sc, M1), Mathsတို့၏ညီ၊ မခင်မာညိုဝင်း (3rd Year, Zoology)၊ မခင်အိအိခက် (2nd Year, IR)၊ မောင်ရဲရင့်သူ၊ မောင်ရဲလင်းသူတို့၏အစ်ကိုသည်၁၈-၁-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၀၄(အင်္ဂါနေ့)တွင် ပေါက်ကုန်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွန်းသိန်း (၆၃)နှစ်
ကမာကနီး
ပြည်တွင်းရေကြောင်း
(ကုန်စည်/စက်ဘက်ဌာန)

ကမာကနီးရွာနေ (ဦးဖိုးဝင်း–ဒေါ်ပု)တို့၏သား၊ ဦးတင်အေး(ပြည်တွင်းရေကြောင်း)–ဒေါ်ခင်စန်းဝေ၊ ဦးသိန်းဝင်း၊ ဒေါ်သိန်းနု၊ ဦးအောင်နိုင် (ကားပေါ်လစ်)–ဒေါ်ပြုံး၊ ဦးမောင်မောင်တင် (ပြည်တွင်းရေကြောင်း)–ဒေါ်ရီရီလွင်တို့၏ဦးလေးသည် ၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၎င်း၏ဆန္ဒအရ ၂၂-၁-၂၀၀၄ရက်နေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့်ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း:–၂၄၅၆၂၀၊ ၂၄၅၆၄၂။

ဝမ်းနည်းကြေကွဲခြင်း
မခင်ဖြိုးကြည်(ကွမ်းခြံကုန်း)

အင်ဂျင်နီယာ ဦးကျော်စိုး (ATG Construction)နှင့်ဒေါ်ကြည်ဝင်း(ဆလက)တို့၏သမီး မခင်ဖြိုးကြည်(Dip. in Information System) ၁၈-၁-၂၀၀၄နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးမျိုးတင့်၊ ဦးမြစိန်၊ ဦးခင်လှိုင်
မင်းဘူးမြို့။

ဦးနေဝင်း
အသက်(၄၆)နှစ်
(မိတ္ထီလာ)

မိတ္ထီလာမြို့၊ စာတိုက်လမ်းနေ(ဦးခင်မောင်ဝင်း)–ဒေါ်ဒေါ်အုန်းတို့၏သား၊ ဦးတင်အောင်–ဒေါ်ရီတို့၏သားသမက်၊ (ဦးကိုလေး)–ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးလှသွင်–ဒေါ်စိန်စိန်၊ (ဦးခင်မောင်သန်း)–ဒေါ်ရီရီဝင်း၊ ဦးမောင်မောင်–ဒေါ်စန္ဒာရွှေ၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ချိုချိုဝင်း၊ ဦးစိုးဝင်း–ဒေါ်အေးအေးဝင်း၊ ဦးကျော်သိန်း–ဒေါ်ပေါ်ပေါ်ဝင်း၊ ဦးစိုးနိုင်ဝင်းတို့၏ညီ/မောင်၊ ဦးမောင်မောင်ထွေး–(ဒေါ်ခင်မျိုးဝင်း)၊ (ဦးစောလွင်ဦး)–ဒေါ်မိုးမိုးသာတို့၏အစ်ကို၊ ဒေါ်ခင်အေးမူ (ပေါက်ပေါက်)၏ခင်ပွန်း၊ မောင်သော်မျိုးထက်–မစုသန္တာဝင်း၊ မောင်ရန်နိုင်ဝင်းတို့၏ဖခင်၊ တူ၊ တူမ(၂၀)ယောက်တို့၏ ဦးလေးသည် ၂၀-၁-၂၀၀၄ရက် (အင်္ဂါနေ့) ည၇:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် တောမသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

သက်ဆိုင်သူများ။ ကန့်ကွက်လိုက ...

တိုင်းတစ်ပါးကျူးကျော်မှုဒဏ်ကို ခံစားနေရသော အီရတ်ပြည်သူများ၏
အနိဋ္ဌာရုံများ အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင်
စာအုပ်များ၏ နောက်ဆက်တွဲ နောက်ဆုံးဖြစ်ရပ်များ။

ထွက်ပြီ

- သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင် အမှတ်-၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
- ကြေးမုံသတင်းစာတိုက် အမှတ်-၇၇၊ ၅၂လမ်း ရန်ကုန်မြို့တို့တွင် ရရှိနိုင်သည်။

ဦးမောင်ဝင်း(ခ) ချီချက်မိန်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းအမှတ် (၉၇/A) တတိယလွှာနေ (ဦးနီဂို-ဒေါ်ယဉ်မြိုင်)တို့၏ သား၊ ဒေါ်ကျင်(ခ)ချင်ငှတ်ကျင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမျိုးအောင်- မစန်းမြင့်၊ မစန်းအေး၊ (မစန်းရီ)၊ ကိုမြင့်သန်း-မစန်းကြည်၊ မောင်တိုးမောင်၊ မစန်းဝင်း၊ မောင်တိုးအောင်တို့၏ ဖခင်၊ မအိဟန်နီမျိုး (အထက-၁၊ဒဂုံ)၊ မမြတ်မိုမိုအောင် (အထက-၁၊ဒဂုံ)၊ မယဉ်မျိုးမျိုးနိုင် (အလက-၁၊ဒဂုံ)၊ မောင်ဇော်ဇော်အောင်၊ မိုက်လ်ယွမ်တို့၏ အဘိုးသည် ၂၂-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးကောင်းတုံ တရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ကြည်
အသက်(၇၃)နှစ်
စာရင်းစစ်(ငြိမ်း)
(ကျောက်ပန်းတောင်း)

မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ဝက်ကြီးအင်းကျေးရွာနေ (ဦးဖိုးဦး-ဒေါ်ဒေါင်း)တို့၏ သား၊ ကျောက်ပန်းတောင်းမြို့၊ လယ်ယား(တောင်ရွာ)နေ ဒေါ်ခင်ထွေး၏ခင်ပွန်း၊ ဒေါ်လှမြင့်၊ ဒေါ်မြစိန်၊ ဒေါ်မြရှိန်တို့၏ အစ်ကိုကြီး၊ ကိုသန်းထွန်းအောင်(မြိတ်)၊ကိုသော်တာ (စက်မှုလယ်ယာ) ၊မဥမ္မာကြည်(ရေနံ)၊ ကိုဖြိုးဝေအောင်(နယ်စပ်စည်ပင်)၊ မစောဥမ္မာ၊ မသူဇာအောင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၃-၁-၂၀၀၄ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ကျောက်ပန်းတောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၀၄ (စနေနေ့)တွင် ကျောက်ပန်းတောင်း အမှတ်(၂) သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး

ဒေါ်တင့်တင့်ထွန်း
အသက်(၆၃)နှစ်
(B.A,Dip,Ed)
(အထပြ၊ ငြိမ်း) (မုံရွာ)

ရေဦးမြို့နေ (ဦးဘိုထွန်း-ဒေါ်စောတင်)တို့၏သမီးထွေး၊ မုံရွာမြို့နေ ဦးသာဌေး (အငြိမ်းစား ကျောင်းဆရာကြီး)၏ဇနီး၊ ကုန်သည်ဦးစိုးသန်း-ဒေါ်လွင်လွင်ဌေး(မုံရွာမြို့)၊ ဗိုလ်မှူးကျော်စိုး-ဒေါ်စိုးစိုးဌေး(အင်းတိုင်)၊ ဗိုလ်မှူးခင်မောင်လတ်-ဒေါ်ကေခိုင်ဌေး(မြိတ်)တို့၏မိခင်ကြီး၊ မောင်ငြိမ်းချမ်းစိုး၊ မမေစပယ်စိုး၊ မအေးသပြေလတ်၊ မသဇင်စိုး၊ မဇွန်မာလာလတ်၊ မောင်အာကာကျော်စိုးတို့၏အဘွားသည် ၂၃-၁-၂၀၀၄ရက် ည၉နာရီတွင် လှည်းကူးမြို့နယ် အင်းတိုင်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီ တွင် မင်းလွင်ကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မမလေး
အသက်(၉၂)နှစ်

မန္တလေးမြို့နေ (ဦးကွန်း-ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ကနကမာလမ်း၊ အမှတ်(၇)နေ (ဦးကိုကြီး)၏ ဇနီး၊ ဒေါ်တင်အေး၏ မိခင်၊ ကိုအေးကိုကို (Bagan Cybertech)၏ အဘွား၊ မန္တလေးမြို့နေ ဦးလှစိန် (ညွှန်ကြားရေးမှူး-ငြိမ်း၊စက်မှု/စားကုန်၊စက်မှု-၁)-(ဒေါ်ကြည်ကြည်)တို့၏ အဒေါ်၊ ကိုအောင်ခိုင်-မဆွေဆွေလှ၊ ကိုဇော်လွင်-မစန်းစန်းလှတို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၁-၂၀၀၄(သောကြာနေ့)ညနေ ၆း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၀၄(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်လှ
အသက်(၈၄)နှစ်
ရဲအုပ်(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးစိန်မှတ်-ဒေါ်သန်းမြ)တို့၏ သား၊ (ဦးဘစိန်-ဒေါ်စိန်ညွန့်)တို့၏ သားသမက်၊ ဒေါ်ကျင်မြိုင်၏ ခင်ပွန်း၊ ပြည်မြို့၊ ဆင်မြီးဆွဲနေ ဦးသိန်းထွန်း-ဒေါ်ကျင်သိန်း၊ လေတပ် အရာခံထွန်းလင်း-နော်ကလယ်ရီဘလ်ထွန်း၊ ဗဝတ(ဖောင်ကြီး)နေ ဦးထွန်းမင်း(ဌာနစုမှူး၊ စီမံ)၊ ဒေါ်ဝင်းရီ၊ ဦးဇော်မင်း (ပုံနှိပ်-၃၊ စီမံ)-ဒေါ်သိန်းသိန်းနု၊ ဗဝတ (ဇီးပင်ကြီး)နေ ရဲအရာခံမောင်နီ-ဒေါ်အမာ(ရုံးအုပ်၊လကရ)၊ ဦးကျော်မင်း (မူပြ)-ဒေါ်ရီရီမြင့်(မူအုပ်)၊ ရဲတပ်ကြပ်ကြီးလှမင်း(ရကရ)-ဒေါ်သီတာပြုံးတို့၏ ဖခင်၊ မြေး၂၇ယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၂၀-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်လုံးရှင်
အသက်(၆၇)နှစ်
(ကွမ်းခြံကုန်း)

ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၃)နေ (ဦးချမ်းသာ-ဒေါ်မကြီး)တို့၏ သမီး၊ (ဦးကျွဲ-ဒေါ်သိန်းမြ)တို့၏ ချွေးမ၊ (ဦးလှကြီး)-ဒေါ်ဝက်၊ (ဦးခွေး)-ဒေါ်ခင်ညွန့်၊ (ဦးစံအေး)-ဒေါ်ညိုတင်တို့၏ ညီမ၊ ဦးနန်းအောင်-ဒေါ်တင်ကြည်၊ (ဦးစိန်မြင့်)-ဒေါ်လှစိန်၊ (ဦးမောင်ကြီး)-ဒေါ်လှရှင်တို့၏ အစ်မ၊ (ဦးကျော်တင့်)၏ ဇနီး၊ ကိုစန်း-မအုံးမြင့်(ခ)မအေး၊ ကိုညွန့်အောင်-မမော်၊ မအေးအေးမော်၊ ကိုဗိုလ်တူး-မလှလှ၊ကိုချိုတူး၊ ကိုကျော်ထွေး-မန္တဲ့တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၃-၁-၂၀၀၄ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ခနိတောသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်လီဇီကြည်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ အမှတ်(၂၃၄၊ မြေညီ/ယာ)နေ (ဦးမောင်တင်)၏ဇနီး၊ ဦးသောင်းထိုက် - ဒေါ်ခင်ကေသီမြင့်၊ ဒေါ်ဖောင်ရိတ်ချိန် - ဦးကြုံကြီးခွန်၊ ဦးဖောင်ဝိန်ဖတ်၊ ဒေါ်ဖောင်မွန်းကင် (ခ) မကျင်ကျင်-ဦးရှုရှမ်ရှမ်တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၄-၁-၂၀၀၄ရက် နံနက်၆နာရီတွင် ကွယ်လွန်ပါသဖြင့် ၂၆-၁-၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၈း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်(၈၁)နှစ်

မြင်းခြံမြို့နေ (ဦးရွှေချင့်-ဒေါ်ယဉ်မေ)တို့၏ သမီး၊(ဗိုလ်မှူးစောလှျံ)၏ဇနီး၊ ဦးကျော်တင့်၏ အစ်မ၊ အမှတ်(၁/၁၆-၆၀/၅၈ကြား)၊၂၆ဘီလမ်း၊ မဟာနန္ဒီလမ်း၊ မန္တလေးမြို့နေ ဒေါက်တာ ဦးသန်းဝင်း-ဒေါ်ဘေဘီစောလှျံ၊ (ချိုချိုစောလှျံ)၊ ဦးမိုးဟိန်း-ဒေါ်ကြည်ကြည်မြ (တိုင်းသစ်တော၊မန္တလေး)၊ (ဦးခိုင်လှျံ)-ဒေါ်ဥမ္မာ (ညောင်ဦးသစ်တော)၊ ဦးမောင်မောင်အောင်(ပျဉ်းမနားသစ်တော)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊မြေးလေးယောက်တို့၏ အဘွားသည် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၀၄(စနေနေ့) မွန်းလွဲ၁နာရီတွင် ကြာနီကန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်လုံးတုံး(ခ)ဒေါ်ကျင်မြိုင်
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ အရှေ့(၁၁)လမ်း၊ အမှတ်(၁၀၂၆)နေ ရာသက်ပန်အသင်းဝင် ဦးစောမြင့်၏ ဇနီး၊ ရာ/အသင်းဝင် ဒေါ်လုံးတုံး(ခ)ဒေါ်ကျင်မြိုင်သည် ၂၃-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၅-၁-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးအောင်စိုး
အသက်(၄၉)နှစ်
(အောင်စိုးကဖေး)

မကွေးတိုင်း၊ တောင်တွင်းကြီးမြို့၊ အုန်းပင်တော(၁)ရပ်ကွက်နေ(ဦးစံမင်း-ဒေါ်ရွှေမြင့်)တို့၏သား၊ ဒေါ်ခင်မြတ်သွယ်၏ခင်ပွန်း၊ မောင်နိုင်လင်း (G.T.G မကွေး)၊ မောင်ဘုန်းဟန်(တ-နှစ်၊ ဘူမိ)၊ မောင်ဌေးစိုး(ပထဝီ၊မကွေး)၊ မယဉ်မွန်စိုး၊ မောင်စိုးထက်၊ မောင်ဟန်ဌေး၊ မောင်ရန်နိုင်အောင်၊ မမြတ်မွန်ခိုင် (အထက -၂၊ တောင်တွင်းကြီး)တို့၏ ချစ်လှစွာသောဖခင်သည် ၂၃-၁-၂၀၀၄ရက် ည၈း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၂၅-၁-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ (သဲအင်းဟောဂီ)

ဦးတင်လှိုင်(၈၇)နှစ်
(ဟသ်ာတ)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၁၅၁)နေ (ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊ (ဦးဟန်ကြည်-ဒေါ်တင်မြင့်)တို့၏ မောင်၊ (ဦးစိန်ဝင်း-ဒေါ်ကြည်ကြည်)၊ ဦးစိန်ထွန်း-ဒေါ်ခင်ညိမ်း(ဟသ်ာတ)တို့၏အစ်ကို၊ ဦးဝင်းမြင့်အောင်၊ ဦးသန်းထွဋ်-ဒေါ်ဝါဝါဝင်းရွှေ၊ ဦးကျော်စိန်-ဒေါ်ခင်မာမြင့် (Pepsi Shop၊စားတော်ဆက်)၊ (ဦးလှမောင်)-ဒေါ်ခင်ခင်၊ ဦးမောင်မောင်-ဒေါ်သန်းသန်းတိုး(ရတနာထွန်းစတိုး)၊ ဦးဝင်းတင်-ဒေါ်ကြွယ်ကြွယ်၊ (ဦးခင်မောင်စံ)-ဒေါ်သန်းသန်းဝင်း၊ဦးအောင်ဝင်း-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ဝါဝါဝင်း၊ ဒေါ်မာလာဝင်း၊ ဒေါ်သီတာဝင်း၊ ဒေါ်ခင်သန်းဝင်း၊ ဦးကျော်ဇောမောင်၊ ဒေါ်ခင်မာရီ၊ ဒေါ်လှလှခိုင်တို့၏ဦးလေးသည် ၂၄-၁-၂၀၀၄ (စနေနေ့) နံနက် ၅နာရီတွင် အာရုတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄ (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်-၁၅၁၊ ၄၆-လမ်း၊ ဗိုလ်တထောင်မြို့နယ်မှ ကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာ (သဲအင်းဟောဂီ)

ဦးတင်လှိုင်(၈၇)နှစ်
(ဟသ်ာတ)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၁၅၁)နေ (ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊ (ဦးဟန်ကြည်-ဒေါ်တင်မြင့်)တို့၏ မောင်၊ (ဦးစိန်ဝင်း-ဒေါ်ကြည်ကြည်)၊ ဦးစိန်ထွန်း-ဒေါ်ခင်ညိမ်း(ဟသ်ာတ)တို့၏အစ်ကို၊ ဦးကျော်-ဒေါ်နီနီတိုးတို့၏ ဖခင်၊ မောင်ထူးကျော်လှိုင်(IAD-KMD)၊ မထည်ဝါကျော် (ပထမနှစ်၊ ကုန်ထုတ်ဓာတုဗေဒ)၊ မောင်တိုးအောင်လှိုင် (VI- အထက၊ ဗိုလ်တထောင်)တို့၏ အဘိုးသည် ၂၄-၁-၂၀၀၄(စနေနေ့) နံနက်၅နာရီတွင် အာရုတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄ (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ်-၁၅၁၊ ၄၆-လမ်း၊ ဗိုလ်တထောင်မြို့နယ်မှ ကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pa,Ral Bik (ခ) ဦးတင်သိန်း (၅၄)နှစ်

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ၆/၂၁၅၊ ကြယ်တံခွန်လမ်းနေ Pa. Cong Ci-Nu, Don Uangတို့၏ ဒုတိယမြောက်သား၊Rev. Zung Hrnung၏ညီ၊ Rev. No. Hnung. Nu, Khuang Sung. Nu. Phun Zing, Pa. Khua Za Thang တို့၏အစ်ကို၊ Saya. Ngun Khua Zam, Bawi Hlawn Sang, No Men Par. Uan Khaw Lianနှင့် Saw Naiတို့၏ မွေးဖခင်၊ Bawi Lian Thang၏အဘိုး၊ Nu. Sai Vel၏ ချစ်လှစွာသောခင်ပွန်း၊ Pa, Ral Bik(ခ) ဦးတင်သိန်း (Southern Metal Industry Co, Ltd)သည် ၂၃-၁-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁-၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်နေအောင်ကျော်
အသက်(၂၈)နှစ်
N.C.C. Computer (94)

ရန်ကုန်မြို့၊ (၄၉)လေးလွှာ၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်လေးနေ (ဦးရွှေဝင်း၊မြန်မာ့သစ်လုပ်ငန်း) - ဒေါ်ခိုင်လင်းမြင့်၏သားငယ်၊ ကိုထက်အောင်ကျော် (Adventure Myanmar Travels Tours.) - မမေသရဝဏ်ဦး(Faces Magazine)၏ ညီ၊ မသန္တာဇော် (ဖောင်းဖောင်း)၏ အစ်ကို၊ မောင်ဇေယျတု (အထက-၆၊ ဗိုလ်တထောင်)၏ ဦးလေး၊ ဒေါ်တင်တင်အေး(အထပြ-ငြိမ်း)၊ ဦးကျော်လှ(မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်ဆွေသိန်း၊ ဒေါ်တင်တင်ထွေး (Tin Tin Htwe Consultant)-ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)၊ ဒေါ်တင်တင်မြင့်(Win Enterprise Ltd)၊ ဒေါ်ရီရီမြင့်(Accountant Zar Zar Co., Ltd.)-ဦးတင်လှိုင်၊ ဒေါ်စန်းစန်းနွယ်(Account. Cho Cho Industry) တို့၏ တူသည် ၂၁-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၁-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးပဋ္ဌင်းကြီးဦးဝိလာသ
ဗိုလ်မှူးလှထွန်းလေး(ငြိမ်း)
သေလာဂီရိချောင်၊ စစ်ကိုင်းတောင်ရိုး
သိက္ခာတော်(၃)ဝါ
သက်တော်(၇၀)

တောင်ငူမြို့၊ မြို့ကြီးလမ်း၊ အမှတ် (၂၀/၂၆၁)နေ (ဦးဘထွန်း-ဒေါ်လှရွှေ)တို့၏ သား၊ဦးခင်စိုး၏ညီ၊ ဒေါ်အေးမြင့်၏ မောင်၊ ဦးတင်ထွန်း၊ဒေါ်သောင်းမြင့်၊ဒေါ်တင်တင်ဝင်း၊ ဒေါ်ကြူကြူဝင်း၊ (ဦးအုံထွန်း)၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ခင်ဆွေမြင့်၊ ဒေါ်ခင်ဆွေဆင့်၊ ဒေါ်မိုးသူဇာ၊ ဒေါ်မိုးရွှေဝါ၊ ဒေါ်ကြည်ကြည်ထွေးတို့၏ အစ်ကိုသည် ၂၀-၁-၂၀၀၄ (အင်္ဂါနေ့) ည၁၁နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ၂၂-၁-၂၀၀၄(ကြာသပတေးနေ့)တွင် တောင်ငူမြို့၊ သြရိသာရအနောက်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့၏အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်ဒါယိကာမကြီး

ဒေါ်မြင့်ခင်(ခ)အန်းမကြီး
အသက်(၇၅)နှစ်
ဆက်သွယ်ရေး(ငြိမ်း)
အောင်ကြီးစတိုး(သုဝဏ္ဏ)

ရန်ကုန်မြို့၊ (၁၆၅/၁)၊ သံသုမာလမ်း၊ သုဝဏ္ဏမြို့နေ [အင်ဟွာခင်း(ခ) ဦးခင်မောင်ဒီ]၏ဇနီး၊ (ဦးချွန်း-ဒေါ်တိန်)တို့၏သမီး၊ (အင်ဖင့်ကင်း-ဒေါ်ကျင်စိန်)တို့၏သမီးချွေးမ၊ (ဦးတင်ဝင်း)၏ညီမ၊ ဦးအောင်မြင့်-ဒေါ်ခင်ခင်စု၊ (ဦးရင်မောင်)တို့၏အစ်မ၊ ရှိုးကြည့်စံ-ဒေါ်ခင်မာကြည်(ခ)မီးမီး၊ (ဦးကျော်စိုး)-ဒေါ်ခင်မာရီ(ခ)ပဲပဲတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်အောင်စိုးမိုး၊ မောင်ဝေဖြိုးနိုင်၊ မောင်ကျော်စိုးမိုး (ရေကြောင်းသိပ္ပံ)၊ မောင်ကျော်စိုးနောင် (အထက-၂၊ ကမာရွတ်)တို့၏အဘွားသည် ၂၂-၁-၂၀၀၄(ကြာသပတေးနေ့) ည ၁၀း၅၀ နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဇော(ခ) ဦးကျော်သိန်း (၇၁)နှစ်
စား/ထွေမန်နေဂျာ (အငြိမ်းစား)
(မြင်းခြံ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးဘဒင်-ဒေါ်ရွှေညွန့်)တို့၏ သားကြီး၊ ဒေါ်တင်တင်ဦး၊ ဒေါ်ရင်ရင်မြင့်တို့၏ မောင်၊ (ဦးမောင်မောင်ညွှန့်)၊ ဗိုလ်မှူးအောင်ချစ် (အငြိမ်းစား)-ဒေါ်ခင်နွဲ့၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း)-ဒေါ်သန်းသန်းစိန်တို့၏ အစ်ကိုကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၄၉)နေ ဒေါ်ခင်မြ၏ ခင်ပွန်း၊ (ဦးမြတ်ဆွေ၊ ဒု/အကောက်ခွန်မှူး)-ဒေါ်စန်းစန်းဝင်း၊ ဦးစန်းကြည်(Lizstar)-ဒေါ်တင်တင်အေး၊ ဦးထွန်းအောင် (ရွှေပင်လယ်ဗီဒီယို)-ဒေါ်စန္ဒာဇော် (အထက-၂၊ တာမွေ)၊ ဦးကျော်ကျော်(၇) (ဒု/အကောက်ခွန်မှူး)-ဒေါ်မိုးမိုးမြင့်(အကောက်ခွန် ဦးစီးဌာန)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၃-၁-၂၀၀၄ရက် ညနေ ၆း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းဌေး (၃၇)နှစ်
B.Sc.(Maths)
Potentes Co.Ltd.
(သစ်ရာကောက်)(မကွေးမြို့နယ်)

မကွေးမြို့နယ်၊ သစ်ရာကောက်ရွာနေ အဘဦးညီသန့်-အမိဒေါ်လန်း၏ သား၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့၊ သီရိမင်္ဂလာ (၁)လမ်း၊ အမှတ်(၁၃၀)နေ (ဦးချစ်လှ)-ဒေါ်သန္တာနုတို့၏ သားသမက်၊ ဦးမောင်ဝင်း၊ ဒေါ်တင်နွဲ့၊ ဦးအောင်ဝင်း၊ ဒေါ်ခင်နွဲ့၊ ဦးကျော်မြင့်၊ ဒေါ်ကြည်မြင့်၊ ဦးဇော်ဝင်း-ဒေါ်အမာရီ၊ ဦးရဲကြည်-ဒေါ်အေးမူ၊ ဦးစိုးမြင့်-ဒေါ်ဂွမ်းပုံ၊ (ဦးခင်မောင်ဇင်)-ဒေါ်အေးအေးတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၁၅၈)နေ မမြင့်မြင့်စန်း၏ခင်ပွန်း၊ မဖြူယမင်းသန့်၏ဖခင်သည် ၂၃-၁-၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်ပါ၍ ၂၅-၁-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တ သာသန မဟာထေရ်
သိက္ခာတော်(၇၀)၊ သက်တော်(၉၀)
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့(သဲအင်းဂူ) သာသနာ့အောင်ဗိမာန်ကျောင်းတိုက် ဝိဇ္ဇောဒယဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သာသနမဟာထေရ်သည် ၁၃၆၅ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၁-၁-၂၀၀၄၊ (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ၂၇-၁-၂၀၀၄ ၁၃၆၅ခုနှစ် တပို့တွဲလဆန်း၆ရက်(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် သုံးခွမြို့တွင် အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တ ကုမာရနှင့်
ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ စန္ဒောဘာသ(ရေစကြို/မြိုင်)
သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ နိပဆေးတော၊ ပြည်တော်အေး၊ အောင်ချမ်းသာရွာ၊ ဆုတောင်းပြည့်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တ စန္ဒောဘာသ သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၇ရက်)၊ ၂၉-၁၂-၂၀၀၃ရက် ည ၁၂း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂ ရက်)၊ (၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆၊ ၁၇ရက်)များတွင် အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ရေစကြိုမြို့နယ်၊
နိပဆေးတောရွာနှင့် မြိုင်မြို့နယ်၊ပြည်တော်အေးရွာ၊အောင်ချမ်းသာရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နတ်မောက်မြို့ မကျီးတောကျောင်းဆရာတော်

ဘဒ္ဒန္တ ဇောတိက မဟာထေရ်
သိက္ခာတော်(၆၆)ဝါ၊သက်တော်(၈၆)နှစ်

မကွေးတိုင်း၊ နတ်မောက်မြို့၊ ကန်ကြီးရပ်၊ ရန်အောင်မြင် မကျည်းတောကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိကမဟာထေရ်သည် ၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်၊ ၁၄-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၄း၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော်၁၃-၁၄ရက်၊ ၁၈/၁၉-၂-၂၀၀၄ (ဗုဒ္ဓဟူး၊ ကြာသပတေး)နေ့များတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်
သိက္ခာတော်(၄၅)ဝါ၊သက်တော်(၈၀)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်
ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ
ပဓာနနာယကဆရာတော်

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ဆင်ခြံကျေးရွာ၊ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၏ပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် ပြာသိုလကွယ်နေ့၊ ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်မူပြီးဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်)၊ ၇-၃-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင်သာဓုကီဠန အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။

ဆရာတော်ဦးကေတုမာလာနှင့် တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးလှမောင်
အသက်(၇၃)နှစ်
(ဒု-ဌာနခွဲ၊ အင်/ယာ)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ငြိမ်း)
(ရေနံချောင်း)

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်နေ (ဦးရွှေကူ-ဒေါ်ထားရှင်)တို့၏ သားကြီး၊ (ဦးချန်ထွန်း- ဒေါ်အေးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့ တိုက်(၇)၊ အခန်း(၅) မာဃလမ်း၊လှိုင်မြင့်မိုရ်အိမ်ရာနေ ဒေါ်ခင်ရွှေရွှေ(စက်မှု-၁-ငြိမ်း)၏ ခင်ပွန်း၊ (ဦးစန်း၊ မွေး/ရေ)-ဒေါ်တင်တင်လှ၊ (ဦးတင်မြင့်၊ တိုင်းအင်/ယာ)-ဒေါ်ခင်ထွေးဝင့်၊ (ဦးတင်ထူး)တို့၏ အစ်ကိုကြီး၊ (ဦးဆန်းလွင်ဦး)၊ ဒေါ်ဌေးဌေးမာ (သရုပ်ပြ၊ သတ္တဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးဝင်းမိုး (GM,Central Marketing Co.,Ltd) တို့၏ဖခင်၊ တူ၊ တူမငါးယောက်တို့၏ ဘကြီးသည် ၂၄-၁-၂၀၀၄(စနေနေ့) တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၆-၁-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်(၇၁)နှစ်
ထ/၂၊ရန်ကင်း၊ ထ/၂ (ရေဦး)
အထက(၂)မင်္ဂလာဒုံ၊
(အောင်ဆန်းသူရိယလှသောင်းကျောင်း)
မြို့နယ်ပညာရေးမှူး(မင်္ဂလာဒုံ)
(မြင်းခြံ)

ရန်ကုန်မြို့၊တောင်ဥက္ကလာပ၊ (၁၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၅၄၁/က)နေ ဒေါ်ယဉ်ကျေး (အငြိမ်းစားကျောင်းအုပ်ကြီး၊အထက၊ထန်းတပင်)၏ခင်ပွန်း၊ (ဦးမြဒင်-ဒေါ်စိန်တင်)တို့၏ သား၊ (ဦးငွေစိုး)-ဒေါ်ဝသ(မြင်းခြံ)၏ မောင်၊ ဒေါ်ခင်အေးမြင့် (သတ္တဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၏ အစ်ကို၊ ဦးနွယ်အေး-ဒေါ်သင်းစပယ် (ရေအရင်းအမြစ်)၊ ဦးအောင်ဇေယျ(Chief Officer, Golden Eagle Co., Ltd.)-Dr. မိုးသူဇာ(Plastic, Maxillofalial & Oral Surg, Y.G.H) ၊ ဗိုလ်မှူးသက်အောင်(ယာယီတပ်ရင်းမှူး)-ဒေါ်ခင်မိုးဝေ၊ ဒေါ်သီတာမွန် (Tongtah Co., Ltd.)၊ Dr. ထွန်းနေအောင် (1st Yr. Rehabilitation Medicine, I.M,1)-ဒေါ်ခင်ဝါဝါကျော်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၀၄ (တနင်္လာနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ခရမ်းရေထိန်းတံခါးနှင့် ငမိုးရိပ် ရေထိန်းတံခါး

တည်ဆောက်မှုလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ခရမ်းရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းသို့ ပဲခူးမြစ်မှ စက်လှေဖြင့် သွားရောက်ပြီး ပဲခူးမြစ် ရေစီးရေလာနှင့် ခရမ်းရေထိန်းတံခါး တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(ဖ) ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ရေတံခါးတည်ဆောက်မှု၊ ရေခေါ်ရေထုတ်မြောင်းတူးဖော်မှုအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ရေထိန်းတံခါး၏ ဒီဇိုင်းပုံစံနှင့် တည်ဆောက်မှုလုပ်ငန်းပိုင်းတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဌာနဆိုင်ရာများနှင့် ခရမ်းရေထိန်းတံခါး စီမံကိန်းတည်ဆောက်ရေးနှင့် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင်(အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ရေရရှိရေးနှင့် ရေထိန်းတံခါးများအခြေအနေ၊ စိုက်ပျိုးရေပေးဝေနိုင်မှု၊ မင်းရွာရေထိန်းတံခါး၊ ပုဂံညောင်ပင်ရေထိန်းတံခါး၊ ကျိုက်ပဒိုင်ရေထိန်းတံခါး၊ တာဝရေထိန်းတံခါး၊ရွှေလှေရေထိန်းတံခါးတို့၏ ဆက်စပ်ရေပေးဝေရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် ခရမ်းရေထိန်းတံခါးတည်ဆောက်ရန် အုတ်မြစ်မြေကြီးတူးဖော်မှုလုပ်ငန်း ကွန်ကရစ်လောင်းနေမှုလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သေသပ်ခိုင်ခံ့မှုရှိရေး၊ အချိန်မီပြီးစီးရေး၊အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး မှာကြားသည်။

ခရမ်းရေထိန်းတံခါးသည် ပဲခူးမြစ်နှင့် ခရမ်းချောင်းတို့ဆုံရာ၌ တည်ဆောက်လျက်ရှိရာ ရေထိန်းတံခါးတည်ဆောက်ခြင်းဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်း၊သုံးခွနှင့် သန်လျင်မြို့နယ်များ၌ ရေတော်မိုးတော် လယ်ယာမြေများရရှိပြီး နွေစပါးနှင့် သီးထပ်သီးနှံများစိုက်ပျိုးရာ၌ ရေငန်တားဆီးမှု၊ ရေချိုရရှိနိုင်မှုအပြင် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို များစွာအကျိုးပြုမည်ဖြစ်သည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွှဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အစပ်၌ ငမိုးရိပ်ချောင်းပေါ်၌ ငမိုးရိပ်ရေထိန်းတံခါးတည်ဆောက်နေမှု၊ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ခရမ်းရေထိန်းတံခါး၏ အုတ်မြစ်မြေကြီးတူးဖော်မှုနှင့် ကွန်ကရစ်လောင်းနေမှုအခြေအနေကို တွေ့ရစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဘင်း(မ်)စတက်ပြိုင်ပွဲဝင်ရန် မြန်မာလူငယ်အသင်း၂၂ဦးရွေးထား အသင်းလိုက် ကစားကွက်ပုံစံများ အလေးထား လေ့ကျင့်နေ

သတင်းဆောင်းပါး - ညီညီစိုးညွန့်၊ ဓာတ်ပုံ - စိုးညွန့်

ဘင်း(မ်)စတက်နိုင်ငံများ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ ဖူးကက်မြို့တွင် ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရန် ရက်အနည်းငယ်မျှသာ လိုတော့သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် ထိုင်းနိုင်ငံ အပါအဝင် မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာလူငယ်အသင်းသည် ဇန်နဝါရီလဆန်းပိုင်းမှစ၍ စခန်းဝင် လေ့ကျင့်လျက်ရှိသည်။ အာဆီယံ(ယူ-၁၈) ချန်ပီယံ မြန်မာလူငယ် ဘောလုံးအသင်းမှ ဘောလုံးသမားများကို အခြေခံကာ လူသစ်ကစားသမားများ ထပ်မံဖြည့်တင်း ဖွဲ့စည်းလေ့ကျင့် ပြင်ဆင်နေသည်။ အဆိုပါဘောလုံးအသင်းကို နည်းပြချုပ် ဦးတင်ဟန်၊ နည်းပြဆရာ ဦးကြည်လွင်တို့က ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိသည်။

အသက်(၁၈)နှစ်အောက် မြန်မာ လူငယ်ဘောလုံးအသင်းသည် နိုင်ငံအတွက် အာဆီယံချန်ပီယံ ဆုဖလားကို ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီးဖြစ်ရာ ယခုယှဉ်ပြိုင်ရမည့် ပြိုင်ပွဲတွင်လည်း အောင်မြင်မှု ရရှိရေးအတွက် နည်းပြဆရာများ၊ အားကစားသမားများက အောင်နိုင်ရေးစိတ်ဓာတ်ဖြင့် အကောင်းဆုံးအနေအထား ရောက်ရှိရေး ရည်မှန်းပြင်ဆင်လျက်ရှိသည်။

မြန်မာလူငယ် ဘောလုံးအသင်းအနေဖြင့် ပြိုင်ပွဲ၌ ခြေအဆင့်အတန်းရှိသော အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ အနိုင်ရရှိရေးခက်ခက်ခဲခဲယှဉ်ပြိုင်ရဖွယ်ရှိသည်။သို့သော်မြန်မာလူငယ်အသင်းမှ ကစားသမားများသည် အောင်နိုင်ရေး စိတ်ဓာတ်၊ မလျှော့သော ဇွဲ၊လုံ့လတို့ဖြင့် ကြိုးစား စာမျက်နှာ ၁၀ ကော်လံ ၂ သို့ ❍



ဘင်း(မ်)စတက်ဘောလုံးပြိုင်ပွဲအတွက် မြန်မာလူငယ် ဂိုးသမားများ လေ့ကျင့်နေစဉ်။ (အပေါ်ပုံ) **နှင့် ဘင်း(မ်)စတက် ဘောလုံးပြိုင်ပွဲအတွက် မြန်မာလူငယ်ဘောလုံးသမားများ လေ့ကျင့်နေစဉ်။** (အောက်ပုံ) (ဓာတ်ပုံ-စိုးညွန့်)

အချိန်အခါမဟုတ် မိုးရွာနိုင်

ရန်ကုန် ဇန်နဝါရီ ၂၄

ယနေ့နံနက် မြန်မာ စံတော်ချိန် (၀၉း၃၀) နာရီအချိန် တိုင်းထွာချက်များအရ ယနေ့မွန်းလွဲမှ နောက်(၄၈)နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ကြောင်း သက်ဆိုင်ရာက သတိပေးချက် ထုတ်ပြန်သည်။

ယနေ့ထုတ် စောင်ရေ

၁၉၇၀၂၉

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်အချက်ပြအသံကိုသာပေးပို့နေ

ဝါရှင်တန် ဇန်နဝါရီ ၂၄

အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ ၁၇ရက်ကြာ စူးစမ်းလေ့လာရေး လုပ်ဆောင်ပြီးနောက် နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် စပရစ်သည် ဓာတ်ပုံများ၊ သိပ္ပံပညာရပ်ဆိုင်ရာ အချက်အလက်များ ပေးပို့ရမည့်အစား အချက်ပြအသံကိုသာပေးပို့လျက်ရှိသောကြောင့် နာဆာအဖွဲ့သည် စပရစ်နှင့် အဆက်အသွယ်ပြန်လည်ရရှိနိုင်ရန် ကြိုးစားလျက်ရှိသည်။

ရိုးရိုးအချက်ပြသံများကိုသာပေးပို့နေခြင်းကြောင့် စပရစ်သည် ပြဿနာကြီးတစ်ရပ်နှင့် ရင်ဆိုင်နေရပြီး ယင်းပြဿနာသည် မည်သည့်အချက်ဖြစ်သည်ကို မသိရှိရသေးပေ။ အပူချိန်မြင့်မားမှုကြောင့် ပစ္စည်းကိရိယာများ အရည်ပျော်သွားသလော၊ သို့မဟုတ် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသလောဆိုသည်ကို နာဆာအဖွဲ့က သေသေချာချာသိရှိနိုင်ရန် အသုံးဝင်သည့် အဆက်အသွယ်ရှိခြင်း မရှိသေးကြောင်း သိရသည်။ စပရစ်သည် အင်္ဂါဂြိုဟ်ကို လှည့်ပတ်နေသည့် ဂြိုဟ်တုနှင့် အဆက်အသွယ်ပြုလိမ့်မည်ဟု နာဆာအဖွဲ့က မျှော်လင့်ထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဝိပဿနာရှုပွားနည်း ပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်းရွှေ (ဒလ-အံ့ကြီး)က ဗိုလ်တထောင်မြို့နယ် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီမှ စတင်၍ ဝိပဿနာရှုပွားနည်းများ ပို့ချမည်ဖြစ်သည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ၂၀၀၄

မကြွဲလက်ကျေးရွာ၊ မြိတ်ကျွန်းစု

ပြည်ထောင်စုမြန်မာနိုင်ငံတော်

၁၄-၂-၂၀၀၄ မှ ၁၇-၂-၂၀၀၄

ပညာရေးစုံညီပွဲတော်တွင် ပါဝင်ဆောင်ရွက်သူများအား ဝန်ကြီး ဦးသန်းအောင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဇန်နဝါရီ ၂၄

ပညာရေးစုံညီပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် ပညာရေးစုံညီပွဲတော်၌ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား ယမန်နေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမရှေ့မျက်နှာစာ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ပညာရေးစုံညီပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ(၁)နှင့်(၂)ဥက္ကဋ္ဌများ ဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် ဒုတိယဝန်ကြီး ဦးမျိုးညွှန့်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊အလှူရှင်များ၊မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာအခြေခံပညာကျောင်းများမှ ကျောင်းသား၊ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အဆို မနေခြည်ဦး၊ အတီး မအေးချမ်းမြင့်ဝေ(စောင်း)၊ မောင်ရဲဝင့်မြင့်ဝေ(စောင်း)၊ အက မောင်လင်းထက်ဦး၊မရွှေစင်ထက်ဝင်းတို့က အောင်စေပိုင်စေ သီချင်းကို သီဆို၍ နှစ်ပါးသွားအကဖြင့် လည်းကောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက အဆို မအေးမြတ်နိုးခင်၊ အတီး မအိယဉ်မွန်(အော်ဂင်)တို့၏ မြပန်းခွေ ယိမ်းအကဖြင့် လည်းကောင်း၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက အဆို မနေခြည်ဦး၊ မနှင်းအေးဝေ၊ အတီး မောင်ဟိန်းထူးဇော်(အော်ဂင်)တို့၏ စုံညီပွဲတော်တို့နွဲ့ပျော် တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသူများက အဆို မအေးမြတ်နိုးခင်၊ အတီး မအိယဉ်မွန်(အော်ဂင်)တို့၏ "နွေဦးအစ ပန်းကောက်တေးအလှ" တေးသရုပ်ဖော်ဖြင့် လည်းကောင်း၊ အခြေခံပညာ ကျောင်းသား၊ကျောင်းသူများက အတီး မအိမွန်ယဉ်မွန်(အော်ဂင်)နှင့်တွဲဖက်ပြီး မြန်နန္ဒာယိမ်းဖြင့် စုပေါင်း သီဆိုကပြ၍ လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆုငွေချီးမြှင့်

ထို့နောက် ဝန်ကြီး ဦးသန်းအောင်က ဖျော်ဖြေတင်ဆက်ကြသော ကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

တည်ခင်းဧည့်ခံ

ဆက်လက်၍ဝန်ကြီး ဦးသန်းအောင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဖလား ဆောင်းရာသီဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ရက် နံနက် ၆နာရီတွင် မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ရွှေ၊ငွေ၊ကြေး အတန်းသုံးတန်းခွဲ၍ ကျင်းပမည်ဖြစ်သည်။ ကုန်သည်/စက်မှုအသင်းချုပ် အသင်းဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင် အမည်စာရင်းကို ဇန်နဝါရီ ၂၇ရက်မတိုင်မီ အမှတ်(၅၀၄/၅၀၆) ကုန်သည်လမ်းနှင့် ၃၉လမ်းထောင့်ရှိ ကုန်သည်/စက်မှု အသင်းချုပ်သို့ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)



ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း စက်ဆန်းရပ်ကွက်၌ စက်ရေတွင်းဖွင့်လှစ်ခြင်းနှင့် အိမ်သာခွက်များ လှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့)အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ခင်သက်ဌေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်(ကျန်းမာရေးလုပ်ငန်းအဖွဲ့) အကြံပေးပုဂ္ဂိုလ် ဒေါ်နီလာသော်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် ဂုဏ်ပြုကြိုဆို စက်ရေတွင်းဖွင့်လှစ်ခြင်းနှင့် အိမ်သာခွက်များ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်(ကျန်းမာရေးလုပ်ငန်းအဖွဲ့)က သတ္တမအကြိမ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း စက်ဆန်းရပ်ကွက်၌ စက်ရေတွင်းဖွင့်လှစ်ခြင်းနှင့် အိမ်သာခွက်များ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေး လုပ်ငန်းအဖွဲ့) အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးအဖွဲ့) အကြံပေးပုဂ္ဂိုလ်များ၊ အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် တာဝန်ရှိသူများ၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့) အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့) အကြံပေးပုဂ္ဂိုလ် ဒေါ်နီလာသော်တို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးအဖွဲ့)မှ လှူဒါန်းသော စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့)မှ လှူဒါန်းသော အများသုံးရေလောင်းအိမ်သာခွက်များကို အကြံပေးပုဂ္ဂိုလ် ဒေါ်တင်တင်မြက ပေးအပ်လှူဒါန်းရာ စက်ဆန်းရပ်ကွက် အိမ်ထောင်စုများကိုယ်စား စက်ဆန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသန်းက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာမိုးမိုးခိုင်က စက်ရေတွင်းရေပိုက်ခေါင်းကို ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့) အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊တာဝန်ရှိသူများသည် ဖွင့်လှစ်ပြီးသည့် စက်ရေတွင်းနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ကို လှည့်လည်ကြည့်ရှုကြသည်။ ယခုဖွင့်လှစ်သည့် စက်ရေတွင်း၏တန်ဖိုးမှာ ငွေကျပ်သုံးသိန်းကျော်ဖြစ်သည်။

ဆက်လက်၍မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးအဖွဲ့)က ကြီးမှူးကျင်းပသည့် ကျန်းမာရေးပညာပေးဟောပြောပွဲကို စက်ဆန်းရပ်ကွက်အမှတ်(၇) မူလတန်းလွန်ကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေး လုပ်ငန်းအဖွဲ့)အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များ၊ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ ခရိုင်နှင့် မြို့နယ်၊ရပ်ကွက်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပညာပေးဟောပြော

ကျန်းမာရေး ပညာပေးဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်း အဖွဲ့ဝင် သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ၊ဌာနမှူး ဒေါက်တာ ဒေါ်သန်းသန်းတင်က သားပျက်/သားလျှောရောဂါ ကာကွယ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေး လုပ်ငန်းအဖွဲ့ဝင် ဒေါက်တာဒေါ်နုအေးခင်က HIV/AIDS ရောဂါအကြောင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ အကြောင်း သိကောင်းစရာများနှင့် စပ်လျဉ်း၍ လည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ကျန်းမာရေးလုပ်ငန်းအဖွဲ့) အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် စက်ဆန်းရပ်ကွက် အောင်မင်္ဂလာကျောင်းတိုက်သို့ ရောက်ရှိကြပြီး ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ကြည့်ရှု စစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝကွင်း၌ နွေစပါး စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

✡ ရှေ့ဖုံးမှ

တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဆင်ဖုံတံတား တည်ဆောက်နေမှု အခြေအနေနှင့် လှည်းကူးမြို့နယ် ဆင်ဖုံနှင့် ဘားလားဒေသ၌ နွေစပါး စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆင်ဖုံချောင်းကူးတံတား တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ လှည်းကူးမြို့နယ် ဘားလားနှင့် ဆင်ဖုံဒေသ၌ နွေစပါး စိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးရေရရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ခရေပင်လမ်းနှင့်အမှတ်(၇)မြို့ပတ် လမ်းမကြီးဖောက်လုပ်ခြင်းလုပ်ငန်းနှင့် လမ်းမကြီးပေါ်ရှိ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေးဆောင်ရွက်ကြရန်နှင့် ဘားလားနှင့် ဆင်ဖုံဒေသရှိ နွေစပါးခင်းများ အောင်ရေရရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

စိုက်ပျိုးရေရရှိရေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မင်္ဂလာဒုံဥယျာဉ်မြို့တော်အတွင်း၌ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရှိ နွေစပါးစိုက်ခင်းများ စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေးအတွက် ရှမ်းရိုးအား စက်ယန္တရားကြီးများဖြင့် ရေစီးရေလာကောင်းမွန်စေရန် တူးဖော်နေမှု အခြေအနေများကိုလည်းကောင်း၊ စမ်းကြီးဝကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၏ နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား စမ်းကြီးဝကွင်း၌ နွေစပါးကွက်လပ်မကျန် စိုက်ပျိုးကြရေး၊ စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရေးဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ရေပေးသွင်းမှု

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ဘားလားကျေးရွာအနီးဘားလားဖြတ်မြောင်းမကြီးမှ အမှတ်(၈) လက်သွယ်မြောင်းသို့ ရောက်ရှိပြီး အမှတ်(၈)လက်သွယ်မြောင်း၌ စိုက်ပျိုးရေရရှိ နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ဘားလားကျေးရွာအနီး နွေစပါးစိုက်ပျိုးနိုင်ရေး ဆည်မြောင်းဦးစီးဌာနက မြောင်းများတူးဖော်ပြီး စိုက်ပျိုးရေပေးသွင်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒေသခံ တောင်သူလယ်သမားကြီးများအား နွေစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီပေးထားပြီးဖြစ်သဖြင့် နွေစပါးအပြည့်အဝ စိုက်ပျိုးကြရေးနှင့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ သီးထပ် စွမ်းအားမြှင့်တင်ပြီး ကွက်လပ်မကျန် စိုက်ပျိုးကြရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ငမိုးရိပ်ချောင်း ရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်း၊ ငမိုးရိပ် ချောင်းပိတ်တမံသို့ ရောက်ရှိလာပြီး တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် မြေသားတမံ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ငမိုးရိပ်ချောင်း ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဆန်းနှင့် တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းတို့က နွေစပါးတိုးချဲ့ စိုက်ပျိုးနိုင်မည့် အခြေအနေများနှင့် ရန်ကုန်တိုင်းအတွင်း နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မှာကြားရာတွင် ငမိုးရိပ်ချောင်း ရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းသည် နွေစပါးဧက ၅၀၀၀ အကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် မိုးစပါးစိုက်ပျိုးရာသီတွင် ငမိုးရိပ်ချောင်းဘေးရှိ လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်သဖြင့် စီမံကိန်းအမြန်ပြီးစီးရေး၊ တမံပိတ်ထားသည့် စိုက်ပျိုးရေများကို အကျိုးရှိစွာဖြင့် နွေစပါးစိုက်ပျိုးကြရေးနှင့် ဤဒေသသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ် တက်/ဆင်းလမ်းကြောင်းအောက်တွင် တည်ရှိသဖြင့် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ အပြည့်အဝ စိုက်ပျိုးကြရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ငမိုးရိပ်ချောင်း ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ငမိုးရိပ်ချောင်း ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းသည် အကျယ် ၈ ပေ၊ အမြင့် ၁၂ ပေရှိ တံခါးပေါက် ၂၅ ပေါက် ပါရှိမည်ဖြစ်ပြီး နွေစပါး ဧက ၅၀၀၀ အကျိုးပြုစိုက်ပျိုးနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄

ပြပွဲလာပြည်သူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၄

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ စတုတ္ထနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။ ပြပွဲသို့ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ပြည်သူများသည် တစ်ဦးချင်း၊ ကျောင်းအလိုက်၊ အစုအဖွဲ့အလိုက် လာရောက်လေ့လာကြရာ လေ့လာကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရှင်းလင်းပြသ

ပြပွဲတွင် Expo Myanmar Co., Ltd မှ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့ရှိ အဝေးပြေးကားဂိတ်များ၊ဈေးများတွင် Digital EPABX လိုင်းခွဲစက်များနှင့် တယ်လီဖုန်းများ တပ်ဆင်ထားမှု၊ Security System အနေဖြင့် ဘဏ်များ၊ ရတနာဆိုင်များ၊ စက်မှုဇုန်များနှင့် အလုပ်ရုံများတွင် တပ်ဆင်ဆောင်ရွက်လျက် ရှိသည်များကို ရှင်းလင်းပြသထားသည်။

Forever Group (Myanmar e-book)ပြခန်းတွင် မြန်မာစာပေနှင့် စာအုပ်များကို Internet မှတစ်ဆင့် မြန်မာနှင့် ကမ္ဘာအနှံ့သို့ ပျံ့နှံ့စေရန် ပြပွဲကာလအတွင်း ၁၀ရာခိုင်နှုန်း လျှော့ဈေးဖြင့် Myanmar e-book Account များ ဝယ်ယူနိုင်သည့်အပြင် ကမ္ဘာအနှံ့သို့ Myanmar e-book Package များ ချက်ချင်း အရောက်ပို့စနစ်ကို အထူးနှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြပွဲရက်အတွင်း e-book များကို Online မှတစ်ဆင့် အခမဲ့ မြည်းစမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။ အလားတူ MM Box (မြန်မာမီဒီယာစက်) ပြခန်းတွင် မြန်မာမီဒီယာစက်၏ စွမ်းဆောင်နိုင်မှုနှင့် အသုံးဝင်မှုများကို ပြသထားပြီး ယင်းစက်ကို အသုံးပြု၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများ သင်ကြားပို့ချသော ပညာရေးသင်ခန်းစာများကို နေအိမ်မှ တိုက်ရိုက် ဖမ်းယူသင်ကြားနိုင်သည်။ မကြာမီထုတ်လွှင့်တော့မည့် MRTV-4 Channel ကိုလည်း ဖမ်းယူကြည့်ရှုနိုင်ပြီး ကျွမ်းကျင်မှု သင်တန်းများကိုလည်း ဖမ်းယူသင်ကြား လေ့ကျင့်နိုင်ကြောင်း ပြသထားသည်။

ကံစမ်းမဲဖွင့်လှစ်ပေးမည်

Myat Tha Pyay Family Co., Ltd. ပြခန်းတွင် ကွန်ပျူတာအမျိုးမျိုး၊ JBM၊Sony VA10၊ Toshiba၊ Note Book၊ Digital Camera၊ Network Products Device များ၊ Mobile၊ GSM၊ ဆယ်လူလာ Hand Set နှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက် ရှိသည်။ ပြပွဲနောက်ဆုံးနေ့တွင် ကျပ် ၅၀၀၀ နှင့် အထက် ဝယ်ယူသူများအား P_4 ကွန်ပျူတာ၊ Photo Printer နှင့် UPS တို့ကို ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

Suntac Technologies သည် မြန်မာတစ်ပြည်လုံး၏ မြေပုံသစ်ထုတ်လုပ်ရေး UTM Project ကို ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကြီးများအတွက် ဂြိုဟ်တုဓာတ်ပုံ၊ ကောင်းကင်ဓာတ်ပုံများ ဆောင်ရွက်ပေးလျက်ရှိသည်။ မီးရထားလမ်း၊ ကားလမ်း၊ ဆည်မြောင်း၊ တာတမံနှင့် စက်ရုံအလုပ်ရုံများ တည်ဆောက်ရေးအတွက် ခေတ်မီမြေတိုင်းကိရိယာနှင့် ကွန်ပျူတာများ အသုံးပြု၍ ဒီဇိုင်းများကိုလျင်မြန်စွာ တွက်ချက်ပုံဆွဲခြင်း၊ Land Information System ခေါ် မြေရာအချက်အလက်စနစ်တစ်ခုကို Computer Program ရေးဆွဲလျက်ရှိပြီး မြေပိုင်ဆိုင်မှု အချက်အလက် သိမ်းဆည်းခြင်း၊ အသုံးချခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

Soft Guide Computer Centre ၌ ဆရာနှင့် ကျောင်းသားအပြန်အလှန်ပြောဆိုရာတွင် အဆင့်မြင့် သင်ကြားနိုင်ရန်နှင့် နိုင်ငံတကာအဆင့် သင်ကြားနိုင်ရန် Language Lab ကို Soft Guide မှ ထုတ်လုပ်ထားသည်ကို ပြသထားပြီး Language Lab နှင့် ပတ်သက်သောပစ္စည်းများ၊ ကလေးများအတွက် VCD သီချင်းခွေ၊ အင်္ဂလိပ်စကားပြော CDခွေ၊ ဇီဝဗေဒနှင့် ဓာတုဗေဒသင်ကြားရေး CDများ၊ ကွန်ပျူတာပစ္စည်းများကို ပြသရောင်းချလျက်ရှိပြီး ကွန်ပျူတာသင်တန်းများလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ရောင်းချပေး

Myanmar Golden Rock Int'l Co., Ltd မှ Canon အမှတ်တံဆိပ်ပါ Digital/Network မိတ္တူကူးစက်များ၊ Bubble Set Printer နှင့် Laser Printer များ၊ SLR နှင့် Digital ကင်မရာများ၊ Over Head Projector ၊ LCD Projector၊ Multi Media Projector များနှင့် Fax စက်များကို အဓိက ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

Integra Systems Co., Ltd မှ ပြည်တွင်း စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် Software Product များ ထုတ်လုပ်ရောင်းချလျက်ရှိပြီး ပြပွဲတွင် Integra မှ ထုတ်လုပ်သည့် ကွန်ပျူတာစာရင်းကိုင်စနစ် (i-Ledger)၊ အရောင်းနှင့် ကုန်ပစ္စည်းထိန်းစနစ် (i-POS)နှင့် ဆေးရုံ၊ ဆေးဆိုင်၊ ဓာတ်ခွဲခန်းသုံးစနစ် (i-Care) တို့ကို ပြသထားသည်။ လက်ရှိ Integra မှ ထုတ်လုပ်သည့် Software Product များကို အသုံးပြုလျက်ရှိသည့် လုပ်ငန်းပေါင်း ၂၀၀ကျော်ရှိကြောင်းသိရသည်။

ပြပွဲကို ဇန်နဝါရီ ၂၇ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း အများပြည်သူများအား အခမဲ့ ဖွင့်လှစ်ပြသလျက်ရှိရာ

စီးပွားကူးသန်း ရှေ့သို့လှမ်း

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၄

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာ အရှေ့ကျောင်းကြီးတွင် တပို့တွဲလဆန်း ၄ရက်မှ ၁၀ရက်အထိလည်းကောင်း၊ ဘားအံမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၂၀)တွင် တပို့တွဲလဆန်း ၁၂ရက်မှ လပြည့်ကျော် ၃ရက်အထိလည်းကောင်း၊ မွန်ပြည်နယ် တောင်စွန်းမြို့အဖွဲ့ခွဲ (၃၁)တွင် တပို့တွဲလပြည့်ကျော် ၅ရက်မှ တပေါင်းလဆန်း ၁ရက်အထိလည်းကောင်း မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲများတွင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ အရှင်ဩဘာသ (တက္ကသီလ ဓမ္မာစရိယ၊ ဘီအေ) အရှင်သူမြတ်နှင့် ဆရာဦးသန့်ဇင် (အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့တော် သန့်ရှင်းသာယာ လှပစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်မှုများ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုပေါင်း၍ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်များရှင်းလင်းခြင်း ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

မှာကြား

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက် အနော်မာလမ်းသို့ ရောက်ရှိပြီး အနော်မာလမ်းဘေးဝဲယာ၌ ရေနုတ်မြောင်းဆယ်ယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုးရာသီကာလတွင် အမှတ် (၁၃) ရပ်ကွက်အတွင်း ရေနစ်မြုပ်မှုမရှိစေရန် ရေနုတ်မြောင်းများ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှ တစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းသို့ ရောက်ရှိပြီး ပုလဲရတနာလမ်းဘေးဝဲယာ၌ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်း ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အားကစားကွင်းအတွင်း အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

စစ်ဆေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် သာကေတမြို့နယ် ရှခင်းသာလမ်းနှင့် ဇဂ်မလမ်း လမ်းဆုံသို့ရောက်ရှိလာပြီး အမှတ်(၅) မြစ်ထွက်ပေါက်ရေမြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှု အခြေအနေများကိုလည်းကောင်း၊ ရှခင်းသာလမ်းမကြီးနှင့် ဇဂ်မလမ်းဘေးဝဲယာ၌ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သာကေတမြို့နယ်အတွင်း သန့်ရှင်းသာယာ လှပစေရေးလုပ်ငန်းများနှင့် ရေစီးရေလာ ကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ပုဇွန်တောင်မြို့နယ် မြောင်းကြီးလမ်းသို့ ရောက်ရှိပြီး မြောင်းကြီးလမ်း သန့်ရှင်းသပ်ရပ်စေရေး အမှိုက်များ ရှင်းခြင်းလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ ရေကျော်မြောင်းမကြီး ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် နုန်းဆယ်ယူနေမှု အခြေအနေများကိုလည်းကောင်း၊ အမှတ် (၈)နှင့် အမှတ် (၉) ရပ်ကွက်များအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သန့်ရှင်းသာယာ လှပစေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရေကျော်မြောင်းမကြီးမှ ရေများ အေးတံတားမြစ်ထွက်ပေါက်မှတစ်ဆင့်ပုဇွန်တောင်ချောင်းအတွင်း စီးဝင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းမကြီးနှင့် သိမ်ဖြူလမ်းဆုံသို့ ရောက်ရှိပြီး သိမ်ဖြူလမ်းမှ ဘုန်းကြီးလမ်းအထိ ကမ်းနားလမ်းမကြီး တစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ မြက်ခင်းများပြုပြင်နေခြင်း၊ စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်စေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စနစ်တကျဆောင်ရွက်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ထာဝစဉ်သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းပြီး ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရေး၊ အမှိုက်များကို လေထုညစ်ညမ်းမှုမရှိစေရန် မီးရှို့ခြင်း မပြုလုပ်ဘဲ ကျင်းတူး၍မြုပ်ပစ်ခြင်း၊ အမှိုက်ကားဖြင့်တင်၍ စွန့်ပစ်ခြင်းများ ဆောင်ရွက်ကြရန်နှင့် ကမ်းနားလမ်းမကြီးဘေးဝဲယာ၌ ထာဝစဉ် အမြင်တင့်တယ်စေရန် စိုက်ပျိုးထားသည့် မြက်ခင်းများနှင့်သစ်ပင်များ ရှင်သန်စေရေး နွေရာသီကာလအတွင်း ရေလောင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သာကေတမြို့နယ်ရှိ ရှခင်းသာလမ်းနှင့် ဇဂ်မလမ်းဆုံရှိ အမှတ်(၅) မြစ်ထွက်ပေါက် ရေမြောင်းမကြီး ရေစီးရေလာ ကောင်းမွန်စေရေးနှင့် အမှိုက်နှင့် နုန်းများ ဆယ်ယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြပွဲလာ ပြည်သူများ သွားလာမှု လွယ်ကူစေရန် လွှန်းပြန်ယာဉ်များ အခမဲ့ ပြေးဆွဲလျက်ရှိသည်။

ကျင်းပမည်

MICT Park ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၉နာရီတွင် Security Issues and Related Products Seminar နှင့် မွန်းလွဲ ၁နာရီတွင် e-Procurement Seminar တို့ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၆ရက် နံနက် ၉ နာရီတွင် Wireless and Broadband Application Seminar နှင့် မွန်းလွဲ ၁နာရီတွင် Myanmar National Counter-Strike Championships Final တို့ကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

တတိယအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဆိုင်ရာ ရက်သတ္တပတ် ၂၀၀၄ပြပွဲတွင် ပြသထားသော ပြခန်းများတွင် ပြည်သူများ စည်ကားစွာ လေ့လာကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပြိုင်ပွဲကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ အထက်မြန်မာပြည်ဇုန် မုံရွာမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ ကယားပြည်နယ်က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ကယားပြည်နယ်မှ စိုင်းသန့်အောင်က ရရှိသွားသည်။

အောက်မြန်မာပြည်ဇုန် ဟင်္သာတမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ဧရာဝတီတိုင်းမှ သန့်ဇင်ငြိမ်းက ရရှိသွားသည်။ (သတင်းစဉ်)

အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် ဆောက်လုပ်ရေးအသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့်သရေပွဲဖြစ်သွားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ

၈:၀၅ ၆။ အကပြိုင်ပွဲ

၈:၁၅ ၇။ ပိုင်ကျုံရေထိန်းတံခါး

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Say It in English.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၄၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၁၀)**

၁၂:၂၅ ၅။ Milo Success in Soccer.

၁၂:၃၅ ၆။ **အရုဏ်ဦး၏ပုံရိပ်များ (ကျော်ရဲအောင်၊မေသဥမ္မာဦး၊ သင်းသင်းယုလှိုင်) (ဒါရိုက်တာ-မောင်ဝဏ္ဏ)**

၂:၀၅ ၇။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ

၂:၁၅ ၈။ တေးဂီတအစီအစဉ်

၂:၃၀ ၉။ ဖြူးချောင်းတံတား

၂:၄၅ ၁၀။ International News.

၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)

၅:၁၀ ၆။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၅:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး

၅:၃၅ ၈။ တေးဂီတအစီအစဉ်

၅:၅၀ ၉။ ဆိုကြမယ်၊ပျော်ကြမယ်

၆:၃၀ ၁၀။ ညနေခင်းသတင်း

၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား

၇:၁၅ ၁၃။ တေးဂီတအစီအစဉ်

၇:၃၀ ၁၄။ (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပန်းပုပြိုင်ပွဲ ပြပွဲကြိုတင်ပြင်ဆင်မှုများ (အခြေခံပညာအဆင့်)

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **Calcio Series A ဘောလုံးပွဲထုတ်လွှင့်မှုအစီအစဉ်**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

လက်ထပ်ပြီးစီးခြင်း

မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ပေပင်ကျောင်းလမ်း၊ အမှတ်(၂၄)နေ ဦးနေဝင်း၊ (လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)– ဒေါ်မြင့်မြင့်ဦး(ကုန်သွယ်ရေး၊ ငြိမ်း)"ရွှေစင်သန်း"ပွဲရုံတို့၏သား

မောင်ရဲနိုင်ဝင်း B.Sc(Zool.), M.B.A

နှင့်

မုံရွာမြို့၊ သလ္လာမြို့သစ်၊ အနော်ရထာလမ်း၊ အမှတ်(၈၃)နေ ဦးတင်ထွေး(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)– ဒေါ်ယဉ်မြ (ကျောင်းဆရာမ၊ ငြိမ်း)"အောင်တိုင်းကြဲ"စတိုးတို့၏ ဒုတိယသမီး

မအိအိငြိမ်း B.A(Hons.)History

တို့သည် ၂၄–၁–၂၀၀၄(စနေနေ့)တွင် မုံရွာမြို့၌ လက်ထပ်ပြီးစီးပါကြောင်းနှင့် မင်္ဂလာဦးဆွမ်းကျွေးမင်္ဂလာသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောလူကြီးမိဘများနှင့်မောင်ရဲနိုင်ဝင်း–မအိအိငြိမ်း။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း ကြော်ငြာချက်အမှတ်(၃/၂၀၀၄)

လေယာဉ်မောင်၊ လေယာဉ်မယ်လူတွေ့စစ်ဆေးရန်ကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူးလျှောက်ထားသူများအနက် ပဏာမ၊ လူတွေ့စစ်ဆေးမှု အောင်မြင်သူများအား အပြီးသတ်စစ်ဆေးခြင်းကို ၂၈–၁–၂၀၀၄ရက်နေ့ (၀၈း၀၀)နာရီမှစတင်စစ်ဆေးမည့်အစား ၂၉–၁–၂၀၀၄ရက်နေ့(၀၈း၀၀)နာရီအချိန်မှ စတင်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့လေကြောင်း။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် အသုံးမလိုပိုလျှံနေသော အောက်ပါစက်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၁။ မော်တော်ယာဉ် (One Lot)

မာဇဒါဘီ–၆၀၀၊ မော်တော်ယာဉ်(ပစ်ကပ်)	၁ စီး

၂။ ရုံးသုံးစက်ကိရိယာများ (One Lot)

(က) ကွန်ပျူတာ	၁ လုံး
(ခ) လေအေးပေးစက်	၄ လုံး
(ဂ) စာကူးစက်	၁ လုံး
(ဃ) လက်နှိပ်စက်	၆ လုံး

တင်ဒါပိတ်ရက်နှင့်အချိန် – ၂၃–၂–၂၀၀၄(တနင်္လာနေ့)(၁၆း၃၀)နာရီ

တင်ဒါဖွင့်ရက်နှင့်အချိန် – ၂၄–၂–၂၀၀၄(အင်္ဂါနေ့) (၁၀း၃၀)နာရီ

တင်ဒါတင်သွင်းရမည့်နေရာ – ၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

တင်ဒါတင်သွင်းလိုသူများသည် တင်ဒါစည်းကမ်းပုံစံများ ဝယ်ယူခြင်းနှင့် ပစ္စည်းကြည့်ရှုခွင့်လက်မှတ် ထုတ်ယူခြင်းတို့ကို (၆–၂–၂၀၀၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း အထက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

စက်ပစ္စည်းအဟောင်းများ
လေလံတင်ရောင်းချရေးအဖွဲ့။
ဖုန်း–၃၇၂၀၀၉။

သုဝဏ္ဏမြို့ဦးစေတီနှင့် ခေတ်ဆီဆိုင်အနီး ရပ်ကွက်(၃၀)နှင့် (၂၉) (တန်ဖိုးနည်း)အတွင်းရှိ မြေကွက်ပိုင်ရှင်များသိသာရန်

(၂၉)နှင့် (၃၀)ရပ်ကွက်အတွင်းတွင် ရေသန့်ရရှိရေးအတွက် စတင်ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါသည်။ ဆောင်ရွက်သောနည်းစနစ်သည် ကနဦးတစ်ကြိမ်တည်းသာ ရေကိုသွယ်တန်းပေးမည်ဖြစ်ပြီး နောင်နှစ်များတွင် ဤအခွင့်အရေးကို လုံးဝမရရှိနိုင်တော့ပါ။ သို့ပါ၍ မြေကွက်ပိုင်ရှင်များအနေဖြင့် ရေသန့် မရမရှိရအောင် အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ၃၁–၁–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန် အသိပေးအပ်ပါသည်။

ဗိုလ်မှူးဗိုလ်စီ ၆၆၊ ပိတောက်မြိုင်လမ်း၊ (၃၀)ရပ်ကွက်၊ ဖုန်း–၅၇၁၅၀၃
ဗိုလ်ကြီးမြင့်စိုး ၁၁၅၊ နှစ်ဆီဖြူလမ်း၊ (၃၀)ရပ်ကွက်၊ ဖုန်း–၅၆၁၉၁၆
ဗိုလ်မှူးထွန်းသိန်း ၃၈၊ မနေအောင်လမ်း၊ (၂၉)ရပ်ကွက်၊ ဖုန်း–၅၇၉၉၇၇
ဒေါက်တာသိန်းဝင်း ၁၄၄၊ လုံးသွယ်(၂)လမ်း၊ (၂၉)ရပ်ကွက်၊ ဖုန်း–၅၇၉၀၇၉။

B ပိုး C ပိုးနှင့် HIV+ အချေအချသည်

ခမ်းနေမြဲဘက်ကြောင်းဂုဏ်ပြုလွှာ

စားကြမယ် ဟေ့ ကောင်းကောင်း

(ဖုန်း–၂၅၉၃၁၈–၂၅၉၃၁၉–၂၅၃၀၁၁)

B.E(Electronic).,M.E(Electronic)

All-In-One A+ Computer Hardware Engineering သင်တန်း

Computer Hardware System	Virus Protection & Cradication
Computer Hardware Installation	Data Backup and Recovery
Computer Software Installation	Basic Computer Networking
Computer Maintenance & Upgrading	Internet & E-mail Installation
Computer Troubleshooting & Repairing	DOS, Win 95/98/Me OS

သင်တန်းနေရာ : **TNT Computer Systems**

Phone : 720910, 726194, 09-500-7046, 09-80-20059. Fax : 556384.

ELITE Engineering Group

KISS

AMAZING BAND, TOWER STUDIO

TAPE & CD

27, Jan, 2004 ထွက်ပြီ

"မားစ်နှင့်မားစ်ပါဝါ" ငွေသားကံစမ်းမဲအစီအစဉ်များ!

ဓနိနဝါရီနှင့်ဖေဖော်ဝါရီလများတွင် ဆက်လက်ကံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဂ/၆၄၄၆ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးဇော်သန်းဦး (ကေစီဂျီအင်န် – ၀၁၆၁၂၀)က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်(၃၀)အတွင်း ကညန၊ ခရိုင်ရုံး(သန်လျင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(သန်လျင်)။

OK (အိုကေ) အဆင့်မြင့်သန့်စင်ပြီး ပေါ် ဆန်းမွှေးနှင့် ဆန်မျိုးစုံများကို ဝယ်ယူ အားပေးသုံးဆောင်ကြသည့် မိတ်ဆွေများ တစ်နှစ်တာအတွက် ဝမ်းစာထည့်မည်ဆိုရင် အာမခံဖြင့် စီစဉ်ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်မှာကြားရန် –

အိုကေ (OK) ဆန်+ဆီ ရောင်းဝယ်ရေး ဘုရင့်နောင်

ဆိပ်ကမ်းသို့ ... သင်္ဘောကုမ္ပဏီ
Tel : 09-99-26131, 249118
OCEANWIDE International Myanmar
277, Bogyoke Aung San Road,
7th floor, Room No (23), Tel : 240875

TOP 243363 705877

TREASURE LIGHT
A/C, Refre; W / Machine Freezer, Water Heater / Cooler ပြုပြင်၊ တပ်ဆင် ဆေးကြောခြင်းများ ဆောင်ရွက်ပါသည်။
ဖုန်း-၅၀၅၆၁၅၊ ၅၀၅၇၁၃။

ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် သတိပေးကြေညာချက်

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းသည် အောက်ပါ Spirulina နှင့် ပတ်သက်သည့်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် သုံးစွဲသွားရန်အတွက် တစ်ဦးတည်းမူပိုင် မှတ်ပုံတင်ထားရှိခြင်းအား ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ပါအတိုင်း မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

စဉ်	ကုန်ပစ္စည်း	မှတ်ပုံတင်အမှတ်
၁။	Natural Spirulina Powder	၄/၇၀၈၉(၁၂-၁၂-၂၀၀၃)
၂။	စိမ်းပြာရေညှိခြောက် (Spirulina Dry Chip)	၄/၇၀၉၀(၁၂-၁၂-၂၀၀၃)
၃။	စိမ်းပြာရေညှိမှုန့် (Spirulina Spray Dry Powder)	၄/၇၀၉၁(၁၂-၁၂-၂၀၀၃)
၄။	စိမ်းပြာရေညှိမှုန့် (Spirulina Sun Dry Powder)	၄/၇၀၉၂(၁၂-၁၂-၂၀၀၃)
၅။	Natural Spirulina Chips	၄/၇၀၉၃(၁၂-၁၂-၂၀၀၃)

သို့ပါ၍ အထက်ပါ Spirulinaနှင့်ပတ်သက်သည့်ပစ္စည်းများကို တစ်ခုလုံး ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍သော်လည်းကောင်း၊ ဆင့်ပွား ပုံပြင်ပြောင်းလဲ၍သော်လည်းကောင်း၊အတုအပပြုလုပ်၍သော လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်းသော် လည်းကောင်း ဆောင်ရွက်ခြင်းပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း။

ကျေးဇူးဆပ်ပါမည်

၂၀-၁-၂၀၀၄ ချောင်း၀ ကျောင်းအနီးတွင်လက်ကိုင်ဖုန်း ၀၉-၅၀-၂၁၈၀၄ ကျပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။
ဖုန်း-၀၁-၆၈၃၄၅၃၊ ၇၂၂၀၃၃၊ ၇၂၀၁၆၉၊ ၀၉-၅၀-၁၉၂၂၅။

အမြန်ပြန်လာပါ

မောင်ရန်မျိုးအောင် သားရဲ့အဖေ ရွှေကျင်တိုက်သစ်သို့ ရောက်နေသည်။ အမြန်ဆက်သွယ်ပါ။ တွေ့ရှိပါက ဖုန်း-၀၁-၅၇၇၇၂၀သို့ အကြောင်းကြားပေးပါ။
ဦးစောဆွေ။

ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ကျော့ကျော့ရဲ့ ချစ်လှစွာသော မောင်လေးဖိုးမဲ ၁၉-၁-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း သိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ကိုအောင်၊ သိုက်၊ မျိုး၊ ကြည်လင်း၊ ဆွေမင်း၊ ပုလဲ၊ ဖြိုး၊ စမ်းမြ၊ နွယ်နွယ်၊ မေမီ၊ နီလာ၊ Zool M II.

တိုက်ခန်းငှားမည်

ဗိုလ်တထောင်မြို့နယ်အတွင်း ဈေး၊ ကျောင်း၊ ကားဂိတ်အနီး HR တိုက်ခန်းစပေါ်ဖြင့် အမြန်ငှားမည်။ **ဖုန်း-၂၉၆၂၂၁။**

နှစ်နှစ်ပြည့်လွမ်းဆွတ်အမှတ်တရခြင်း
ကိုဗညားအေးမိုး(ကိုကြီးညား)

လိမ္မာသိတတ်တဲ့ အချစ်ဆုံးသားကြီး မမျှော်လင့်ဘဲ မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၂၅-၁-၂၀၀၄ရက်တွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပါပြီ။ သားကြီးအားရည်စူး၍ နေ့စဉ်၊ လစဉ်နှင့် နှစ်နှစ်ပြည့်နေ့တွင် လှူဒါန်းရသော ကုသိုလ်ကောင်းမှုအဖို့ဘာဂတို့ကို အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ---။

ဒယ်ဒီ - ဦးခင်မောင်ဝင်း
မာမီ - ဒေါ်မြင့်မြင့်အေး
ညီလတ် - ခွန်ဟန်အေးမိုး
ညီငယ် - ဥက္ကာအေးမိုး

ဝမ်းနည်းကြေကွဲခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒု-ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်၏ ဖခင် ဆရာကြီးဦးဘနွယ် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ပါမောက္ခချုပ်နှင့်အရာထမ်းအမှုထမ်းများ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်။

ဦးအောင်တင် (၈၅)နှစ်
(ယခင်ရဲတံခွန်ရုပ်ရှင်ရုံပိုင်ရှင်ဟောင်း)
(ပဲခူး)

မုပ္ပလင်မြို့နေ (ဦးလှစိန်-ဒေါ်အုန်းမြ)တို့၏သား၊ ပဲခူးမြို့၊ ဗန္ဓုလလမ်း၊ အမှတ်(၁၇၆)နေ (ဒေါ်ကြင်ရင်)၏ မောင်၊ ဒေါ်ခင်ညို၏အစ်ကိုဦးစိုးအောင်-ဒေါ်သန်းသန်းဝင်းတို့၏ဦးလေး၊ မသဇင်စိုး၊ မယင်းမာစိုးတို့၏ ဘဘကြီး၊ မအင်ကြင်းဖူး၏အဘိုးသည် ၂၁-၁-၂၀၀၄ရက်နေ့ နံနက် (၁၁း၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ဆင်ဖြူကွင်းသုသာန်၌ မီးသဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁-၂၀၀၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၄)ပါ တရားရုံးချုပ်ရှေ့နေ ဦးလှိုင်စိုး(၃၅၇၁)၏ ကြော်ငြာချက်တွင် တိုက်အမှတ် (၅၄) အစား (၃၄) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တိုက်ခန်းရောင်းမည်

ပြည်သူ့ဥယျာဉ်အနီး၊ ရပ်ကွက်သန့်သည်။ အသင့်နေနိုင်၊ တရုတ်လက်သမားလက်ရာ၊ ၅-ဖလွှာ (ဟောင်ကောင်ပုံစံ) မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ **(ပွဲစားမလို)**
ဖုန်း-၅၀၃၉၈၄(၀၉၈၀၃၃၁၃၂)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှဲ့လှဲ့ဝင်း (ဂန့်ဂေါ)

မောင်ကျော်ကိုကို (ဒု-နှစ်) (အကြီးတန်း) (E.E)၏မိခင် ဒေါ်လှဲ့လှဲ့ဝင်း ကွယ်လွန်ကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဌာနမှူးနှင့် ဆရာ၊ ဆရာမများ
သူငယ်ချင်းများ (ဒု-နှစ်၊ ကြီး)
ညီငယ်များ (ဒု-နှစ်၊ ငယ်)
ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်ပညာဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
မခင်ဖြိုးကြည်(ကွမ်းခြံကုန်း)

အင်ဂျင်နီယာ ဦးကျော်စိုး (ATG Construction)နှင့်ဒေါ်ကြည်ဝင်း (ဆလက)တို့၏သမီး မခင်ဖြိုးကြည်(Dip. in Information System) ၁၈-၁-၂၀၀၄နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။
ဦးကျော်ခိုင်-ဒေါ်ခင်ခင်အေး။

ဝမ်းနည်းကြေကွဲခြင်း
မခင်ဖြိုးကြည်(ကွမ်းခြံကုန်း)

အင်ဂျင်နီယာ ဦးကျော်စိုး (ATG Construction)နှင့်ဒေါ်ကြည်ဝင်း (ဆလက)တို့၏သမီး မခင်ဖြိုးကြည်(Dip. in Information System) ၁၈-၁-၂၀၀၄နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။
နမ္မဒါဂေါက်ကလပ်အသင်း။

ဝမ်းနည်းကြေကွဲခြင်း
မခင်ဖြိုးကြည်(ကွမ်းခြံကုန်း)

အင်ဂျင်နီယာ ဦးကျော်စိုး (ATG Construction)နှင့်ဒေါ်ကြည်ဝင်း (ဆလက)တို့၏သမီး မခင်ဖြိုးကြည်(Dip. in Information System) ၁၈-၁-၂၀၀၄နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။
ဦးမျိုးတင့်၊ ဦးမြစိန်၊ ဦးခင်လှိုင်
မင်းဘူးမြို့။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့်ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။
၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

ထားဝယ်အသင်း
ဒေါ်လှကြည် (၇၄)နှစ်
(ထားဝယ်)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ၅/၅ရပ်ကွက်၊ အမှတ်(၃၇-က)၊ သရဖီလမ်းနေ (ဦးရွှေအေး)၏ဇနီး ဒေါ်လှကြည် အသင်းဝင်အမှတ်(၃၆၇၆)သည် ၁၉-၁-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် (ကျူချောင်)သုသာန် သို့ ပို့ဆောင် သဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်ကော်မတီ။

မောင်မျိုးဇေယျာထွဋ်
အသက်(၂၅)နှစ်
Final Year (Geology)
ဒဂုံတက္ကသိုလ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းအပိုင်(၁၂)၊ ဂျိုးဖြူလမ်း၊ အိမ်အမှတ်(၃)နေ ဦးအညို (အရာခံဗိုလ်၊ ဆေးလက်ထောက်)-ဒေါ်သန်းသန်းဆွေတို့၏သားငယ်၊ ဦးမောင်လှ-ဒေါ်အေးအေးလွင်၊ ဒေါ်အေးအေးဝင်းတို့၏တူ၊ ကိုဝင်းကျော်ဟိန်း (M.Sc, M1) Maths, B.Tech (Civil)-မသန္တာအောင်(M.Sc, M1), Mathsတို့၏ညီ၊ မခင်မာညိုဝင်း (3rd Year, Zoology)၊ မခင်အိအိခက် (2nd Year, IR)၊ မောင်ရဲရင့်သူ၊ မောင်ရဲလင်းသူတို့၏အစ်ကိုသည်၁၈-၁-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၀၄(အင်္ဂါနေ့)တွင် ပေါက်ကုန်းသုသာန်သို့ ပို့ဆောင် ဂူသွင်း သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဆရာကြီးဦးစိန်ခို
အသက်(၁၀၂)နှစ်
(ကျိုက်လတ်မြို့)

ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၁၇)နေ (ဒေါ်ရီ)၏ခင်ပွန်း၊ (ဦးစိန်လင်း)-ဒေါ်သန်းမြင့်၊ ဦးတင်စိန်-ဒေါ်ကျင်စိန်၊ ဒေါ်ခင်အေးရီ၊ ဦးအောင်ထွန်း-ဒေါ်ခင်လေးကြည် (မန်နေဂျာ၊ မြန်မာ့ကျောက်မျက်၊ မိုးကုတ်)၊ ဦးမောင်မောင်အေး(စီမံကိန်းအင်ဂျင်နီယာ၊ သာပေါင်း)-ဒေါ်မြင့်မြင့်ဝေ (လ/ထမန်နေဂျာ၊ စက္ကူစာတု)၊ ဦးဇော်မင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၀၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွန်းသိန်း (၆၃)နှစ်
ကမာကနီး
ပြည်တွင်းရေကြောင်း
(ကုန်စည်/စက်ဘက်ဌာန)

ကမာကနီးရွာနေ (ဦးဖိုးဝင်း-ဒေါ်ပု)တို့၏သား၊ ဦးတင်အေး(ပြည်တွင်းရေကြောင်း)-ဒေါ်ခင်စန်းဝေ၊ ဦးသိန်းဝင်း၊ ဒေါ်သိန်းနု၊ ဦးအောင်နိုင် (ကားပေါ်လစ်)-ဒေါ်ပြုံး၊ ဦးမောင်မောင်တင် (ပြည်တွင်းရေကြောင်း)-ဒေါ်ရီရီလွင်တို့၏ဦးလေးသည် ၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၎င်း၏ဆန္ဒအရ ၂၂-၁-၂၀၀၄ရက်နေ့တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်အိန်း
အသက်(၇၄)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ သီတာလမ်း၊ အမှတ်(၄၂)နေ (ဦးဝက်လာ-ဒေါ်စိန်)တို့၏သမီး၊ (ဦးမော်လင်)၏ဇနီး၊ (ဦးလှသွင်-ဒေါ်တင်ညွန့်)၊ ဦးဆွေလှိုင်-(ဒေါ်ကြင်မြင့်)တို့၏ညီမ၊ ဦးလှကျော်(ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန)-ဒေါ်သန်းသန်းဌေး(လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး)၊ ဒေါ်သန်းသန်းနွယ်(မွန်ပြည်နယ်ပညာရေးမှူးရုံး)၊ ဒေါ်သန်းသန်းနု၊ ဦးမျိုးသန့်-ဒေါ်သိန်းသိန်းစိုး၊ ဦးမျိုးသိန်း-ဒေါ်မြင့်မြင့်ခိုင်(မြဝတီ) တို့၏မိခင်၊ ဗိုလ်လေောင်းလင်းထက်ဦး၊ မောင်နေမျိုးအောင်(မော်လမြိုင် GTC)၊ မခင်ချိုဝင်း (X ဂ-အထကမော်လမြိုင်)၊ မောင်အုပ် စိုးပိုင်(IX င၊ အထက-၂၊ ကမာရွတ်)၊ မသိမ့်သိမ့်စံ၊ မောင်ဟန်မင်းသူ၊ မရွှေရွှေအိတို့၏အဘွားသည် ၂၁-၁-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅နာရီတွင် ဗဟိုစည်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မှာပင် သဂြိုဟ်ပြီးစီးပါကြောင်း၊ ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်) သပြေလမ်း၊ ရွှေငါးခြံ၊ တိုက်(၁)၊ အခန်း(၂)နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးနေဝင်း
အသက်(၄၆)နှစ်
(မိတ္ထီလာ)

မိတ္ထီလာမြို့၊ စာတိုက်လမ်းနေ(ဦးခင်မောင်ဝင်း)-ဒေါ်ဒေါ်အုန်းတို့၏သား၊ ဦးတင်အောင်-ဒေါ်ရီတို့၏သားသမက်၊ (ဦးကိုလေး)-ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးလှသွင်-ဒေါ်စိန်စိန်၊ (ဦးခင်မောင်သန်း)-ဒေါ်ရီရီဝင်း၊ ဦးမောင်မောင်-ဒေါ်စန္ဒာရွှေ၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ချိုချိုဝင်း၊ ဦးစိုးဝင်း-ဒေါ်အေးအေးဝင်း၊ ဦးကျော်သိန်း-ဒေါ်ပေါ်ပေါ်ဝင်း၊ ဦးစိုးနိုင်ဝင်းတို့၏ညီ/မောင်၊ ဦးမောင်မောင်ထွေး-(ဒေါ်ခင်မျိုးဝင်း)၊ (ဦးစောလွင်ဦး)-ဒေါ်မိုးမိုးသာတို့၏အစ်ကို၊ ဒေါ်ခင်အေးမူ (ပေါက်ပေါက်)၏ခင်ပွန်း၊ မောင်သော်မျိုးထက်-မစုသန္တာဝင်း၊ မောင်ရန်နိုင်ဝင်းတို့၏ဖခင်၊ တူ၊ တူမ(၂၀)ယောက်တို့၏ ဦးလေးသည် ၂၀-၁-၂၀၀၄ရက် (အင်္ဂါနေ့) ည၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် တောမသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	[illegible]	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁။	[illegible]	MMN-[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	L/RGN-[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	[illegible]	DNU-[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]



တိုင်းတစ်ပါးကျူးကျော်မှုဒဏ်ကို ခံစားနေရသော အီရတ်ပြည်သူများ၏ အနိဋ္ဌာရုံများ အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင် စာအုပ်များ၏ နောက်ဆက်တွဲ နောက်ဆုံးဖြစ်ရပ်များ။

ထွက်ပြီ

- သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင် အမှတ်–၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
- ကြေးမုံသတင်းစာတိုက် အမှတ်–၇၇၊ ၅၂လမ်း ရန်ကုန်မြို့တို့တွင် ရရှိနိုင်သည်။

ဦးမောင်ဝင်း(ခ) ချီချက်မိန်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းအမှတ် (၉၇/A) တတိယလွှာနေ (ဦးနိဂုံ–ဒေါ်ယဉ်မြိုင်)တို့၏ သား၊ ဒေါ်ကျင်(ခ)ချင်ဇုတ်ကျင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမျိုးအောင်– မစန်းမြင့်၊ မစန်းအေး၊ (မစန်းရီ)၊ ကိုမြင့်သန်း– မစန်းကြည်၊ မောင်တိုးမောင်၊ မစန်းဝင်း၊ မောင်တိုးအောင်တို့၏ ဖခင်၊ မအိဟန်နီမျိုး (အထက–၁၊ဒဂုံ)၊ မမြတ်မို့မို့အောင် (အထက–၁၊ဒဂုံ)၊ မယဉ်မျိုးမျိုးနိုင် (အလက–၁၊ဒဂုံ)၊ မောင်ဇော်ဇော်အောင်၊ မိုက်လီယွမ်တို့၏ အဘိုးသည် ၂၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးကောင်းတံတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ကြည်
အသက်(၇၃)နှစ်
စာရင်းစစ်(ငြိမ်း)
(ကျောက်ပန်းတောင်း)

မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ဝက်ကြီးအင်းကျေးရွာနေ (ဦးဖိုးဦး–ဒေါ်ဒေါင်း)တို့၏ သား၊ ကျောက်ပန်းတောင်းမြို့၊ လယ်ယား(တောင်ရွာ)နေ ဒေါ်ခင်ထွေး၏ခင်ပွန်း၊ ဒေါ်လှမြင့်၊ ဒေါ်မြစိန်၊ ဒေါ်မြရှိန်တို့၏ အစ်ကိုကြီး၊ ကိုသန်းထွန်းအောင်(မြိတ်)၊ကိုသော်တာ (စက်မှုလယ်ယာ)၊မဥမ္မာကြည်(ရေနီ)၊ ကိုဖြိုးဝေအောင်(နယ်စပ်စည်ပင်)၊ မစောဥမ္မာ၊ မသူဇာအောင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၃–၁–၂၀၀၄ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ကျောက်ပန်းတောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ (စနေနေ့)တွင် ကျောက်ပန်းတောင်း အမှတ်(၂) သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး
ဒေါ်တင့်တင့်ထွန်း
အသက်(၆၃)နှစ်
(B.A,Dip,Ed)
(အထပြ၊ ငြိမ်း) (မုံရွာ)

ရေဦးမြို့နေ (ဦးဘိုထွန်း–ဒေါ်စောတင်)တို့၏သမီးထွေး၊ မုံရွာမြို့နေ ဦးသာဌေး (အငြိမ်းစား ကျောင်းဆရာကြီး)၏ဇနီး၊ ကုန်သည်ဦးစိုးသန်း–ဒေါ်လွင်လွင်ဌေး(မုံရွာမြို့)၊ ဗိုလ်မှူးကျော်စိုး–ဒေါ်စိုးစိုးဌေး(အင်းတိုင်)၊ ဗိုလ်မှူးခင်မောင်လတ်–ဒေါ်ကေခိုင်ဌေး(မြိတ်)တို့၏မိခင်ကြီး၊ မောင်ငြိမ်းချမ်းစိုး၊ မမေစပယ်စိုး၊ မအေးသပြေလတ်၊ မသဇင်စိုး၊ မဇွန်မာလာလတ်၊ မောင်အာကာကျော်စိုးတို့၏အဘွားသည် ၂၃–၁–၂၀၀၄ရက် ည၉နာရီတွင် လှည်းကူးမြို့နယ် အင်းတိုင်၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီ တွင် မင်းလွင်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မမလေး
အသက်(၉၂)နှစ်

မန္တလေးမြို့နေ (ဦးကွန်း–ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ကနကမာလမ်း၊ အမှတ်(၇)နေ (ဦးကိုကြီး)၏ ဇနီး၊ ဒေါ်တင်အေး၏ မိခင်၊ ကိုအေးကိုကို (Bagan Cybertech)၏ အဘွား၊ မန္တလေးမြို့နေ ဦးလှစိန် (ညွှန်ကြားရေးမှူး–ငြိမ်း၊စက်မှု/စားကုန်၊စက်မှု–၁)–(ဒေါ်ကြည်ကြည်)တို့၏ အဒေါ်၊ ကိုအောင်ခိုင်–မဆွေဆွေလှ၊ ကိုဇော်လွင်–မစန်းစန်းလှတို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၃–၁–၂၀၀၄(သောကြာနေ့)ညနေ ၆း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်လှ
အသက်(၈၄)နှစ်
ရဲအုပ်(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးစိန်မှတ်–ဒေါ်သန်းမြ)တို့၏ သား၊ (ဦးဘစိန်–ဒေါ်စိန်ညွှန့်)တို့၏ သားသမက်၊ ဒေါ်ကျင်မြိုင်၏ ခင်ပွန်း၊ ပြည်မြို့၊ ဆင်မြီးဆွဲနေ ဦးသိန်းထွန်း–ဒေါ်ကျင်သိန်း၊ လေတပ် အရာခံထွန်းလင်း–နော်ကလယ်ရီဘလ်ထွန်း၊ ဗဝတ(ဖောင်ကြီး)နေ ဦးထွန်းမင်း(ဌာနစုမှူး၊ စီမံ)၊ ဒေါ်ဝင်းရီ၊ ဦးဇော်မင်း (ပုံနှိပ်–၃၊ စီမံ)–ဒေါ်သိန်းသိန်းနု၊ ဗဝတ (ဇီးပင်ကြီး)နေ ရဲအရာခံမောင်နီ–ဒေါ်အမာ(ရုံးအုပ်၊လကရ)၊ ဦးကျော်မင်း (မူပြ)–ဒေါ်ရီရီမြင့်(မူအုပ်)၊ ရဲတပ်ကြပ်ကြီးလှမင်း(ရကရ)–ဒေါ်သီတာပြုံးတို့၏ ဖခင်၊ မြေး၂၇ယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၂၀–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်လုံးရှင်
အသက်(၆၇)နှစ်
(ကွမ်းခြံကုန်း)

ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၃)နေ (ဦးချမ်းသာ–ဒေါ်မကြီး)တို့၏ သမီး၊ (ဦးကျဲ–ဒေါ်သိန်းမြ)တို့၏ ချွေးမ၊ (ဦးလှကြီး)–ဒေါ်ဝက်၊ (ဦးခွေး)–ဒေါ်ခင်ညွန့်၊ (ဦးစံအေး)–ဒေါ်သိုတင်တို့၏ ညီမ၊ ဦးနန်းအောင်–ဒေါ်တင်ကြည်၊ (ဦးစိန်မြင့်)–ဒေါ်လှစိန်၊ (ဦးမောင်ကြီး)–ဒေါ်လှရှင်တို့၏ အစ်မ၊ (ဦးကျော်တင့်)၏ ဇနီး၊ ကိုစန်း–မအုံးမြင့်(ခ)မအေး၊ ကိုညွန့်အောင်–မမော်၊ မအေးအေးမော်၊ ကိုဗိုလ်တူး–မလှလှ၊ကိုချိုတူး၊ ကိုကျော်ထွေး–မနွဲ့တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၃–၁–၂၀၀၄ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ခနိတောသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်လီဒွိကြည်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ အမှတ်(၂၃၄၊ မြေညီ/ယာ)နေ (ဦးမောင်တင်)၏ဇနီး၊ ဦးသောင်းထိုက် – ဒေါ်ခင်ကေသီမြင့်၊ ဒေါ်ဖောင်ရိတ်ချိန် – ဦးကြူးကြီးခွန်၊ ဦးဖောင်ဝိန်ဖတ်၊ ဒေါ်ဖောင်မွန်းကင် (ခ) မကျင်ကျင်–ဦးရှုရွမ်ရွမ်တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၄–၁–၂၀၀၄ရက် နံနက်၆နာရီတွင် ကွယ်လွန်ပါသဖြင့် ၂၆–၁–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၈း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်(၈၁)နှစ်

မြင်းခြံမြို့နေ (ဦးရွှေချင့်–ဒေါ်ယဉ်မေ)တို့၏ သမီး၊(ဗိုလ်မှူးစောလျှံ)၏ဇနီး၊ ဦးကျော်တင့်၏ အစ်မ၊ အမှတ်(၁/၁၆–၆၀/၅၈ကြား)၊၂၆ဘီလမ်း၊ မဟာနန္ဒီလမ်း၊ မန္တလေးမြို့နေ ဒေါက်တာ ဦးသန်းဝင်း–ဒေါ်ဘေဘီစောလျှံ၊ (ချိုချိုစောလျှံ)၊ ဦးမိုးဟိန်း–ဒေါ်ကြည်ကြည်မြ (တိုင်းသစ်တော၊မန္တလေး)၊ (ဦးခိုင်လျှံ)–ဒေါ်ဥမ္မာ (ညောင်ဦးသစ်တော)၊ ဦးမောင်မောင်အောင်(ပျဉ်းမနားသစ်တော)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊မြေးလေးယောက်တို့၏ အဘွားသည် ၂၂–၁–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄(စနေနေ့) မွန်းလွဲ၁နာရီတွင် ကြာနီကန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား သိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်လုံးတုံး(ခ)ဒေါ်ကျင်မြိုင်
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ အရှေ့(၁၁)လမ်း၊ အမှတ်(၁၀၂၆)နေ ရာသက်ပန်အသင်းဝင် ဦးစောမြင့်၏ ဇနီး၊ ရာ/အသင်းဝင် ဒေါ်လုံးတုံး(ခ)ဒေါ်ကျင်မြိုင်သည် ၂၃–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၅–၁–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးအောင်စိုး
အသက်(၄၉)နှစ်
(အောင်စိုးကဖေး)

မကွေးတိုင်း၊ တောင်တွင်းကြီးမြို့၊ အုန်းပင်တော(၁)ရပ်ကွက်နေ(ဦးစံမင်း–ဒေါ်ရွှေမြင့်)တို့၏သား၊ ဒေါ်ခင်မြတ်သွယ်၏ခင်ပွန်း၊ မောင်နိုင်လင်း (G.T.G မကွေး)၊ မောင်ဘုန်းဟန်(တ–နှစ်၊ ဘူမိ)၊ မောင်ဌေးစိုး(ပထဝီ၊မကွေး)၊ မယဉ်မွန်စိုး၊ မောင်စိုးထက်၊ မောင်ဟန်ဌေး၊ မောင်ရန်နိုင်အောင်၊ မမြတ်မွန်ခိုင် (အထက –၂၊ တောင်တွင်းကြီး)တို့၏ ချစ်လှစွာသောဖခင်သည် ၂၃–၁–၂၀၀၄ရက် ည၈း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၂၅–၁–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
(သဲအင်းဟောဂီ)
ဦးတင်လှိုင်(၈၇)နှစ်
(ဟသ်ာတ)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၁၅၁)နေ (ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊ (ဦးဟန်ကြည်–ဒေါ်တင်မြင့်)တို့၏ မောင်၊ (ဦးစိန်ဝင်း–ဒေါ်ကြည်ကြည်)၊ ဦးစိန်ထွန်း–ဒေါ်ခင်ညိမ်း(ဟသ်ာတ)တို့၏အစ်ကို၊ ဦးဝင်းမြင့်အောင်၊ ဦးသန်းထွဋ်–ဒေါ်ဝါဝါဝင်းရွှေ၊ ဦးကျော်စိန်–ဒေါ်ခင်မာမြင့် (Pepsi Shop၊စားတော်ဆက်)၊ (ဦးလှမောင်)–ဒေါ်ခင်ခင်၊ ဦးမောင်မောင်–ဒေါ်သန်းသန်းတိုး(ရတနာထွန်းစတိုး)၊ ဦးဝင်းတင်–ဒေါ်ကြွယ်ကြွယ်၊ (ဦးခင်မောင်စံ)–ဒေါ်သန်းသန်းဝင်း၊ဦးအောင်ဝင်း–ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ဝါဝါဝင်း၊ ဒေါ်မာလာဝင်း၊ ဒေါ်သီတာဝင်း၊ ဒေါ်ခင်သန်းဝင်း၊ ဦးကျော်ဇောမောင်၊ ဒေါ်ခင်မာရီ၊ ဒေါ်လှလှခိုင်တို့၏ဦးလေးသည် ၂၄–၁–၂၀၀၄ (စနေနေ့) နံနက် ၅နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်–၁၅၁၊ ၄၆–လမ်း၊ ဗိုလ်တထောင်မြို့နယ်မှ ကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာ
(သဲအင်းဟောဂီ)
ဦးတင်လှိုင်(၈၇)နှစ်
(ဟသ်ာတ)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၁၅၁)နေ (ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊ (ဦးဟန်ကြည်–ဒေါ်တင်မြင့်)တို့၏ မောင်၊ (ဦးစိန်ဝင်း–ဒေါ်ကြည်ကြည်)၊ ဦးစိန်ထွန်း–ဒေါ်ခင်ညိမ်း(ဟသ်ာတ)တို့၏အစ်ကို၊ ဦးကျော်–ဒေါ်နီနီတိုးတို့၏ ဖခင်၊ မောင်ထူးကျော်လှိုင်(IAD–KMD)၊ မထည်ဝါကျော် (ပထမနှစ်၊ ကုန်ထုတ်ဓာတုဗေဒ)၊ မောင်တိုးအောင်လှိုင် (VI– အထက၊ ဗိုလ်တထောင်)တို့၏ အဘိုးသည် ၂၄–၁–၂၀၀၄(စနေနေ့) နံနက်၅နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်–၁၅၁၊ ၄၆–လမ်း၊ ဗိုလ်တထောင်မြို့နယ်မှ ကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa,Ral Bik (ခ) ဦးတင်သိန်း (၅၄)နှစ်

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ၆/၂၁၅၊ ကြယ်တံခွန်လမ်းနေ Pa. Cong Ci-Nu, Don Uangတို့၏ ဒုတိယမြောက်သား၊Rev. Zung Hrnung၏ညီ၊ Rev. No. Hnung. Nu, Khuang Sung. Nu. Phun Zing, Pa. Khua Za Thangတို့၏အစ်ကို၊ Saya. Ngun Khua Zam, Bawi Hlawn Sang, No Men Par. Uan Khaw Lianနှင့် Saw Naiတို့၏ မွေးဖခင်၊ Bawi Lian Thang၏အဘိုး၊ Nu. Sai Vel၏ ချစ်လှစွာသောခင်ပွန်း၊ Pa,Ral Bik(ခ) ဦးတင်သိန်း (Southern Metal Industry Co, Ltd)သည် ၂၃–၁–၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄–၁–၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်နေအောင်ကျော်
အသက်(၂၈)နှစ်
N.C.C. Computer (94)

ရန်ကုန်မြို့၊ (၄၉)လေးလွှာ၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်လေးနေ (ဦးရွှေဝင်း၊မြန်မာ့သစ်လုပ်ငန်း) – ဒေါ်ခိုင်လင်းမြင့်၏သားငယ်၊ ကိုထက်အောင်ကျော် (Adventure Myanmar Travels Tours.) – မမေသရဝဏ်ဦး(Faces Magazine)၏ ညီ၊ မသန္တာဇော် (ဖောင်းဖောင်း)၏ အစ်ကို၊ မောင်ဇေယျတု (အထက–၆၊ ဗိုလ်တထောင်)၏ ဦးလေး၊ ဒေါ်တင်တင်အေး(အထပြ–ငြိမ်း)၊ ဦးကျော်လှ(မြန်မာ့သစ်လုပ်ငန်း)–ဒေါ်ခင်ဆွေသိန်း၊ ဒေါ်တင်တင်ထွေး (Tin Tin Htwe Consultant)–ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)၊ ဒေါ်တင်တင်မြင့် (Win Enterprise Ltd)၊ ဒေါ်ရီရီမြင့် (Accountant Zar Zar Co., Ltd.)–ဦးတင်လှိုင်၊ ဒေါ်စန်းစန်းနွယ်(Account. Cho Cho Industry) တို့၏ တူသည် ၂၁–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃–၁–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးပဥ္စင်းကြီးဦးဝိလာသ
ဗိုလ်မှူးလှထွန်းလေး(ငြိမ်း)
သေလာဂီရိချောင်၊ စစ်ကိုင်းတောင်ရိုး
သိက္ခာတော်(၃)ဝါ သက်တော်(၇၀)

တောင်ငူမြို့၊ မြို့ကြီးလမ်း၊ အမှတ်(၂၀/၂၆၁)နေ (ဦးဘထွန်း–ဒေါ်လှရွှေ)တို့၏ သား၊ဦးခင်စိုး၏ညီ၊ ဒေါ်အေးမြင့်၏မောင်၊ ဦးတင်ထွန်း၊ဒေါ်သောင်းမြင့်၊ဒေါ်တင်တင်ဝင်း၊ ဒေါ်ကြူကြူဝင်း၊ (ဦးအုံ့ထွန်း)၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ခင်ဆွေမြင့်၊ ဒေါ်ခင်ဆွေဆင့်၊ ဒေါ်မိုးသူဇာ၊ ဒေါ်မိုးရွှေဝါ၊ ဒေါ်ကြည်ကြည်ထွေးတို့၏ အစ်ကိုသည် ၂၀–၁–၂၀၀၄ (အင်္ဂါနေ့) ည၁၁နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့်၂၂–၁–၂၀၀၄(ကြာသပတေးနေ့) တွင် တောင်ငူမြို့၊ သြရိသာရအနောက် သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့၏အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်ဒါယိကာမကြီး
ဒေါ်မြင့်ခင်(ခ)အန်းမကြီး
အသက်(၇၅)နှစ်
ဆက်သွယ်ရေး(ငြိမ်း)
အောင်ကြီးစတိုး(သုဝဏ္ဏ)

ရန်ကုန်မြို့၊ (၁၆၅/၁)၊ သံသုမာလမ်း၊ သုဝဏ္ဏမြို့နေ [အင်ဟွာခင်း(ခ) ဦးခင်မောင်ဒီ]၏ဇနီး၊ (ဦးချွန်း–ဒေါ်တိန်)တို့၏သမီး၊ (အင်ဖင့်ကင်း–ဒေါ်ကျင်စိန်)တို့၏သမီးချွေးမ၊ (ဦးတင်ဝင်း)၏ညီမ၊ ဦးအောင်မြင့်–ဒေါ်ခင်ခင်စု၊ (ဦးရင်မောင်)တို့၏အစ်မ၊ ရှီးကြည့်စံ–ဒေါ်ခင်မာကြည်(ခ)မီးမီး၊ (ဦးကျော်စိုး)–ဒေါ်ခင်မာရီ(ခ)ပဲပဲတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်အောင်စိုးမိုး၊ မောင်ဝေဖြိုးနိုင်၊ မောင်ကျော်စိုးမိုး (ရေကြောင်းသိပ္ပံ)၊ မောင်ကျော်စိုးနောင် (အထက–၂၊ ကမာရွတ်)တို့၏အဘွားသည် ၂၂–၁–၂၀၀၄(ကြာသပတေးနေ့) ည ၁၀း၅၀ နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဇော(ခ) ဦးကျော်သိန်း (၇၁)နှစ်
စား/ထွေမန်နေဂျာ (အငြိမ်းစား)
(မြင်းခြံ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးဘဒင်–ဒေါ်ရွှေညွန့်)တို့၏ သားကြီး၊ ဒေါ်တင်တင်ဦး၊ ဒေါ်ရင်ရင်မြင့်တို့၏ မောင်၊ (ဦးမောင်မောင်ညွန့်)၊ ဗိုလ်မှူးအောင်ချစ် (အငြိမ်းစား)–ဒေါ်ခင်နွဲ့၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း)–ဒေါ်သန်းသန်းစိန်တို့၏ အစ်ကိုကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၄၉)နေ ဒေါ်ခင်မြ၏ ခင်ပွန်း၊ (ဦးမြတ်ဆွေ၊ ဒု/အကောက်ခွန်မှူး)–ဒေါ်စန်းစန်းဝင်း၊ ဦးစန်းကြည်(Lizstar)–ဒေါ်တင်တင်အေး၊ ဦးထွန်းအောင် (ရွှေပင်လယ်ဗီဒီယို)–ဒေါ်စန္ဒာဇော် (အထက–၂၊ တာမွေ)၊ ဦးကျော်ကျော်(၇) (ဒု/အကောက်ခွန်မှူး)–ဒေါ်မိုးမိုးမြင့်(အကောက်ခွန် ဦးစီးဌာန)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၃–၁–၂၀၀၄ရက် ညနေ ၆း၃၀နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းဌေး (၃၇)နှစ်
B.Sc.(Maths)
Potentes Co.Ltd.
(သစ်ရာကောက်)(မကွေးမြို့နယ်)

မကွေးမြို့နယ်၊ သစ်ရာကောက်ရွာနေ အဘဦးညီသန့်–အမိဒေါ်လန်း၏ သား၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့၊ သီရိမင်္ဂလာ(၁)လမ်း၊ အမှတ်(၁၃၀)နေ (ဦးချစ်လှ)–ဒေါ်သန္တာနုတို့၏ သားသမက်၊ ဦးမောင်ဝင်း၊ ဒေါ်တင်နွဲ့၊ ဦးအောင်ဝင်း၊ ဒေါ်ခင်နွဲ့၊ ဦးကျော်မြင့်၊ ဒေါ်ကြည်မြင့်၊ ဦးဇော်ဝင်း–ဒေါ်အမာရီ၊ ဦးရဲကြည်–ဒေါ်အေးမူ၊ ဦးစိုးမြင့်–ဒေါ်ဂွမ်းပုံ၊ (ဦးခင်မောင်ဇင်)–ဒေါ်အေးအေးတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၅၈)နေ မမြင့်မြင့်စန်း၏ခင်ပွန်း၊ မဖြူယမင်းသန့်၏ဖခင်သည် ၂၃–၁–၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်ပါ၍ ၂၅–၁–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တ သာသန မဟာထေရ်
သိက္ခာတော်(၇၀)၊ သက်တော်(၉၀)
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့(သဲအင်းဂူ) သာသနာ့အောင်ဗိမာန်ကျောင်းတိုက် ဝိဇ္ဇောဒယဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သာသနမဟာထေရ်သည် ၁၃၆၅ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၁–၁–၂၀၀၄၊ (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ၂၇–၁–၂၀၀၄ ၁၃၆၅ခုနှစ် တပို့တွဲလဆန်း၆ရက်(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် သုံးခွမြို့တွင် အန္တိမစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တ ကုမာရနှင့်
စျာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တ စန္ဒောဘာသ(ရေစကြို/မြိုင်)
သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ နိပဆေးတော၊ ပြည်တော်အေး၊ အောင်ချမ်းသာရွာ၊ ဆုတောင်းပြည့်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တ စန္ဒောဘာသ သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၇ရက်)၊ ၂၉–၁၂–၂၀၀၃ရက် ည ၁၂း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂ ရက်)၊ (၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆၊ ၁၇ရက်)များတွင် အန္တိမစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊ ရေစကြိုမြို့နယ်၊
နိပဆေးတောရွာနှင့် မြိုင်မြို့နယ်၊ပြည်တော်အေးရွာ၊အောင်ချမ်းသာရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နတ်မောက်မြို့ မကျီးတောကျောင်းဆရာတော်
ဘဒ္ဒန္တ ဇောတိက မဟာထေရ်
သိက္ခာတော်(၆၆)ဝါ၊သက်တော်(၈၆)နှစ်

မကွေးတိုင်း၊ နတ်မောက်မြို့၊ ကန်ကြီးရပ်၊ ရန်အောင်မြင် မကျည်းတောကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိကမဟာထေရ်သည် ၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်၊ ၁၄–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၄း၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော်၁၃–၁၄ရက်၊ ၁၈/၁၉–၂–၂၀၀၄ (ဗုဒ္ဓဟူး၊ ကြာသပတေး)နေ့များတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်
သိက္ခာတော်(၄၅)ဝါ၊သက်တော်(၈၀)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်
ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ
ပဓာနနာယကဆရာတော်

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ဆင်ခြံကျေးရွာ၊ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၏ပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် ပြာသိုလကွယ်နေ့၊ ၂၁–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်မူပြီးဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်)၊ ၇–၂–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင်သာဓုကီဠန အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။

ဆရာတော်ဦးကေတုမာလာနှင့် တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးလှမောင်
အသက်(၇၃)နှစ်
(ဒု–ဌာနခွဲ၊ အင်/ယာ)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ငြိမ်း)
(ရေနံချောင်း)

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်နေ (ဦးရွှေကူ–ဒေါ်ထားရှင်)တို့၏ သားကြီး၊ (ဦးချန်ထွန်း– ဒေါ်အေးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့ တိုက်(၇)၊ အခန်း(၅) မာဃလမ်း၊လှိုင်မြင့်မိုရ်အိမ်ရာနေ ဒေါ်ခင်ရွှေရွှေ(စက်မှု–၁–ငြိမ်း)၏ ခင်ပွန်း၊ (ဦးစန်း၊ မွေး/ရေ)–ဒေါ်တင်တင်လှ၊ (ဦးတင်မြင့်၊ တိုင်းအင်/ယာ)–ဒေါ်ခင်ထွေးဝင့်၊ (ဦးတင်ထူး)တို့၏ အစ်ကိုကြီး၊ (ဦးဆန်းလွင်ဦး)၊ ဒေါ်ဌေးဌေးမာ (သရုပ်ပြ၊ သတ္တဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးဝင်းမိုး (GM,Central Marketing Co.,Ltd) တို့၏ဖခင်၊ တူ၊ တူမငါးယောက်တို့၏ ဘကြီးသည် ၂၄–၁–၂၀၀၄(စနေနေ့) တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်(၇၁)နှစ်
ထ/၂၊ရန်ကင်း၊ ထ/၂ (ရေဦး)
အထက(၂)မင်္ဂလာဒုံ၊
(အောင်ဆန်းသုရိယလှသောင်းကျောင်း)
မြို့နယ်ပညာရေးမှူး(မင်္ဂလာဒုံ)
(မြင်းခြံ)

ရန်ကုန်မြို့၊တောင်ဥက္ကလာပ၊ (၁၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၅၄၁/က)နေ ဒေါ်ယဉ်ကျေး (အငြိမ်းစားကျောင်းအုပ်ကြီး၊အထက၊ထန်းတပင်)၏ခင်ပွန်း၊ (ဦးမြဒင်–ဒေါ်စိန်တင်)တို့၏ သား၊ (ဦးငွေစိုး)–ဒေါ်ဝသ(မြင်းခြံ)၏ မောင်၊ ဒေါ်ခင်အေးမြင့် (သတ္တဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၏ အစ်ကို၊ ဦးနွယ်အေး–ဒေါ်သင်းစပယ် (ရေအရင်းအမြစ်)၊ ဦးအောင်ဇေယျ(Chief Officer, Golden Eagle Co., Ltd.)-Dr. မိုးသူဇာ(Plastic, Maxillofalial & Oral Surg, Y.G.H)၊ ဗိုလ်မှူးသက်အောင်(ယာယီတပ်ရင်းမှူး)–ဒေါ်ခင်မိုးဝေ၊ ဒေါ်သီတာမွန် (Tongtah Co., Ltd.)၊ Dr. ထွန်းနေအောင် (1st Yr. Rehabilitation Medicine, I.M,1)–ဒေါ်ခင်ဝါဝါကျော်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂–၁–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၁–၂၀၀၄ (တနင်္လာနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ခရမ်းရေထိန်းတံခါးနှင့် ငမိုးရိပ် ရေထိန်းတံခါး

တည်ဆောက်မှုလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ညွှန့်တင်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်သည် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ခရမ်းရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းသို့ ပဲခူးမြစ်မှ စက်လှေဖြင့် သွားရောက်ပြီး ပဲခူးမြစ် ရေစီးရေလာနှင့် ခရမ်းရေထိန်းတံခါး တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(ဖ) ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ရေတံခါးတည်ဆောက်မှု၊ ရေခေါ်ရေထုတ်မြောင်းတူးဖော်မှုအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ရေထိန်းတံခါး၏ ဒီဇိုင်းပုံစံနှင့် တည်ဆောက်မှုလုပ်ငန်းပိုင်းတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဌာနဆိုင်ရာများနှင့် ခရမ်းရေထိန်းတံခါး စီမံကိန်းတည်ဆောက်ရေးနှင့် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင်(အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ရေရရှိရေးနှင့် ရေထိန်းတံခါးများအခြေအနေ၊ စိုက်ပျိုးရေပေးဝေနိုင်မှု၊ မင်းရွာရေထိန်းတံခါး၊ ပုဂံညောင်ပင်ရေထိန်းတံခါး၊ ကျိုက်ပဒိုင်ရေထိန်းတံခါး၊ တာဝရေထိန်းတံခါး၊ရွှေလှေရေထိန်းတံခါးတို့၏ ဆက်စပ်ရေပေးဝေရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် ခရမ်းရေထိန်းတံခါးတည်ဆောက်ရန် အုတ်မြစ်မြေကြီးတူးဖော်မှုလုပ်ငန်း ကွန်ကရစ်လောင်းနေမှုလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သေသပ်ခိုင်ခံ့မှုရှိရေး၊ အချိန်မီပြီးစီးရေး၊အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး မှာကြားသည်။

ခရမ်းရေထိန်းတံခါးသည် ပဲခူးမြစ်နှင့် ခရမ်းချောင်းတို့ဆုံရာ၌ တည်ဆောက်လျက်ရှိရာ ရေထိန်းတံခါးတည်ဆောက်ခြင်းဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်း၊သုံးခွနှင့် သန်လျင်မြို့နယ်များ၌ ရေတော်မိုးတော် လယ်ယာမြေများရရှိပြီး နွေစပါးနှင့် သီးထပ်သီးနှံများစိုက်ပျိုးရာ၌ ရေငန်တားဆီးမှု၊ ရေချိုရရှိနိုင်မှုအပြင် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို များစွာအကျိုးပြုမည်ဖြစ်သည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အစပ်၌ ငမိုးရိပ်ချောင်းပေါ်၌ ငမိုးရိပ်ရေထိန်းတံခါးတည်ဆောက်နေမှု၊ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ခရမ်းရေထိန်းတံခါး၏ အုတ်မြစ်မြေကြီးတူးဖော်မှုနှင့် ကွန်ကရစ်လောင်းနေမှုအခြေအနေကို တွေ့ရစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဘင်း(မ်)စတက်ပြိုင်ပွဲဝင်ရန် မြန်မာလူငယ်အသင်း ၂၂ဦးရွေးထား အသင်းလိုက် ကစားကွက်ပုံစံများ အလေးထား လေ့ကျင့်နေ



ဘင်း(မ်)စတက်ဘောလုံးပြိုင်ပွဲအတွက် မြန်မာလူငယ် ဂိုးသမားများ လေ့ကျင့်နေစဉ်။ (အပေါ်ပုံ) နှင့် ဘင်း(မ်)စတက် ဘောလုံးပြိုင်ပွဲအတွက် မြန်မာလူငယ် ဘောလုံးသမားများ လေ့ကျင့်နေစဉ်။ (အောက်ပုံ)

(ဓာတ်ပုံ-စိုးညွန့်)

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်

ဘင်း(မ်)စတက်နိုင်ငံများ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ ဖူးကက်မြို့တွင် ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရန် ရက်အနည်းငယ်မျှသာ လိုတော့သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် ထိုင်းနိုင်ငံ အပါအဝင် မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာလူငယ်အသင်းသည် ဇန်နဝါရီလဆန်းပိုင်းမှစ၍ စခန်းဝင် လေ့ကျင့်လျက်ရှိသည်။ အာဆီယံ(ယူ-၁၈) ချန်ပီယံ မြန်မာလူငယ် ဘောလုံးအသင်းမှ ဘောလုံးသမားများကို အခြေခံကာ လူသစ်ကစားသမားများ ထပ်မံဖြည့်တင်း ဖွဲ့စည်းလေ့ကျင့် ပြင်ဆင်နေသည်။ အဆိုပါဘောလုံးအသင်းကို နည်းပြချုပ် ဦးတင်ဟန်၊ နည်းပြဆရာ ဦးကြည်လွင်တို့က ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိသည်။

အသက်(၁၈)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းသည် နိုင်ငံအတွက် အာဆီယံချန်ပီယံ ဆုဖလားကို ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီးဖြစ်ရာ ယခုယှဉ်ပြိုင်ရမည့် ပြိုင်ပွဲတွင်လည်း အောင်မြင်မှု ရရှိရေးအတွက် နည်းပြဆရာများ၊ အားကစားသမားများက အောင်နိုင်ရေးစိတ်ဓာတ်ဖြင့် အကောင်းဆုံးအနေအထား ရောက်ရှိရေး ရည်မှန်းပြင်ဆင်လျက်ရှိသည်။

မြန်မာလူငယ် ဘောလုံးအသင်းအနေဖြင့် ပြိုင်ပွဲ၌ ခြေအဆင့်အတန်းရှိသော အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ အနိုင်ရရှိရေးခက်ခက်ခဲခဲ ယှဉ်ပြိုင်ရဖွယ်ရှိသည်။သို့သော်မြန်မာလူငယ်အသင်းမှ ကစားသမားများသည် အောင်နိုင်ရေး စိတ်ဓာတ်၊ မလျှော့သော ဇွဲ၊လုံ့လတို့ဖြင့် ကြိုးစား **စာမျက်နှာ ၁၀ ကော်လံ ၂ သို့** ❍

အချိန်အခါမဟုတ် မိုးရွာနိုင်

ရန်ကုန် ဇန်နဝါရီ ၂၄

ယနေ့နံနက် မြန်မာ စံတော်ချိန် (၀၉:၃၀) နာရီအချိန်တိုင်းထွာချက်များအရ ယနေ့မွန်းလွဲမှ နောက်(၄၈)နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ကြောင်း သက်ဆိုင်ရာက သတိပေးချက် ထုတ်ပြန်သည်။

ယနေ့ထုတ် စောင်ရေ

၁၉၇၀၂၉

အင်္ဂါဂြိုဟ်လှေ့လာရေးယာဉ်အချက်ပြအသံကိုသာပေးပို့နေ

ဝါရှင်တန် ဇန်နဝါရီ ၂၄

အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ ၁၇ရက်ကြာ စူးစမ်းလေ့လာရေး လုပ်ဆောင်ပြီးနောက် နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် စပရစ်သည် ဓာတ်ပုံများ၊ သိပ္ပံပညာရပ်ဆိုင်ရာ အချက်အလက်များ ပေးပို့ရမည့်အစား အချက်ပြအသံကိုသာပေးပို့လျက်ရှိသောကြောင့် နာဆာအဖွဲ့သည် စပရစ်နှင့် အဆက်အသွယ်ပြန်လည်ရရှိနိုင်ရန် ကြိုးစားလျက်ရှိသည်။

ရိုးရိုးအချက်ပြသံများကိုသာပေးပို့နေခြင်းကြောင့် စပရစ်သည် ပြဿနာကြီးတစ်ရပ်နှင့် ရင်ဆိုင်နေရပြီး ယင်းပြဿနာသည် မည်သည့်အချက်ဖြစ်သည်ကို မသိရှိရသေးပေ။ အပူချိန်မြင့်မားမှုကြောင့် ပစ္စည်းကိရိယာများ အရည်ပျော်သွားသလော၊ သို့မဟုတ် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသလောဆိုသည်ကို နာဆာအဖွဲ့က သေသေချာချာသိရှိနိုင်ရန် အသုံးဝင်သည့် အဆက်အသွယ်ရှိခြင်း မရှိသေးကြောင်း သိရသည်။ စပရစ်သည် အင်္ဂါဂြိုဟ်ကို လှည့်ပတ်နေသည့် ဂြိုဟ်တုနှင့် အဆက်အသွယ်ပြုလိမ့်မည်ဟု နာဆာအဖွဲ့က မျှော်လင့်ထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မဟာစည် ဓမ္မသဘင်များ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မဟာစည်နယ်လှည့် ဓမ္မကထိကနှင့် ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ သီလာစာရနှင့် ဓမ္မာစရိယ ဘန္ဒန္တဥတ္တမတို့သည် ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၈ ရက်၊ ဇန်နဝါရီ ၂၉ ရက်မှစ၍ ဧရာဝတီတိုင်း ဟင်္သာတမြောက်ပိုင်း ဖရဲကိုးအင်းကျောင်း၊ ကြံခင်းဘိလပ်မြေစက်ရုံ၊ ပေါက်တိုင်းကျောင်းကြီး၊ သောင်ပြင်ကုန်းကျောင်း၊ ကြံခင်းမြို့ ဓမ္မစကြာကျောင်းရိပ်သာ၊ မြန်အောင်မြို့၊ လေးမျက်နှာ မဟာစည်ရိပ်သာ၊ ကနောင်မြို့ အဘယာရုံကျောင်းရိပ်သာ၊ ရေတွင်းကုန်း၊ မင်းကန်ကြီးမဟာစည်၊ ထန်သုံးပင်ပြာသာ၊ ဒေါပုံ၊ဆင်သေ၊ ကျားသေ၊ ကညင်ငူဌာနများသို့ လှည့်လည် ကြွရောက်ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

✪ ခရမ်းရေထိန်းတံခါးမှ

ငမိုးရိပ်ချောင်းဝဲယာ ဧကခြောက်ထောင်ခန့် စိုက်ပျိုးရေရရှိရေး၊ နွေစပါးစိုက်ပျိုးရေးအတွက် ယာယီမြေသားတမံပိတ်၍ ရေချိုထိန်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ရေထိန်းတံခါး စတင်တည်ဆောက်မှုလုပ်ငန်း၊ ငမိုးရိပ် ရေလှောင်တမံ၏ ရေပိုလွှဲမှုစီးဆင်းသော ရေပိုရေလျှံများကို အကျိုးရှိရှိ ထိန်းသိမ်း၍ လှည်းကူးမြို့နယ်၌ ကျေးရွာအုပ်စုခြောက်အုပ်စုတွင် စပါးအခြေခံ သီးထပ်၊ နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်ရေး၊ လက်ရှိ ဧကလေးထောင် နွေစပါးစိုက်ပျိုးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ရေတံခါး တည်ဆောက်သည့်နေရာဝန်းကျင်၌ ရေရရှိရေး၊ သီးနှံစိုက်ပျိုးရေးတို့ကို မြေပုံနှင့်ကြည့်ရှုစစ်ဆေးပြီး အစေ့ချ နွေစပါးစိုက်ခင်းများ အချိန်မီ စိုက်ပျိုးရေး၊ အောင်ရေရရှိရေး၊ သီးထပ်သီးနှံပုံစံချမှတ်စိုက်ပျိုးရေး၊ ရေထိန်းတံခါးတည်ဆောက်မှု၊ ခိုင်ခံ့သေသပ်မှုရှိရေး၊ အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရန်အုတ်မြစ် မြေကြီးတူး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

❍ ဘင်း(မ်)စတက်ပြိုင်ပွဲဝင်မှ

ကစားမည်ဖြစ်ရာ ပြိုင်ဘက်အသင်းများအနေဖြင့်လည်း ခက်ခက်ခဲခဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

အောင်မြင်မှုရရှိရေး ကြိုးစားပြင်ဆင်လေ့ကျင့်လျက်ရှိသော မြန်မာလူငယ်အသင်းအား လေ့ကျင့်ပြင်ဆင်နေပုံများနှင့် စပ်လျဉ်း၍ နည်းပြချုပ် ဦးတင်ဟန်အား ကြေးမုံက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးတင်ဟန်က ပြောကြားရာတွင် "ယခင်၁၈နှစ်အောက် အသင်းပုံစံအတိုင်း ဆက်လက်လေ့ကျင့်ပေးနေကြောင်း၊ ထရိန်နင် အစီအစဉ်ဆွဲကာ နံနက်၊ ညနေ ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ နံနက်ပိုင်းတွင် ကြံ့ခိုင်မှု၊ ဘောလုံးပညာပိုင်းတို့ကို ဦးစားပေး လေ့ကျင့်ကြောင်း၊ ညနေပိုင်းတွင် အသင်းကစားကွက်၊ ခံစစ်အပိုင်း၊ ထိုးစစ်အပိုင်း၊ အပြီးသတ်ဂိုးသွင်းမှုတို့ကို လေ့ကျင့်ကြောင်း၊ ယခုလက်ရှိပဏာမကစားသမား ၂၂ဦးကို လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယခင်(ယူ-၁၈)အသင်းမှ မာလ၊ ကျော်ဇေယျာမင်း၊ စည်သူဝင်း၊ နိုင်ဝင်းတို့လေးဦးမှာ အသက်ကျော်သွားပြီဖြစ်၍ မပါဝင်တော့ကြောင်း၊ လူသစ်ကစားသမားများအနေဖြင့် ကြိုးစားလေ့ကျင့်နေကြသော်လည်း အချို့ကစားသမားများမှာ အသင်းကစားကွက်နှင့် သိပ်အံမဝင်သေးကြောင်း၊ ထို့ကြောင့် အသင်းလိုက် ကစားကွက်ပုံစံများကို အလေးထား လေ့ကျင့်ပေးနေကြောင်း၊ ပြိုင်ပွဲကျလျှင် ကောင်းသွားမည်ဖြစ်ကြောင်း၊ ထပ်မံအားဖြည့်ထားသော လက်ရွေးစင်အသင်းမှ ဇော်ဇော်မှာ အသင်းနှင့် ပိုမိုအံဝင်အောင်လေ့ကျင့်ပေးထားကြောင်း၊ကလေးတွေ ဂိုးသွင်းစွမ်းရည် တက်လာအောင်လည်း လေ့ကျင့်ပေးနေကြောင်း၊ အကောင်းဆုံး အနေအထားရောက်မည်ဟု ယုံကြည်ကြောင်း။

မိမိတို့အသင်းသည် ပြိုင်ပွဲအကြိုခြေစမ်းပွဲများအဖြစ် ယခုလ ဒုတိယပတ်က မြန်မာလူငယ်(ခ)၊ဆောက်လုပ်ရေး၊ ဘဏ္ဍာ/အခွန်အသင်းများနှင့် ခြေစမ်းကစားခဲ့ကြောင်း၊ မြန်မာလူငယ်(ခ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဆောက်လုပ်ရေးနှင့် ဘဏ္ဍာ/အခွန်တို့ကို နှစ်ဂိုး-တစ်ဂိုးစီဖြင့် အရေးနိမ့်ခဲ့ကြောင်း၊ အသင်းသည် လေ့ကျင့်ရင်း ကစားရတာဖြစ်သည့်အတွက် ဟာကွက်များရှိနေကြောင်း၊ တိုက်စစ်ဆင်သည့် နေရာမှာလည်း ထိရောက်မှုနည်းကြောင်း၊ မိမိတို့အသင်း ဖွဲ့စည်းပုံအရ ကွင်းလယ်စိုးမိုးနိုင်ရေးဖြစ်သော်လည်း ယခုခြေစမ်းပွဲများတွင် ကွင်းလယ်ကို မစိုးမိုးနိုင်ခဲ့ကြောင်း၊ ဆောက်လုပ်ရေးနှင့်ပွဲတွင် အရန်ကစားသမားများကို ပွဲထုတ်ကစားသည့်အတွက် ကစားကွက်ပျက်ခဲ့ရကြောင်း၊ ထပ်မံရွေးချယ်ထားသော လူသစ်အချို့မှာ ကလပ်အသင်းမှာလည်း ပွဲပြည့်မကစားကြရ၍ ပွဲအတွေ့အကြုံနည်းနေကြကြောင်း၊ ထို့ကြောင့် မိမိတို့အသင်းတွင် ကစားသည့်အခါ၌ အခက်အခဲအနည်းငယ်ဖြစ်ကြောင်း၊ ဘဏ္ဍာ/အခွန်နှင့်ပွဲတွင်လည်း ပထမပိုင်းတွင် ကစားပုံကောင်းကြောင်း၊ ဒုတိယပိုင်းတွင် တစ်ဖက်အသင်းကြီးက တင်ကစားသည့်အခါ မိမိတို့ကလေးတွေစိုးရိမ်စိတ်များပြီး တောင့်မခံနိုင်ခဲ့ကြောင်း၊ ယခုခြေစမ်းပွဲများမှ အားနည်းချက်များကို ကောင်းအောင်ပြုပြင်သွားမှာဖြစ်ကြောင်း၊ ခြေစမ်းပွဲတစ်ပွဲထက်တစ်ပွဲ အားရမှုရှိကြောင်း။

ပြိုင်ပွဲတွင်တွေ့ရမည့် အသင်းများအကြောင်းကို မသိရသေးကြောင်း၊ အိန္ဒိယအသင်းမှာ အာရှ(ယူ-၁၇)ပြိုင်ပွဲ၌ အောင်မြင်မှုရထားသည့်အသင်းကို အခြေခံလာမည်ဟုထင်ကြောင်း၊အိန္ဒိယလူငယ်အသင်းနှင့် ယူအေအီးနိုင်ငံတွင် ကျင်းပသည့် အာရှလူငယ်ပြိုင်ပွဲ၌ တွေ့ဆုံဖူးကြောင်း၊ ထိုင်းအသင်းနှင့်ပြီးခဲ့သည့် အာဆီယံ(ယူ-၁၈)ပြိုင်ပွဲတွင် တွေ့ဆုံရာ၌ အနိုင်ရရှိခဲ့ကြောင်း၊ အသင်းတိုင်းမှာ ပြင်ဆင်လာကြမည်ဖြစ်၍ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ထို့အတွက်လည်း အကောင်းဆုံး ယှဉ်ပြိုင်နိုင်ရေး ပြင်ဆင်နေကြောင်း၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ကလည်း မိမိတို့အသင်း၏ အားနည်းချက်၊ အားသာချက်များကို အနီးကပ်ညွှန်ကြားပြသပေးကြောင်း၊ မိမိတို့အသင်းအနေဖြင့် အောင်မြင်မှုရရှိရေး အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော ပဏာမ ကစားသမား ၂၂ဦးမှာ ထွန်းထွန်းလင်း(ဂိုး)၊ ကျော်မင်းလှိုင်(ဂိုး)၊ စိုးပိုင်ဖြိုး(ဂိုး)၊ ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ ဝင်းမင်းထွဋ်၊ အောင်ထွန်းလင်း၊ မင်းမင်းထွန်း၊ အောင်ဇော်မျိုး၊ ဇော်မျိုးမင်း၊ ထွန်းထွန်းဝင်း(ခ)မျိုးမင်းထွန်း၊ စည်သူမောင်၊ အောင်လတ်သူ၊ ကျော်ကျော်စိုး၊ ထွန်းထွန်းဝင်း(၂)၊ ဆန်းဒေးသိန်း၊ ကျော်ဇင်ဝင်း၊ အေးမင်းထွန်း၊ ထွန်းမင်းဦး၊ ဘိုဘိုအောင်နှင့် ဇော်ဇော်တို့ ဖြစ်ကြသည်။

မကြာမီယှဉ်ပြိုင်ရတော့မည့်ဘင်း(မ်)စတက်နိုင်ငံများလူငယ် ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းအနေဖြင့် အောင်မြင်မှုရရှိရေး အားကုန်ထုတ်၊ အစွမ်းကုန် ကြိုးစားကြမည်ဖြစ်သည့် အလျောက် မြန်မာဘောလုံးပရိသတ်ကလည်း မြန်မာလူငယ်အသင်း အောင်မြင်မှု သရဖူဆောင်းနိုင်ရေး မျှော်လင့်တောင့်တလျက်ရှိနေသည်။ (ကြေးမုံ)

ဘင်း(မ်)စတက်ပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်း နည်းပြချုပ် ဦးတင်ဟန်။

ဘင်း(မ်)စတက်ပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်း နည်းပြ ဦးကြည်လွင် ညွှန်ကြားစဉ်။

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ✪ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။**
- ✪ **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။**
- ✪ **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။**
- ✪ **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- ✪ **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇန်နဝါရီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၂၅-၁-၂၀၀၄ ရက်

၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

၈-၂-၂၀၀၄ရက်နေ့

နှင့်

၂၉-၂-၂၀၀၄ရက်နေ့

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (အင်္ဂလိပ်စာ) (ခ)ပထမနှစ်(ရုပသာပေအရေးအသား)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၉)**
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၁၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး (အပိုင်း-၂၁)**
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

(QELC) Quality English Language Centre မှ အခြေခံပညာအထက်တန်း၊ ဘွဲ့ကြို၊ဘွဲ့ရများအတွက် စကားပြောသင်တန်း Basic Spoken English (BSE), 4-Skills English (4SE), Grammar Reading and Vocabulary (GRV), Writing, Intermediate English Proficiency(IE), အပြည်ပြည်ဆိုင်ရာ အင်္ဂလိပ်စာစွမ်းရည်စစ်စာမေးပွဲများဖြစ်သော IELTS, TOEFL, SAT, FCE, GRE သင်တန်းများ၊ တတိယတန်းမှ နဝမတန်းအထိ English Skills Foundation (ESF) သင်တန်းများကို လစဉ်တန်းခွဲများနှင့် တစ်ဦးချင်းတန်းများ သင်ကြားပေးလျက်ရှိသည်။ အထူးအစီအစဉ်ဖြင့် တစ်နှစ်ပတ်လုံး တက်ရောက်နိုင်သော Whole- Year Teaching Centre Student (WTCS) အတန်းကို ဖွင့်လှစ်လျက်ရှိပြီး ကလေးများအတွက် နွေရာသီသုံးလ အင်္ဂလိပ်စာသင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်နှင့် မတ် ၁ ရက်တွင် ဖွင့်လှစ်၍ တန်းခွဲတစ်ခုလျှင် ၁၅ ဦးသာ လက်ခံသည်။ အသေးစိတ်သိလိုပါက ဆရာဦးမောင်မောင်သိန်း B.A (English) Diploma in ELT Cambridge Certificate in ELT (QELC) အမှတ်(၁၅၆)၊လေးထပ်(4-D) အနော်ရထာလမ်းမ ၄၆ နှင့် ၄၇ လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၇၂၄၅၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

တံတားဦးမြို့နယ် ရှေးဟောင်း အောင်စည်းခုံစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကြည့်ရှုစစ်ဆေး

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် စကားအင်းကျေးရွာရှိ မင်းကြီးစွာစော်ကဲ သက္ကရာဇ် ၇၃၆ခုနှစ်တွင် တည်ထားခဲ့သော အောင်စည်းခုံ ရှေးဟောင်းစေတီတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(ယဉ်ကျေးမှု)

ရန်ကုန် ဇန်နဝါရီ ၂၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် စကားအင်းကျေးရွာရှိ မင်းကြီးစွာစော်ကဲ သက္ကရာဇ် ၇၃၆ခုနှစ်တွင် တည်ထားခဲ့သော အောင်စည်းခုံ ရှေးဟောင်းစေတီတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းရေးနှင့် ပစ္စယာအဆင့်များ၊ ကျန်ရှိနေသေးသော အင်းဝခေတ်လက်ရာ စဉ့်ကွင်းများနှင့် ဖောင်းစည်းများ မပျောက်ပျက်စေရေး စနစ်တကျ တူးဖော်မှု ပြုနေသော လုပ်ငန်းခွင်သို့ရောက်ရှိပြီး တူးဖော်ရရှိထားသော ရှေးဟောင်းအင်းဝခေတ် လက်ရာဆင်းတုတော်များကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက ရှေးဟောင်းစေတီတော်ကြီး၏ ကြွင်းကျန်ရစ်သော ပစ္စယာအဆင့်များ မပြိုပျက်စေရန်နှင့် စဉ့်ကွင်းများကို စနစ်တကျ ထိန်းသိမ်းရန်၊ တွေ့ရှိထားသော ရှေးဟောင်းဆင်းတုတော်များကို လုံခြုံစွာထိန်းသိမ်းထားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သတိုးမင်းဖျား၏ ခမည်းတော် တကောင်းမင်း တည်ထားခဲ့သော တကောင်းကူသိမ်တော်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အနီးပတ်ဝန်းကျင် နေရာတစ်ဝိုက်၌ အထောက်အထား ကျောက်စာများကို စူးစမ်းရှာဖွေ ဖော်ထုတ်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ MICT Park တွင် Product Promotion Seminar များကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲ ပြသလျက်ရှိသည့် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ၌ Product Promotion Seminar များကို ကျင်းပလျက်ရှိရာ ကွန်ပျူတာကုမ္ပဏီများ၊ ဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ယနေ့နံနက် ၉နာရီမှ စတင်လျက် Conference Hall ၌ Myanmar Computer Company မှ Chief Operation Officer ဒေါ်ချောခင်ခင်က e-Commerce ကဏ္ဍအတွက် Yangon City Mall ၌ e.Shopများ အခမဲ့ ဖွင့်လှစ်နိုင်ကြောင်းကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးပြည့်စုံက e-Big ကဏ္ဍအတွက် MCC မှ ထုတ်လုပ်သော Software အသစ် Mini- ERP for SME(S) ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Myanmar Information Technology Pte Ltd မှ အထွေထွေမန်နေဂျာ ဒေါ်နီနီထွန်းက MITမှ ထုတ်လုပ်ရေးသား၍ လုပ်ငန်းအများအပြားတွင် အသုံးပြုလျက်ရှိသည့် Accounting System၊ HRM and Payroll System ၊Project Costing System၊ CRM System အစရှိသည့် Software Product များပေါ်တွင် အခြေခံ၍ ရေးဆွဲထားသော ERM (Enterprise Resource Management System) အကြောင်းကို ဆွေးနွေးတင်ပြသည်။ ယင်းကို အသုံးပြုခြင်းဖြင့် မိမိလုပ်ငန်း၏ Resources များကို တိကျသေချာထိရောက်လျင်မြန်စွာ စီမံခန့်ခွဲနိုင်ကြောင်း သိရှိရသည်။

ယင်းနောက် Integra Systems Co., Ltd မှ အရောင်းမန်နေဂျာ ဦးမင်းဇော်က ပြည်တွင်း စီးပွားရေးလုပ်ငန်းအများစု အသုံးတည့်နိုင်သည့် i. Ledger Account System နှင့်စပ်လျဉ်း၍ i.Ledger ကို မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် အသုံးပြုရလွယ်ကူကြောင်း၊ ကွန်ပျူတာကျွမ်းကျင်ရန် မလိုကြောင်း၊ လုပ်ငန်း တစ်ခု၏ နေ့စဉ် စာရင်းအင်း လုပ်ဆောင်ချက်များကို i.Ledger သုံးပြီး မည်သို့ဆောင်ရွက်နိုင်ကြောင်း သရုပ်ပြရှင်းလင်းတင်ပြသည်။

ထို့နောက် Myanmar World Distribution Co., Ltd မှ တာဝန်ရှိသူက Open Source Software များကို မြန်မာနိုင်ငံ၌ ပထမဆုံး အသုံးပြုထားပြီး Internet, Intranet တို့အပေါ်မှ Web Based ကို အသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း၊ ယင်းတို့အနက်မှ Agriculture Information Management System၊ e.Commerce Application၊ Virtual Document Library၊ Enterprise Portal နှင့် K-POS တို့ကို Modular Approach ပုံစံဖြင့် Information နှင့် Communication အတွက်သာမက သတင်းအချက်အလက် လုံခြုံမှု (Security) အတွက်ပါ ထည့်သွင်းစီစဉ်ထားကြောင်း၊ ယင်းလုံခြုံမှုစနစ်တွင် USER id, Passwordတို့ဖြင့်သာမက ကိုင်ဆောင်သူကို စိစစ်ပေးသည့် ကတ်ပြားစနစ် (Smart Card) နှင့် အသုံးပြုခွင့်ကာကွယ်ပေးသည့် Authentication စနစ်ကိုပါ ထည့်သွင်းထားကြောင်း ရှင်းလင်းဆွေးနွေးသည်။

Myanmar ICT Park တွင် ကျင်းပသည့် Myanmar ICT Week-2004(ICT Exhibition) ပြပွဲတွင် Small & Medium Enterprise မှ စီးပွားရေးလုပ်ငန်းရှင်များအတွက် အထောက်အကူပြုနိုင်မည့် IT Product များအကြောင်း ရှင်းလင်းပွဲကို Conference Hall ၌ နံနက်ပိုင်းတွင် တာဝန်ရှိသူတစ်ဦးက (Product Promotion) သရုပ်ပြ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ACE Data Systems မှ ဈေးကွက်မန်နေဂျာ ဒေါ်မီမီအေးက မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များ အသုံးပြုရန် သင့်တော်သည့် ကွန်ပျူတာစနစ်များကို ရှင်းလင်းပြသပြီး ACE မှ တီထွင်ထုတ်လုပ်ထားသည့် Productပေါင်း ၁၈ခုကျော်ရှိသည့် အနက် ယင်းစနစ်များမှ အရောင်းစင်တာ ဟိုတယ်၊ စက်မှုလုပ်ငန်း၊ ရွှေနှင့် လက်ဝတ်ရတနာများ၊ ဝန်ထမ်းနှင့်လစာ စီမံခန့်ခွဲမှု၊ စားသောက်ဆိုင်၊ ခရီးသွားလုပ်ငန်း၊ဆေးခန်းနှင့် ပုဂ္ဂလိကဆေးရုံ စာရင်းထိန်းသိမ်းမှုများတွင် အသုံးပြုသည့် ကွန်ပျူတာစနစ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်း ACE Data Systems ကို ၁၉၉၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ Myat Tha Pyay Co., Ltd မှ ဒါရိုက်တာ ဦးဒီပက မြတ်သပြေမှ အဆင့်မီကွန်ပျူတာခြောက်မျိုး ရောင်းချလျက်ရှိကြောင်း၊ JINLI Brandဖြင့် JINLI High Performance Computer ကို တင်သွင်းရောင်းချလျက်ရှိကြောင်း၊ Hyper Threading Technology၊ Serialata Hard Diskကို တပ်ဆင်ထားသည့်အတွက် အလွန်လျင်မြန်စွာ အလုပ်လုပ်နိုင်ကြောင်းနှင့် ဆယ်လူလာဖုန်း၊ GSM ဖုန်း၊ မိုလ်ဘိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကင်မရာပါ မိုလ်ဘိုင်းဖုန်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် Forever Group မှ Software Developmentမန်နေဂျာ ဦးသန်းထိုက်က အစိုးရ အဖွဲ့အစည်းနှင့် ကုမ္ပဏီများတွင် ဝန်ထမ်းမှတ်တမ်းထိန်းသိမ်းနိုင်သည့် Staff Management System၊ ဓာတ်ပုံများ စနစ်တကျ သိမ်းနိုင်ရန်နှင့် အလွယ်တကူရှာဖွေနိုင်ရန် Printoutထုတ်နိုင်ရန်နှင့် CD Burnလုပ်နိုင်ရန် အသုံးပြုနိုင်သည့် Photo Library Management System ၊ Student Registration Systemစာအုပ်များ၊ ပေ၊ ပုရပိုက်များ စနစ်တကျ သိမ်းဆည်းနိုင်သည့် Library Management Systemနှင့် ဖိုင်များ စနစ်တကျ သိမ်းဆည်းခြင်းနှင့် ပြန်လည်ရှာဖွေခြင်းပြုလုပ်နိုင်သည့် Video Library Management Systemများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Myanmar Information Technology Pte Ltd မှ ဒါရိုက်တာ ဦးရဲသူရသက်က လူနာတစ်ယောက်၏ ကျန်းမာရေးအချက်အလက်များ၊ ဆေးကုသမှုမှတ်တမ်းများ၊ ဆေးရုံ ဆေးခန်းစီမံခန့်ခွဲမှုနှင့် ကျန်းမာရေးဌာနများ၏ စာရင်းဇယားများကို ဖော်ထုတ်ကြည့်ရှုနိုင်သော Hospital Information System အကြောင်းကိုလည်းကောင်း၊ Senior Systems Executiveဦးရဲစိုးမြတ်က ကျန်းမာရေးစနစ်ကို ပိုမိုကောင်းမွန်အောင် IT နည်းပညာသုံး၍ သွားရောက်ရန် ခက်ခဲသည့်ဒေသများရှိ လူနာများထံ နည်းပညာများပေးပို့သည့် Tele Consulting Application for Healthcare အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၇-၁-၂၀၀၄)ရက်ထိ
MICT Park ၊ ရန်ကုန်မြို့

မြန်မာ ICT ရက်သတ္တပတ် ၂၀၀၄ (ဇန်နဝါရီ ၂၁–ဇန်နဝါရီ ၂၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်

၀၉း၀၀ နာရီ Security issues and related products(Seminar)
၁၃း၀၀ နာရီ e-Procurement(Seminar)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်

၀၉း၀၀ နာရီ Wireless and broadband application(Seminar)
၁၃း၀၀ နာရီ Myanmar National Counter-Strike Championship Final

နည်းပညာပြပွဲများကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ(၂၁)ရက်နေ့မှ ဇန်နဝါရီလ(၂၇)ရက်နေ့ အထိ နေ့စဉ် နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ အခမဲ့ပြသမည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေရာ။ MICT Park, ရန်ကုန်မြို့။

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အနောက်ပိုင်းခရိုင် စက်မှုဇုန်တာဝန်ခံ ဗိုလ်မှူးချုပ် သိန်းဇော် လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ကျေးလက်ဒေသ အဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်မှုဗဟိုဌာနကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

လောကဓေယျာ ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲနှင့် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက် မြေနီကုန်းဓမ္မာရုံတွင် တည်ထားကိုးကွယ်လျက်ရှိသော သာသနာ ၂၅၀၀ အထိမ်းအမှတ် လောကဓေယျာ ဆုတောင်းပြည့်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပူဇော်ပွဲတွင် အထူးတရားပွဲကို ဇန်နဝါရီ ၂၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ၌ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ၊ ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီ၌ တိပိဋက ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)နှင့် ဖေဖော်ဝါရီ ၂ရက် (တနင်္လာနေ့) ညနေ ၆ နာရီ၌ ရွှေပြည်ဟိန်း သီတဂူကြာတစ်ပွင့် အရှင်ခေမာသိရိလင်္ကာရတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး ကျေးလက်ဒေသ အဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်မှုဗဟိုဌာန ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၊ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်နှင့် အနောက်ပိုင်းခရိုင် စက်မှုဇုန်တာဝန်ခံ ဗိုလ်မှူးချုပ်သိန်းဇော်သည် ယမန်နေ့တွင် မရမ်းကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်အတွင်းရှိ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ စက်မှုကဏ္ဍတိုးတက်ရေး အတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များက ကြိုးပမ်းဆောင်ရွက်ရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း ဆောင်ရွက်ရာတွင် လိုအပ်သော လယ်ယာသုံးစက်မှုပစ္စည်းများ ဦးစားပေး ထုတ်လုပ်ရေးတို့ကို ဆွေးနွေးမှာကြားပြီး စက်မှုလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မရမ်းကုန်းမြို့နယ် အတွင်းရှိ လူသစ်စက်မှုလက်မှုလုပ်ငန်းသို့ သွားရောက်၍ သွပ်ဆူးကြိုးများ၊ သံဆန်ခါများနှင့် ချိန်းလင့်များ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ဦးသောင်းစိန်နှင့်သားများ အထွေထွေ စက်မှုလုပ်ငန်းမှ စလစ်လိုင်နာများ၊ ရင်းများ ထုတ်လုပ်နေမှု ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျေးလက်ဆိုင်ရာ ဆက်သွယ်ရေးဖွံ့ဖြိုးမှုစီမံကိန်းအစီအစဉ်အရ ဆောင်ရွက်ပြီးစီး သွားသော လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ကျေးလက် ဒေသအဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်မှုဗဟိုဌာန (Multi-purpose Community Telecentre) သို့ ရောက်ရှိ၍ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက ကျေးလက်ဒေသများ ဖွံ့ဖြိုးလာရေးအတွက် ကျေးလက်များသို့ တယ်လီဖုန်းဆက်သွယ်ရရှိနိုင်မှုသာမက သတင်းအချက်အလက် IT နည်းပညာများပါ ရောက်ရှိရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။(သတင်းစဉ်)

ကွတ်ခိုင်မြို့နယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်(၄)ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော အလျားပေ ၂၀၀၀၊ အကျယ် ၁၂ပေရှိ နောင်ဗျက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက် ပြည်သူများ အင်အား ၁၀၀၀ကျော် တက်ရောက်ပြီး ကွတ်ခိုင်တပ်နယ်မှ ဗိုလ်မှူးကြီးစံရွှေသာ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် နှင့် လမ်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးသန်းဝင်းက မြို့နယ်စည်ပင် သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သော မြို့ပြ/ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး လမ်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင် အောင်က ကျေးဇူးတင်စကားပြောကြားကာ အထိမ်းအမှတ်အလံများ ပေးအပ် သည်။ (သတင်းစဉ်)

ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကတ္တရာလမ်းသစ် ဖွင့်ပွဲတွင် မြို့နယ် အမှုဆောင်အရာရှိ ဦးသန်းဝင်းက ရှင်းလင်းတင်ပြစဉ်။ (စည်ပင်သာယာ)

အခြေခံပညာသင်ကျောင်း ၈၅ ကျောင်းသို့ ငွေပဒေသာပင်ကျပ် ၁၀၅သိန်းကျော် စိုက်ထူလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နေ ဦးလှဝင်း-ဒေါ်တင် မြမိသားစုက ဆင်းရဲနွမ်းပါး ကျောင်း မနေနိုင်သော ကလေးသူငယ်များ အတွက် ဇန်နဝါရီ ၂၀ရက်တွင် ဟင်္သာတမြို့နယ် ရှားခဲတိုက်နယ် အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ပညာရေးဖောင်ဒေးရှင်း ငွေပဒေသာပင် စိုက်ထူပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဟင်္သာတမြို့နယ် ရှားခဲ တိုက်နယ်အတွင်းရှိ အခြေခံပညာ သင်ကျောင်း ၂၂ကျောင်းအတွက် အလှူ ငွေကျပ် ၁၃သိန်းကို အလှူရှင်မိသားစုက ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမောင်ပြုံးသို့ ပေးအပ်လှူဒါန်း သည်။

ဖွံ့ဖြိုးတိုးတက်ရေး

အဆိုပါ အလှူရှင်မိသားစုများသည် ဟင်္သာတမြို့နယ် နိဗ္ဗာန်တိုက်နယ် သံပရာကွင်းအခြေခံပညာ မူလတန်း ကျောင်းအသစ် ဆောက်လုပ်လှူဒါန်း ခြင်း၊ နတ်မော်တိုက်နယ်၊ ယုန် သလင်းတိုက်နယ်၊ နိဗ္ဗာန်တိုက်နယ်၊ ရေခဲတိုက်နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း ၈၅ကျောင်းနှင့် နိဗ္ဗာန်တိုက်နယ် တိုင်းရင်းမြန်မာ ဆေးကုသခန်း အပါအဝင် တိုက်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေ စုစုပေါင်းကျပ် ၁၀၅၁၄၀၈၀ကို လှူဒါန်း ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသာရင်မြတ်၊ အားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်တို့ ဇန်နဝါရီ ၂၄ရက် ညနေ ၃နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပခဲ့သည့် မြန်မာလူငယ်(က) ဘောလုံးအသင်းနှင့် ကာကွယ်ရေး အသင်းတို့၏ ခြေစမ်းပွဲကို တက် ရောက်အားပေး ကြည့်ရှုကြစဉ်။ (ဘောလုံးအဖွဲ့ချုပ်)

တရားခံ ကျန်ဖုံးပါ သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)



ကြူကုတ်(ပန်ဆိုင်း)၌ ဘိန်းဖြူများဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၄

နယ်မြေခံ ထောက်လှမ်းရေးတပ်နှင့် မူးယစ်မှုးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင် များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ရက် နံနက် ၁၁နာရီခွဲတွင် သတင်းအရ ကြူကုတ်(ပန်ဆိုင်း)မြို့ ရပ်ကွက်(၅) အိမ်အမှတ်(၉၈)နေအိမ်ကို စစ်ဆေးရှာဖွေရာ မဟောင်လောရှမ်း၊ အိုက်ဆမ်မောင်နှင့်ကျန်ဖုံးတို့ သုံးဦးအား တွေ့ရှိရပြီး မီးဖိုခန်းအတွင်းမှ ဘိန်းဖြူ ဘလောက်တုံး ခြောက်တုံး အလေးချိန် ၂၁သမ၁ကီလိုဖမ်းဆီးရမိခဲ့ပြီး ကွင်း ဆက် ပေါ်ပေါက်ချက်အရ ပန်ဆိုင်းမြို့ တော်ဆိုင်ရွာ ချုံတောအတွင်းရှိ မြောင်း ထဲမှ အစိမ်းရောင်ကျောပိုးအိတ် သုံးလုံး ဖြင့်ထည့်ထားသော ဘိန်းဖြူဘလောက် တုံး ၆၄တုံး၊ အလေးချိန် ၂၂ ဒသမ ၀၉ကီလို ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဘိန်းဖြူဘလောက်တုံး ၇၀ စုစုပေါင်း အလေးချိန် ၂၄ဒသမ၁၉ကီလို ဖမ်းဆီး ရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဦးကျန်ချိန်ခွင်၏သား ကျန်ဖုံး၊ ဦးဆွဲ့ ရှမ်ဆိုင်၏ သား အိုက်ဆမ်မောင်၊ ဦးဟုန်ရှိန်ချိန်း၏ သမီး မဟောင်လော ရှမ်းတို့ သုံးဦးအား ကြူကုတ်(ပန်ဆိုင်း) ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၉(က)၊၂၁ အရအမှုဖွင့် အရေးယူထားသည်။ (သတင်းစဉ်)



ဖမ်းဆီးရမိသော ဘိန်းဖြူဘလောက်တုံး ၇၀ ကို တွေ့ရစဉ်။ (သတင်းစဉ်)

လက်ထပ်ပြီးစီးခြင်း

မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ပေပင်ကျောင်းလမ်း၊ အမှတ်(၂၄)နေ ဦးနေဝင်း၊ (လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)– ဒေါ်မြင့်မြင့်ဦး(ကုန်သွယ်ရေး၊ ငြိမ်း)"ရွှေစင်သန်း"ပွဲရုံတို့၏သား

မောင်ရဲနိုင်ဝင်း B.Sc(Zool.), M.B.A

နှင့်

မုံရွာမြို့၊ သလ္လာမြို့သစ်၊ အနော်ရထာလမ်း၊ အမှတ်(၈၃)နေ ဦးတင်ထွေး(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)– ဒေါ်ယဉ်မြ (ကျောင်းဆရာမ၊ ငြိမ်း)"အောင်တိုင်းကြံ"စတိုးတို့၏ ဒုတိယသမီး

မအိအိငြိမ်း B.A(Hons.)History

တို့သည် ၂၄–၁–၂၀၀၄(စနေနေ့)တွင် မုံရွာမြို့၌ လက်ထပ်ပြီးစီးပါကြောင်းနှင့် မင်္ဂလာဦးဆွမ်းကျွေးမင်္ဂလာသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောလူကြီးမိဘများနှင့်မောင်ရဲနိုင်ဝင်း–မအိအိငြိမ်း။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် အသုံးမလိုပိုလျှံနေသော အောက်ပါစက်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၁။ မော်တော်ယာဉ် (One Lot)

မာဇဒါဘီ–၆၀၀၊ မော်တော်ယာဉ်(ပစ်ကပ်)	၁ စီး

၂။ ရုံးသုံးစက်ကိရိယာများ (One Lot)

(က) ကွန်ပျူတာ	၁ လုံး
(ခ) လေအေးပေးစက်	၄ လုံး
(ဂ) စာကူးစက်	၁ လုံး
(ဃ) လက်နှိပ်စက်	၆ လုံး

တင်ဒါပိတ်ရက်နှင့်အချိန် – ၂၃–၂–၂၀၀၄(တနင်္လာနေ့)(၁၆:၃၀)နာရီ

တင်ဒါဖွင့်ရက်နှင့်အချိန် – ၂၄–၂–၂၀၀၄(အင်္ဂါနေ့) (၁၀:၃၀)နာရီ

တင်ဒါတင်သွင်းရမည့်နေရာ – ၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

တင်ဒါတင်သွင်းလိုသူများသည် တင်ဒါစည်းကမ်းပုံစံများ ဝယ်ယူခြင်းနှင့် ပစ္စည်းကြည့်ရှုခွင့်လက်မှတ် ထုတ်ယူခြင်းတို့ကို (၆–၂–၂၀၀၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း အထက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။

စက်ပစ္စည်းအဟောင်းများ
လေလံတင်ရောင်းချရေးအဖွဲ့။
ဖုန်း–၃၇၂၀၀၉။

သုဝဏ္ဏမြို့ဦးစေတီနှင့် ခေတ်ဆီဆိုင်အနီး ရပ်ကွက်(၃၀)နှင့် (၂၉) (တန်ဖိုးနည်း)အတွင်းရှိ မြေကွက်ပိုင်ရှင်များသိသာရန်

(၂၉)နှင့် (၃၀)ရပ်ကွက်အတွင်းတွင် ရေသန့်ရရှိရေးအတွက် စတင်ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါသည်။ ဆောင်ရွက်သောနည်းစနစ်သည် ကနဦးတစ်ကြိမ်တည်းသာ ရေကိုသွယ်တန်းပေးမည်ဖြစ်ပြီး နောင်နှစ်များတွင် ဤအခွင့်အရေးကို လုံးဝမရရှိနိုင်တော့ပါ။ သို့ပါ၍ မြေကွက်ပိုင်ရှင်များအနေဖြင့် ရေသန့် မရမရှိရအောင် အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ၃၁–၁–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန် အသိပေးအပ်ပါသည်။

ဗိုလ်မှူးဗိုလ်စီ ၆၆၊ ပိတောက်မြိုင်လမ်း၊ (၃၀)ရပ်ကွက်၊ ဖုန်း–၅၇၁၅၀၃
ဗိုလ်ကြီးမြင့်စိုး ၁၁၅၊ နှစ်ဆီဖြူလမ်း၊ (၃၀)ရပ်ကွက်၊ ဖုန်း–၅၆၁၉၁၆
ဗိုလ်မှူးထွန်းသိန်း ၃၈၊ နေအောင်လမ်း၊ (၂၉)ရပ်ကွက်၊ ဖုန်း–၅၇၉၉၇၇
ဒေါက်တာသိန်းဝင်း ၁၄၄၊ လုံးသွယ်(၂)လမ်း၊ (၂၉)ရပ်ကွက်၊ ဖုန်း–၅၇၉၀၇၉။

B ပိုး C ပိုးနှင့် HIV+ အထူးကုဆည်

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ်(၃/၂၀၀၄)
လေယာဉ်မောင်၊ လေယာဉ်မယ်လူတွေ့စစ်ဆေးရန်ကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူးလျှောက်ထားသူများအနက် ပဏာမ၊ လူတွေ့စစ်ဆေးမှု အောင်မြင်သူများအား အပြီးသတ်စစ်ဆေးခြင်းကို ၂၈–၁–၂၀၀၄ရက်နေ့ (၀၈:၀၀)နာရီမှစတင်စစ်ဆေးမည့်အစား ၂၉–၁–၂၀၀၄ရက်နေ့(၀၈:၀၀)နာရီအချိန်မှ စတင်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့လေကြောင်း။

ကြေညာချက်

ELITE Engineering Group

ခမ်းနားမြောက်ကြောင်းဂုဏ်ပြုလွှာ

ခန်း	– ဒေါ်ကျင်သန်း (ရွှေတောင်ဆန်စက်)
	– ကိုနိုင်ဝေး + မခင်ဝင်းဦး
	– ကိုညို + ခိုင်(ရွှေပြည်တော်ဆက်)
	– ကိုအောင်ဝင်းလေး (ရွှေတောင်ဆန်စက်)
	– အာကာနိုင်မြင့် + ဥက္ကာမိုးမြင့်

စားကြမယ် ဟေ့ ကောင်းကောင်း

(ဖုန်း–၂၅၈၁၁၈၀–၂၅၈၁၁၈–၂၅၃၀၁၁)

B.E(Electronic).,M.E(Electronic) ...

All-In-One A+ Computer Hardware Engineering သင်တန်း

Computer Hardware System	Virus Protection & Cradication
Computer Hardware Installation	Data Backup and Recovery
Computer Software Installation	Basic Computer Networking
Computer Maintenance & Upgrading	Internet & E-mail Installation
Computer Troubleshooting & Repairing	DOS, Win 95/98/Me OS

သင်တန်းနေရာ : **TNT Computer Systems**

Phone : 720910, 726194, 09-500-7046, 09-80-20059. Fax : 556384.

"မားစ်နှင့်မားစ်ပါဝါ"ငွေသားကံစမ်းမဲအစီအစဉ်များ!

ဇန်နဝါရီနှင့်ဖေဖော်ဝါရီလများတွင် ဆက်လက်ကံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဂ/၆၉၄၆ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးဇော်သန်းဦး (ကေစီဂျီအင်န်–၀၁၆၁၂၀)က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်(၃၀)အတွင်း ကညန၊ ခရိုင်ရုံး(သန်လျင်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(သန်လျင်)။

OK (အိုကေ)

OK (အိုကေ) အဆင့်မြင့်သန့်စင်ပြီး ပေါ် ဆန်းမွှေးနှင့် ဆန်မျိုးစုံများကို ဝယ်ယူ အားပေးသုံးဆောင်ကြသည့် မိဘပြည်သူများ တစ်နှစ်တာအတွက် ဝမ်းစာထည့်မည်ဆိုရင် အာမခံဖြင့် စီစဉ်ဆောင်ရွက်ပေးပါမည်။

အိုကေ (OK) ဆန်+ဆီ ရောင်းဝယ်ရေး ဘုရင့်နောင်

TREASURE LIGHT

A/C, Refre; W / Machine Freezer, Water Heater / Cooler ပြုပြင်၊ တပ်ဆင် ဆေးကြောခြင်းများ ဆောင်ရွက်ပါသည်။

ဖုန်း - ၅၀၅၆၁၅၊ ၅၀၅၇၁၃။

ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် သတိပေးကြေညာချက်

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းသည် အောက်ပါ Spirulina နှင့် ပတ်သက်သည့်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် သုံးစွဲသွားရန်အတွက် တစ်ဦးတည်းမူပိုင် မှတ်ပုံတင်ထားရှိခြင်းအား ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ပါအတိုင်း မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

စဉ်	ကုန်ပစ္စည်း	မှတ်ပုံတင်အမှတ်
၁။	Natural Spirulina Powder	၄/၇၀၈၉(၁၂-၁၂-၂၀၀၃)
၂။	စိမ်းပြာရေညှိခြောက် (Spirulina Dry Chip)	၄/၇၀၉၀(၁၂-၁၂-၂၀၀၃)
၃။	စိမ်းပြာရေညှိမှုန့် (Spirulina Spray Dry Powder)	၄/၇၀၉၁(၁၂-၁၂-၂၀၀၃)
၄။	စိမ်းပြာရေညှိမှုန့် (Spirulina Sun Dry Powder)	၄/၇၀၉၂(၁၂-၁၂-၂၀၀၃)
၅။	Natural Spirulina Chips	၄/၇၀၉၃(၁၂-၁၂-၂၀၀၃)

သို့ပါ၍ အထက်ပါ Spirulinaနှင့်ပတ်သက်သည့်ပစ္စည်းများကို တစ်ခုလုံး ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍သော်လည်းကောင်း၊ ဆင့်ပွား ပြုပြင်ပြောင်းလဲ၍သော်လည်းကောင်း၊အတုအပပြုလုပ်၍သောလည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်းသော် လည်းကောင်း ဆောင်ရွက်ခြင်းပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း။

ကျေးဇူးဆပ်ပါမည်

၂၀-၁-၂၀၀၄ ချောင်းဝကျောင်းအနီးတွင်လက်ကိုင်ဖုန်း ၀၉-၅၀-၂၁၈၀၄ ကျပျောက်သွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။

ဖုန်း - ၀၁ - ၆၈၃၄၅၃၊ ၇၂၂၀၃၃၊ ၇၂၀၁၆၉၊ ၀၉-၅၀-၁၉၂၂၅။

အမြန်ပြန်လာပါ

မောင်ရန်မျိုးအောင် သားရဲ့အဖေ ရွှေကျင်တိုက်သစ်သို့ရောက်နေသည်။ အမြန်ဆက်သွယ်ပါ။ တွေ့ရှိပါက ဖုန်း- ၀၁-၅၇၇၇၂၀သို့ အကြောင်းကြားပေးပါ။

ဦးစောဆွေ။

ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ကျော့ကျော့ရဲ့ ချစ်လှစွာသော မောင်လေးဖိုးမဲ ၁၉-၁-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း သိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုအောင်၊ သိုက်၊ မျိုး၊ ကြည်လင်း၊ ဆွေမင်း၊ ပုလဲ၊ ဖြိုး၊ စမ်းမြ၊ နွယ်နွယ်၊ မေမီ၊ နီလာ၊ Zool M II.

ဝမ်းနည်းကြေကွဲခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒု-ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်၏ဖခင် ဆရာကြီးဦးဘနွယ် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့်အရာထမ်းအမှုထမ်းများ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်။

တိုက်ခန်းငှားမည်

ဗိုလ်တထောင်မြို့နယ်အတွင်း ဈေး၊ ကျောင်း၊ ကားဂိတ်အနီး HR တိုက်ခန်းစပေါ်ဖြင့် အမြန်ငှားမည်။ **ဖုန်း - ၂၉၆၂၂၁။**

နှစ်နှစ်ပြည့်လွမ်းဆွတ်အမှတ်တရ
ကိုဗညားအေးမိုး (ကိုကြီးညား)

လိမ္မာသိတတ်တဲ့ အချစ်ဆုံးသားကြီး မမျှော်လင့်ဘဲ မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၂၅-၁-၂၀၀၄ရက်တွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပါပြီ။ သားကြီးအားရည်စူး၍ နေ့စဉ်၊ လစဉ်နှင့် နှစ်နှစ်ပြည့်နေ့တွင် လှူဒါန်းရသော ကုသိုလ်ကောင်းမှုအဖို့ ဘာဂတို့ကို အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ---။

ဒယ်ဒီ - ဦးခင်မောင်ဝင်း
မာမီ - ဒေါ်မြင့်မြင့်အေး
ညီလတ် - ခွန်ဟန်အေးမိုး
ညီငယ် - ဥတ္တာအေးမိုး

ဦးအောင်တင် (၈၅)နှစ်
(ယခင်ရဲတံခွန်ရုပ်ရှင်ရုံပိုင်ရှင်ဟောင်း)
(ပဲခူး)

မုပ္ပလင်မြို့နေ (ဦးလှစိန်-ဒေါ်အုန်းမြ)တို့၏သား၊ ပဲခူးမြို့၊ ဗန္ဓုလလမ်း၊ အမှတ်(၁၇၆)နေ (ဒေါ်ကြင်ရင်)၏မောင်၊ ဒေါ်ခင်ညို၏အစ်ကို၊ဦးစိုးအောင်-ဒေါ်သန်းသန်းဝင်းတို့၏ဦးလေး၊ မသဇင်စိုး၊ မယဉ်းမာစိုးတို့၏ ဘဘကြီး၊ မအင်ကြင်းဖူး၏အဘိုးသည် ၂၁-၁-၂၀၀၄ရက်နေ့ နံနက် (၁၁း၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ဆင်ဖြူကွင်းသုသာန်၌ မီးသဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁-၂၀၀၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၄)ပါ တရားရုံးချုပ်ရှေ့နေ ဦးလှိုင်စိုး(၃၅၇၁)၏ ကြော်ငြာချက်တွင် တိုက်အမှတ် (၅၄) အစား (၃၄) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တိုက်ခန်းရောင်းမည်

ပြည်သူ့ဥယျာဉ်အနီး၊ ရပ်ကွက်သန့်သည်။ အသင့်နေနိုင်၊ တရုတ်လက်သမားလက်ရာ၊ ၅-ဖလွှာ (ဟောင်ကောင်ပုံစံ) မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ **(ပွဲစားမလို)**

ဖုန်း-၅၀၃၉၈၄(၀၉၈၀၃၃၁၃၂)

ဝမ်းနည်းကြေကွဲခြင်း
မခင်ဖြိုးကြည်(ကွမ်းခြံကုန်း)

အင်ဂျင်နီယာ ဦးကျော်စိုး (ATG Construction)နှင့်ဒေါ်ကြည်ဝင်း(ဆလက)တို့၏သမီး မခင်ဖြိုးကြည်(Dip. in Information System) ၁၈-၁-၂၀၀၄နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးကျော်ခိုင်-ဒေါ်ခင်ခင်အေး။

ထားဝယ်အသင်း
ဒေါ်လှကြည် (၇၄)နှစ်
(ထားဝယ်)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ၅/၅ရပ်ကွက်၊ အမှတ်(၃၇-က)၊ သရဖီလမ်းနေ (ဦးရွှေအေး)၏ဇနီး ဒေါ်လှကြည် အသင်းဝင်အမှတ်(၃၆၇၆)သည် ၁၉-၁-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် (ကျူချောင်)သုသာန် သို့ပို့ဆောင် သဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်ကော်မတီ။

ဆရာကြီးဦးစိန်ခို
အသက်(၁၀၂)နှစ်
(ကျိုက်လတ်မြို့)

ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၁၇)နေ (ဒေါ်ရီ)၏ခင်ပွန်း၊ (ဦးစိန်လင်း)-ဒေါ်သန်းမြင့်၊ ဦးတင်စိန်-ဒေါ်ကျင်စိန်၊ ဒေါ်ခင်အေးရီ၊ ဦးအောင်ထွန်း-ဒေါ်ခင်လေးကြည် (မန်နေဂျာ၊ မြန်မာ့ကျောက်မျက်၊ မိုးကုတ်)၊ ဦးမောင်မောင်အေး(စီမံကိန်းအင်ဂျင်နီယာ၊ သာပေါင်း)-ဒေါ်မြင့်မြင့်ဝေ (လ/ထမန်နေဂျာ၊ စက္ကူစာတု)၊ ဦးဇော်မင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၀၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်အိန်း
အသက်(၇၄)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ သီတာလမ်း၊ အမှတ်(၄၂)နေ (ဦးဝက်လာ-ဒေါ်စိန်)တို့၏သမီး၊ (ဦးမော်လင်)၏ဇနီး၊ (ဦးလှသွင်-ဒေါ်တင်ညွန့်)၊ ဦးဆွေလှိုင်-(ဒေါ်ကြင်မြင့်)တို့၏ညီမ၊ ဦးလှကျော်(ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန)-ဒေါ်သန်းသန်းဌေး(လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး)၊ ဒေါ်သန်းသန်းနွယ်(မွန်ပြည်နယ်ပညာရေးမှူးရုံး)၊ ဒေါ်သန်းသန်းနု၊ ဦးမျိုးသန့်-ဒေါ်သိန်းသိန်းစိုး၊ ဦးမျိုးသိန်း-ဒေါ်မြင့်မြင့်ခိုင်(မြဝတီ) တို့၏မိခင်၊ ဗိုလ်လောင်းလင်းထက်ဦး၊ မောင်နေမျိုးအောင်(မော်လမြိုင် GTC)၊ မခင်ချိုဝင်း (X ဂ-အထကမော်လမြိုင်)၊ မောင်အုပ် စိုးပိုင်(IX င၊ အထက-၂၊ ကမာရွတ်)၊ မသိမ့်သိမ့်စံ၊ မောင်ဟန်မင်းသူ၊ မဇွေးဇွေးအိတို့၏ အဘွားသည် ၂၁-၁-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅နာရီတွင် ဗဟိုစည်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မှာပင် သဂြိုဟ်ပြီးစီးပါကြောင်း၊ ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်) သပြေလမ်း၊ ရွှေငါးခြံ၊ တိုက်(၁)၊ အခန်း(၂) နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှဲ့လှဲ့ဝင်း (ဂန့်ဂေါ)

မောင်ကျော်ကိုကို (ဒု-နှစ်) (အကြီးတန်း) (E.E)၏မိခင် ဒေါ်လှဲ့လှဲ့ဝင်း ကွယ်လွန်ကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဌာနမှူးနှင့် ဆရာ၊ ဆရာမများ
သူငယ်ချင်းများ (ဒု-နှစ်၊ ကြီး)
ညီငယ်များ (ဒု-နှစ်၊ ငယ်)
ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်ပညာဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
မခင်ဖြိုးကြည်(ကွမ်းခြံကုန်း)

အင်ဂျင်နီယာ ဦးကျော်စိုး (ATG Construction)နှင့်ဒေါ်ကြည်ဝင်း(ဆလက)တို့၏သမီး မခင်ဖြိုးကြည်(Dip. in Information System) ၁၈-၁-၂၀၀၄နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

နမ္မဒါဂေါက်ကလပ်အသင်း။

ဝမ်းနည်းကြေကွဲခြင်း
မခင်ဖြိုးကြည်(ကွမ်းခြံကုန်း)

အင်ဂျင်နီယာ ဦးကျော်စိုး (ATG Construction)နှင့်ဒေါ်ကြည်ဝင်း(ဆလက)တို့၏သမီး မခင်ဖြိုးကြည်(Dip. in Information System) ၁၈-၁-၂၀၀၄နေ့တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဦးမျိုးတင့်၊ ဦးမြစိန်၊ ဦးခင်လှိုင်
မင်းဘူးမြို့။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့်ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

မောင်မျိုးဇေယျာထွဋ်
အသက်(၂၅)နှစ်
Final Year (Geology)
ဒဂုံတက္ကသိုလ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းအပိုင်(၁၂)၊ ဂျိုးဖြူလမ်း၊ အိမ်အမှတ်(၃)နေ ဦးအညို (အရာခံဗိုလ်၊ ဆေးလက်ထောက်)-ဒေါ်သန်းသန်းဆွေတို့၏သားငယ်၊ ဦးမောင်လှ-ဒေါ်အေးအေးလွင်၊ ဒေါ်အေးအေးဝင်းတို့၏တူ၊ ကိုဝင်းကျော်ဟိန်း (M.Sc, M1) Maths, B.Tech (Civil)-မသန္တာအောင်(M.Sc, M1), Mathsတို့၏ညီ၊ မခင်မာညိုဝင်း (3rd Year, Zoology)၊ မခင်အိအိခက် (2nd Year, IR)၊ မောင်ရဲရင့်သူ၊ မောင်ရဲလင်းသူတို့၏အစ်ကိုသည်၁၈-၁-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၀၄(အင်္ဂါနေ့)တွင် ပေါက်ကုန်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွန်းသိန်း (၆၃)နှစ်
ကမာကနီး
ပြည်တွင်းရေကြောင်း
(ကုန်စည်/စက်ဘက်ဌာန)

ကမာကနီးရွာနေ (ဦးဖိုးဝင်း-ဒေါ်ပု)တို့၏သား၊ ဦးတင်အေး(ပြည်တွင်းရေကြောင်း)-ဒေါ်ခင်စန်းဝေ၊ ဦးသိန်းဝင်း၊ ဒေါ်သိန်းနု၊ ဦးအောင်နိုင် (ကားပေါ်လစ်)-ဒေါ်ပြုံး၊ ဦးမောင်မောင်တင် (ပြည်တွင်းရေကြောင်း)-ဒေါ်ရီရီလွင်တို့၏ဦးလေးသည် ၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၎င်း၏ဆန္ဒအရ ၂၂-၁-၂၀၀၄ရက်နေ့တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးနေဝင်း
အသက်(၄၆)နှစ်
(မိတ္ထီလာ)

မိတ္ထီလာမြို့၊ စာတိုက်လမ်းနေ(ဦးခင်မောင်ဝင်း)-ဒေါ်ဒေါ်အုန်းတို့၏သား၊ ဦးတင်အောင်-ဒေါ်ရီတို့၏သားသမက်၊ (ဦးကိုလေး)-ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးလှသွင်-ဒေါ်စိန်စိန်၊ (ဦးခင်မောင်သန်း)-ဒေါ်ရီရီဝင်း၊ ဦးမောင်မောင်-ဒေါ်စန္ဒာရွှေ၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ချိုချိုဝင်း၊ ဦးစိုးဝင်း-ဒေါ်အေးအေးဝင်း၊ ဦးကျော်သိန်း-ဒေါ်ပေါပေါဝင်း၊ ဦးစိုးနိုင်ဝင်းတို့၏ညီ/မောင်၊ ဦးမောင်မောင်ထွေး-(ဒေါ်ခင်မျိုးဝင်း)၊ (ဦးစောလွင်ဦး)-ဒေါ်မိုးမိုးသာတို့၏အစ်ကို၊ ဒေါ်ခင်အေးမူ(ပေါက်ပေါက်)၏ခင်ပွန်း၊ မောင်သော်မျိုးထက်-မစုသန္တာဝင်း၊ မောင်ရန်နိုင်ဝင်းတို့၏ဖခင်၊ တူ၊ တူမ(၂၀)ယောက်တို့၏ ဦးလေးသည် ၂၀-၁-၂၀၀၄ရက် (အင်္ဂါနေ့) ည၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် တောမသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

သက်ဆိုင်သူများ၊ ကန့်ကွက်လိုက [illegible] / [illegible]

စဉ်	အမည်	မှတ်ပုံတင်	ထိပ်စာ	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	MMN-[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	L/RGN-[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	DNU-[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

တိုင်းတစ်ပါးကျူးကျော်မှုဒဏ်ကို ခံစားနေရသော အီရတ်ပြည်သူများ၏ အနိဋ္ဌာရုံများ အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင် စာအုပ်များ၏ နောက်ဆက်တွဲ နောက်ဆုံးဖြစ်ရပ်များ။

ထွက်ပြီ

- သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင် အမှတ်–၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
- ကြေးမုံသတင်းစာတိုက် အမှတ်–၇၇၊ ၅၂လမ်း ရန်ကုန်မြို့တို့တွင် ရရှိနိုင်သည်။

ဦးမောင်ဝင်း(ခ) ချီချက်မိန်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းအမှတ် (၉၇/A) တတိယလွှာနေ (ဦးနိုဂုံ–ဒေါ်ယဉ်မြိုင်)တို့၏ သား၊ ဒေါ်ကျင်(ခ)ချင်ငုတ်ကျင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမျိုးအောင်– မစန်းမြင့်၊ မစန်းအေး၊ (မစန်းရီ)၊ ကိုမြင့်သန်း–မစန်းကြည်၊ မောင်တိုးမောင်၊ မစန်းဝင်း၊ မောင်တိုးအောင်တို့၏ ဖခင်၊ မအိဟန်နီမျိုး (အထက–၁၊ဒဂုံ)၊ မမြတ်မိုမိုအောင် (အထက–၁၊ဒဂုံ)၊ မယဉ်မျိုးမျိုးနိုင် (အလက–၁၊ဒဂုံ)၊ မောင်ဇော်ဇော်အောင်၊ မိုက်လီယွမ်တို့၏ အဘိုးသည် ၂၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးကောင်းတံတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ကြည်
အသက်(၇၃)နှစ်
စာရင်းစစ်(ငြိမ်း)
(ကျောက်ပန်းတောင်း)

မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ဝက်ကြီးအင်းကျေးရွာနေ (ဦးဖိုးဦး–ဒေါ်ဒေါင်း)တို့၏ သား၊ ကျောက်ပန်းတောင်းမြို့၊ လယ်ယား(တောင်ရွာ)နေ ဒေါ်ခင်ထွေး၏ခင်ပွန်း၊ ဒေါ်လှမြင့်၊ ဒေါ်မြစိန်၊ ဒေါ်မြရှိန်တို့၏ အစ်ကိုကြီး၊ ကိုသန်းထွန်းအောင်(မြိတ်)၊ကိုသော်တာ (စက်မှုလယ်ယာ) ၊မဥမ္မာကြည်(ရေနီ)၊ ကိုဖြိုးဝေအောင်(နယ်စပ်စည်ပင်)၊ မစော ဥမ္မာ၊ မသူဇာအောင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၃–၁–၂၀၀၄ရက် မွန်းလွဲ ၁၂:၁၅နာရီတွင် ကျောက်ပန်းတောင်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ (စနေနေ့)တွင် ကျောက်ပန်းတောင်း အမှတ်(၂) သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး

ဒေါ်တင့်တင့်ထွန်း
အသက်(၆၃)နှစ်
(B.A,Dip,Ed)
(အထပြ၊ ငြိမ်း) (မုံရွာ)

ရေဦးမြို့နေ (ဦးဘိုထွန်း–ဒေါ်စောတင်)တို့၏သမီးထွေး၊ မုံရွာမြို့နေ ဦးသာဌေး (အငြိမ်းစား ကျောင်းဆရာကြီး)၏ဇနီး၊ ကုန်သည်ဦးစိုးသန်း–ဒေါ်လွင်လွင်ဌေး(မုံရွာမြို့)၊ ဗိုလ်မှူးကျော်စိုး–ဒေါ်စိုးစိုးဌေး(အင်းတိုင်)၊ ဗိုလ်မှူးခင်မောင်လတ်–ဒေါ်ကေခိုင်ဌေး(မြိတ်) တို့၏မိခင်ကြီး၊ မောင်ငြိမ်းချမ်းစိုး၊ မမေစပယ်စိုး၊ မအေးသပြေလတ်၊ မသဇင်စိုး၊ မဇွန်မာလာလတ်၊ မောင်အာကာကျော်စိုးတို့၏အဘွားသည် ၂၃–၁–၂၀၀၄ရက် ည၉နာရီတွင် လှည်းကူးမြို့နယ် အင်းတိုင်၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီ တွင် မင်းလွင်ကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မမလေး
အသက်(၉၂)နှစ်

မန္တလေးမြို့နေ (ဦးကွန်း–ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ကနကမာလမ်း၊ အမှတ်(၇)နေ (ဦးကိုကြီး)၏ ဇနီး၊ ဒေါ်တင်အေး၏ မိခင်၊ ကိုအေးကိုကို (Bagan Cybertech)၏ အဘွား၊ မန္တလေးမြို့နေ ဦးလှစိန် (သွန်ကြားရေးမှူး–ငြိမ်း၊စက်မှု/စားကုန်၊စက်မှု–၁)–(ဒေါ်ကြည်ကြည်)တို့၏ အဒေါ်၊ ကိုအောင်ခိုင်–မဆွေဆွေလှ၊ ကိုဇော်လွင်–မစန်းစန်းလှတို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၃–၁–၂၀၀၄(သောကြာနေ့)ညနေ ၆:၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်လှ
အသက်(၈၄)နှစ်
ရဲအုပ်(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးစိန်မှတ်–ဒေါ်သန်းမြ)တို့၏ သား၊ (ဦးဘစိန်–ဒေါ်စိန်ညွန့်)တို့၏ သားသမက်၊ ဒေါ်ကျင်မြိုင်၏ ခင်ပွန်း၊ ပြည်မြို့၊ ဆင်မြီးဆွဲနေ ဦးသိန်းထွန်း–ဒေါ်ကျင်သိန်း၊ လေတပ် အရာခံထွန်းလင်း–နော်ကလယ်ရီဘလ်ထွန်း၊ ဗဝတ(ဖောင်ကြီး)နေ ဦးထွန်းမင်း(ဌာနစုမှူး၊ စီမံ)၊ ဒေါ်ဝင်းရီ၊ ဦးဇော်မင်း(ပုံနှိပ်–၃၊ စီမံ)–ဒေါ်သိန်းသိန်းနု၊ ဗဝတ (ဇီးပင်ကြီး)နေ ရဲအရာခံမောင်နီ–ဒေါ်အမာ(ရုံးအုပ်၊လကရ)၊ ဦးကျော်မင်း (မူပြ)–ဒေါ်ရီရီမြင့်(မူအုပ်)၊ ရဲတပ်ကြပ်ကြီးလှမင်း(ရကရ)–ဒေါ်သီတာပြုံးတို့၏ ဖခင်၊ မြေး၂၇ယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၂၀–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်လုံးရှင်
အသက်(၆၇)နှစ်
(ကွမ်းခြံကုန်း)

ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၃)နေ (ဦးချမ်းသာ–ဒေါ်မကြီး)တို့၏ သမီး၊ (ဦးကျဲ–ဒေါ်သိန်းမြ)တို့၏ ချွေးမ၊ (ဦးလှကြီး)–ဒေါ်ဝက်၊ (ဦးခွေး)–ဒေါ်ခင်ညွန့်၊ (ဦးစံအေး)–ဒေါ်ညိုတင်တို့၏ ညီမ၊ ဦးနန်းအောင်–ဒေါ်တင်ကြည်၊ (ဦးစိန်မြင့်)–ဒေါ်လှစိန်၊ (ဦးမောင်ကြီး)–ဒေါ်လှရှင်တို့၏ အစ်မ၊ (ဦးကျော်တင့်)၏ ဇနီး၊ ကိုစန်း–မအုံးမြင့်(ခ)မအေး၊ ကိုညွန့်အောင်–မမော်၊ မအေးအေးမော်၊ ကိုဗိုလ်တူး–မလှလှ၊ကိုချိုတူး၊ ကိုကျော်ထွေး–မနွဲ့တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၃–၁–၂၀၀၄ရက် မွန်းလွဲ ၁၂:၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ခနိတောသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်လီဗွီကြည်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ အမှတ်(၂၃၄၊ မြေညီ/ယာ)နေ (ဦးမောင်တင်)၏ဇနီး၊ ဦးသောင်းထိုက် – ဒေါ်ခင်ကေသီမြင့်၊ ဒေါ်ဖောင်ရိတ်ချိန် – ဦးကြူးကြီးခွန်၊ ဦးဖောင်ဝိန်ဖတ်၊ ဒေါ်ဖောင်မွန်းကင် (ခ) မကျင်ကျင်–ဦးရှူရှွမ်ရှွမ်တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၄–၁–၂၀၀၄ရက် နံနက်၆နာရီတွင် ကွယ်လွန်ပါသဖြင့် ၂၆–၁–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၈:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်(၈၁)နှစ်

မြင်းခြံမြို့နေ (ဦးရွှေချင့်–ဒေါ်ယဉ်မေ)တို့၏ သမီး၊(ဗိုလ်မှူးစောလျှံ)၏ဇနီး၊ ဦးကျော်တင့်၏ အစ်မ၊ အမှတ်(၁/၁၆–၆၀/၅၈ကြား)၊၂၆ဘီလမ်း၊ မဟာနန္ဒီလမ်း၊ မန္တလေးမြို့နေ ဒေါက်တာ ဦးသန်းဝင်း–ဒေါ်ဘေဘီစောလျှံ၊ (ချိုချိုစောလျှံ)၊ ဦးမိုးဟိန်း–ဒေါ်ကြည်ကြည်မြ (တိုင်းသစ်တော၊မန္တလေး)၊ (ဦးခိုင်လျှံ)–ဒေါ်ဥမ္မာ (သောင်ဦးသစ်တော)၊ ဦးမောင်မောင်အောင်(ပျဉ်းမနားသစ်တော)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊မြေးလေးယောက်တို့၏ အဘွားသည် ၂၂–၁–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄(စနေနေ့) မွန်းလွဲ၁နာရီတွင် ကြာနီကန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား သိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်လုံးတုံး(ခ)ဒေါ်ကျင်မြိုင်
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ အရှေ့(၁၁)လမ်း၊ အမှတ်(၁၀၂၆)နေ ရာသက်ပန်အသင်းဝင် ဦးစောမြင့်၏ ဇနီး၊ ရာ/အသင်းဝင် ဒေါ်လုံးတုံး(ခ)ဒေါ်ကျင်မြိုင်သည် ၂၃–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၅–၁–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးအောင်စိုး
အသက်(၄၉)နှစ်
(အောင်စိုးကဖေး)

မကွေးတိုင်း၊ တောင်တွင်းကြီးမြို့၊ အုန်းပင်တော(၁)ရပ်ကွက်နေ(ဦးစံမင်း–ဒေါ်ရွှေမြင့်)တို့၏သား၊ ဒေါ်ခင်မြတ်သွယ်၏ခင်ပွန်း၊ မောင်နိုင်လင်း (G.T.G မကွေး)၊ မောင်ဘုန်းဟန်(တ–နှစ်၊ ဘူမိ)၊ မောင်ငွေစိုး(ပထဝီ၊မကွေး)၊ မယဉ်မွန်စိုး၊ မောင်စိုးထက်၊ မောင်ဟန်ဌေး၊ မောင်ရန်နိုင်အောင်၊ မမြတ်မွန်ခိုင် (အထက –၂၊ တောင်တွင်းကြီး)တို့၏ ချစ်လှစွာသောဖခင်သည် ၂၃–၁–၂၀၀၄ရက် ည၈:၁၅နာရီတွင် ကွယ်လွန်ပါ၍ ၂၅–၁–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
(သဲအင်းဟောဂီ)

ဦးတင်လှိုင်(၈၇)နှစ်
(ဟသ်ာတ)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၁၅၁)နေ (ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊ (ဦးဟန်ကြည်–ဒေါ်တင်မြင့်)တို့၏ မောင်၊ (ဦးစိန်ဝင်း–ဒေါ်ကြည်ကြည်)၊ ဦးစိန်ထွန်း–ဒေါ်ခင်ညိမ်း(ဟသ်ာတ)တို့၏အစ်ကို၊ ဦးဝင်းမြင့်အောင်၊ ဦးသန်းထွဋ်–ဒေါ်ဝါဝါဝင်းရွှေ၊ ဦးကျော်စိန်–ဒေါ်ခင်မာမြင့် (Pepsi Shop၊စားတော်ဆက်)၊ (ဦးလှမောင်)–ဒေါ်ခင်ခင်၊ ဦးမောင်မောင်–ဒေါ်သန်းသန်းတိုး(ရတနာထွန်းစတိုး)၊ ဦးဝင်းတင်–ဒေါ်ကြွယ်ကြွယ်၊ (ဦးခင်မောင်စံ)–ဒေါ်သန်းသန်းဝင်း၊ဦးအောင်ဝင်း–ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ဝါဝါဝင်း၊ ဒေါ်မာလာဝင်း၊ ဒေါ်သီတာဝင်း၊ ဒေါ်ခင်သန်းဝင်း၊ ဦးကျော်ဇောမောင်၊ ဒေါ်ခင်မာရီ၊ ဒေါ်လှလှခိုင်တို့၏ဦးလေးသည် ၂၄–၁–၂၀၀၄ (စနေနေ့) နံနက် ၅နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်–၁၅၁၊ ၄၆–လမ်း၊ ဗိုလ်တထောင်မြို့နယ်မှ ကားများ နံနက်၁၀:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာ
(သဲအင်းဟောဂီ)

ဦးတင်လှိုင်(၈၇)နှစ်
(ဟသ်ာတ)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၁၅၁)နေ (ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊ (ဦးဟန်ကြည်–ဒေါ်တင်မြင့်)တို့၏ မောင်၊ (ဦးစိန်ဝင်း–ဒေါ်ကြည်ကြည်)၊ ဦးစိန်ထွန်း–ဒေါ်ခင်ညိမ်း(ဟသ်ာတ)တို့၏အစ်ကို၊ ဦးကျော်–ဒေါ်နီနီတိုးတို့၏ ဖခင်၊ မောင်ထူးကျော်လှိုင်(IAD–KMD)၊ မထည်ဝါကျော် (ပထမနှစ်၊ ကုန်ထုတ်ဓာတုဗေဒ)၊ မောင်တိုးအောင်လှိုင် (VI– အထက၊ ဗိုလ်တထောင်)တို့၏ အဘိုးသည် ၂၄–၁–၂၀၀၄(စနေနေ့) နံနက်၅နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ်–၁၅၁၊ ၄၆–လမ်း၊ ဗိုလ်တထောင်မြို့နယ်မှ ကားများ နံနက်၁၀:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pa,Ral Bik (ခ) ဦးတင်သိန်း (၅၄)နှစ်

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ၆/၂၁၅၊ ကြယ်တံခွန်လမ်းနေ Pa. Cong Ci-Nu, Don Uangတို့၏ ဒုတိယမြောက်သား၊Rev. Zung Hrnung၏ညီ၊ Rev. No. Hnung. Nu, Khuang Sung. Nu. Phun Zing, Pa. Khua Za Thang တို့၏အစ်ကို၊ Saya. Ngun Khua Zam, Bawi Hlawn Sang, No Men Par. Uan Khaw Lianနှင့် Saw Naiတို့၏ မွေးဖခင်၊ Bawi Lian Thang၏အဘိုး၊ Nu. Sai Vel၏ ချစ်လှစွာသောခင်ပွန်း၊ Pa, Ral Bik(ခ) ဦးတင်သိန်း (Southern Metal Industry Co, Ltd)သည် ၂၃–၁–၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄–၁–၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်နေအောင်ကျော်
အသက်(၂၈)နှစ်
N.C.C. Computer (94)

ရန်ကုန်မြို့၊ (၄၉)လေးလွှာ၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်လေးနေ (ဦးရွှေဝင်း၊မြန်မာ့သစ်လုပ်ငန်း) – ဒေါ်ခိုင်လင်းမြင့်၏သား၊ငယ်၊ ကိုထက်အောင်ကျော် (Adventure Myanmar Travels Tours.) – မမေသရဝဏ်ဦး(Faces Magazine)၏ ညီ၊ မသန္တာဇော် (ဖောင်းဖောင်း)၏ အစ်ကို၊ မောင်ဇေယျာတု (အထက–၆၊ ဗိုလ်တထောင်)၏ ဦးလေး၊ ဒေါ်တင်တင်အေး(အထပြ–ငြိမ်း)၊ ဦးကျော်လှ(မြန်မာ့သစ်လုပ်ငန်း)–ဒေါ်ခင်ဆွေသိန်း၊ ဒေါ်တင်တင်ထွေး (Tin Tin Htwe Consultant)–ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)၊ ဒေါ်တင်တင်မြင့်(Win Enterprise Ltd)၊ ဒေါ်ရီရီမြင့်(Accountant Zar Zar Co., Ltd.)–ဦးတင်လှိုင်၊ ဒေါ်စန်းစန်းနွယ်(Account. Cho Cho Industry) တို့၏ တူသည် ၂၁–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃–၁–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးပဥ္စင်းကြီးဦးဝိလာသ
ဗိုလ်မှူးလှထွန်းလေး(ငြိမ်း)
သေလာဂီရိချောင်၊ စစ်ကိုင်းတောင်ရိုး
သိက္ခာတော်(၃)ဝါ သက်တော်(၇၀)

တောင်ငူမြို့၊ မြို့ကြီးလမ်း၊ အမှတ် (၂၀/၂၆၁)နေ (ဦးဘထွန်း–ဒေါ်လှရွှေ)တို့၏ သား၊ဦးခင်စိုး၏ညီ၊ ဒေါ်အေးမြင့်၏ မောင်၊ ဦးတင်ထွန်း၊ဒေါ်သောင်းမြင့်၊ဒေါ်တင်တင်ဝင်း၊ ဒေါ်ကြူကြူဝင်း၊ (ဦးအုံထွန်း)၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ခင်ဆွေမြင့်၊ ဒေါ်ခင်ဆွေဆင့်၊ ဒေါ်မိုးသူဇာ၊ ဒေါ်မိုးရွှေဝါ၊ ဒေါ်ကြည်ကြည်ထွေးတို့၏ အစ်ကိုသည် ၂၀–၁–၂၀၀၄ (အင်္ဂါနေ့) ည၁၁နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့်၂၂–၁–၂၀၀၄(ကြာသပတေးနေ့)တွင် တောင်ငူမြို့၊ သြရိသာရအနောက်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့၏အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်ဒါယိကာမကြီး

ဒေါ်မြင့်ခင်(ခ)အန်းမကြီး
အသက်(၇၅)နှစ်
ဆက်သွယ်ရေး(ငြိမ်း)
အောင်ကြီးစတိုး(သုဝဏ္ဏ)

ရန်ကုန်မြို့၊(၁၆၅/၁)၊ သံသုမာလမ်း၊ သုဝဏ္ဏမြို့နေ [အင်ဟွာခင်း(ခ) ဦးခင်မောင်ဒီ]၏ဇနီး၊ (ဦးချွန်း–ဒေါ်တိန်)တို့၏သမီး၊ (အင်ဖင့်ကင်း–ဒေါ်ကျင်စိန်)တို့၏သမီးချွေးမ၊ (ဦးတင်ဝင်း)၏ညီမ၊ ဦးအောင်မြင့်–ဒေါ်ခင်ခင်စု၊ (ဦးရင်မောင်)တို့၏အစ်မ၊ ရှိုးကြည့်စံ–ဒေါ်ခင်မာကြည်(ခ)မီးမီး၊ (ဦးကျော်စိုး)–ဒေါ်ခင်မာရီ(ခ)ပဲပဲတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်အောင်စိုးမိုး၊ မောင်ဝေဖြိုးနိုင်၊ မောင်ကျော်စိုးမိုး (ရေကြောင်းသိပ္ပံ)၊ မောင်ကျော်စိုးနောင် (အထက–၂၊ ကမာရွတ်)တို့၏အဘွားသည် ၂၂–၁–၂၀၀၄(ကြာသပတေးနေ့) ည ၁၀:၅၀ နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဇော(ခ) ဦးကျော်သိန်း (၇၁)နှစ်
စား/ထွေမန်နေဂျာ (အငြိမ်းစား)
(မြင်းခြံ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးဘဒင်–ဒေါ်ရွှေညွန့်)တို့၏ သားကြီး၊ ဒေါ်တင်တင်ဦး၊ ဒေါ်ရင်ရင်မြင့်တို့၏ မောင်၊ (ဦးမောင်မောင်ညွန့်)၊ ဗိုလ်မှူးအောင်ချစ် (အငြိမ်းစား)–ဒေါ်ခင်နွဲ့၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း)–ဒေါ်သန်းသန်းစိန်တို့၏ အစ်ကိုကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၄၉)နေ ဒေါ်ခင်မြ၏ ခင်ပွန်း၊ (ဦးမြတ်ဆွေ၊ ဒု/အကောက်ခွန်မှူး)–ဒေါ်စန်းစန်းဝင်း၊ ဦးစန်းကြည်(Lizstar)–ဒေါ်တင်တင်အေး၊ ဦးထွန်းအောင် (ရွှေပင်လယ်ဗီဒီယို)–ဒေါ်စန္ဒာဇော် (အထက–၂၊ တာမွေ)၊ ဦးကျော်ကျော်(၇) (ဒု/အကောက်ခွန်မှူး)–ဒေါ်မိုးမိုးမြင့်(အကောက်ခွန် ဦးစီးဌာန)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၃–၁–၂၀၀၄ရက် ညနေ ၆:၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းဌေး (၃၇)နှစ်
B.Sc.(Maths)
Potentes Co.Ltd.
(သစ်ရာကောက်)(မကွေးမြို့နယ်)

မကွေးမြို့နယ်၊ သစ်ရာကောက်ရွာနေ အဘဦးညီသန့်–အမိဒေါ်လန်း၏ သား၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့၊ သီရိမင်္ဂလာ(၁)လမ်း၊ အမှတ်(၁၃၀)နေ (ဦးချစ်လှ)–ဒေါ်သန္တာနတို့၏ သားသမက်၊ ဦးမောင်ဝင်း၊ ဒေါ်တင်နွဲ့၊ ဦးအောင်ဝင်း၊ ဒေါ်ခင်နွဲ့၊ ဦးကျော်မြင့်၊ ဒေါ်ကြည်မြင့်၊ ဦးဇော်ဝင်း–ဒေါ်အမာရီ၊ ဦးရဲကြည်–ဒေါ်အေးမူ၊ ဦးစိုးမြင့်–ဒေါ်ဝမ်းပုံ၊ (ဦးခင်မောင်ဇင်)–ဒေါ်အေးအေးတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၁၅၈)နေ မြင့်မြင့်စန်း၏ခင်ပွန်း၊ မဖြူယမင်းသန့်၏ဖခင်သည် ၂၃–၁–၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်ပါ၍ ၂၅–၁–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တ သာသန မဟာထေရ်
သိက္ခာတော်(၇၀)၊ သက်တော်(၉၀)
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့(သဲအင်းဂူ) သာသနာ့အောင်ဗိမာန်ကျောင်းတိုက် ဝိဇ္ဇောဒယဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သာသနမဟာထေရ်သည် ၁၃၆၅ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ၂၁–၁–၂၀၀၄၊ (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ၂၇–၁–၂၀၀၄ ၁၃၆၅ခုနှစ် တပို့တွဲလဆန်း၆ရက်(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် သုံးခွမြို့တွင် အန္တိမစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တ ကုမာရနှင့် စျာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ စန္ဒောဘာသ(ရေစကြို/မြိုင်)
သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ နိပဆေးတော၊ ပြည်တော်အေး၊ အောင်ချမ်းသာရွာ၊ ဆုတောင်းပြည့်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ စန္ဒောဘာသ သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၇ရက်)၊ ၂၉–၁၂–၂၀၀၃ရက် ည ၁၂:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂ ရက်)၊ (၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆၊ ၁၇ရက်)များတွင် အန္တိမစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊ ရေစကြိုမြို့နယ်၊ နိပဆေးတောရွာနှင့် မြိုင်မြို့နယ်၊ပြည်တော်အေးရွာ၊အောင်ချမ်းသာရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နတ်မောက်မြို့ မကျီးတောကျောင်းဆရာတော်

ဘဒ္ဒန္တ ဇောတိက မဟာထေရ်
သိက္ခာတော်(၆၆)ဝါ၊သက်တော်(၈၆)နှစ်

မကွေးတိုင်း၊ နတ်မောက်မြို့၊ ကန်ကြီးရပ်၊ ရန်အောင်မြင် မကျည်းတောကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိကမဟာထေရ်သည် ၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်၊ ၁၄–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၄:၅၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော်၁၃–၁၄ရက်၊ ၁၈/၁၉–၂–၂၀၀၄ (ဗုဒ္ဓဟူး၊ ကြာသပတေး)နေ့များတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ။

